www.burmeseclassic.com



BURMESE CLASSIC .com

တက္ကသိုလ်

# ဝင်းကြွယ်

## နှစ်ပါးကောရီ သိုင်းဒေဝီ

ဒုတိယပိုင်း
ဇာတ်သိမ်းပိုင်း၊

လျှံယုစိမ်း၏ မောဂတ်သိရှင်း

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

နှစ်ပါးဘေကရီ သိုင်းဒေဝီ

(ဒု-စာတ်သိမ်း)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## (၈)

မျောက်ကန်းက ချန်မိုအောင်ကို ဝင်တိုက်သည်။

ညာခြေထောက်ဖြင့် ချန်မိုအောင်ကို သိမ်း၍ကန်သည်။

တို့နောက် ဘယ်လက်ဝါးက လှုပ်ရှားရိုက်ချသည်။

တစ်ချိန်တည်းမှာပင် ညာဘက်ဆန့်ထွက်လာကာ ချန်မို အောင်၏မျက်လုံးနှစ်ဖက်ကို လက်ညှိုးနှင့်လက်ခလယ်တို့က ထိုး နှိုက်လာသည်။

လှုပ်ရှားပုံသွက်သည်။

တိုက်ကွက်တွေက ကြမ်းတမ်းရက်စက်သည်။

ချန်မိုအောင် တုံ့နှေးချွတ်ချော်သည်နှင့် မျက်လုံးများ ထိုး ဖောက်ခံရတော့မည့်အခြေအနေဖြစ်သည်။

မျောက်ကန်း၏ကြောက်စရာကောင်းသော တိုက်ခိုက်မှုကို ချန်မိုအောင်က အေးဆေးတည်ငြိမ်စွာ ရှောင်တိမ်းသည်။

ညာခြေကို နောက်သို့ ခပ်ကျဲကျဲလှမ်းဆုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အပေါ်ပိုင်းက ဘယ်ဘက်သို့ ခပ်စောင်းစောင်းလေး ယိမ်းသည်။

မျောက်ကန်း၏ညာလက်ချောင်းများက ဦးတည်ပစ်မှတ်သို့ မရောက်တော့။

လွဲချော်ထွက်သည်။

ရှောင်အထွက်တွင် ချန်မိုအောင်၏ညာလက်ဝါးရိုက်ချက်က မျောက်ကန်း၏လက်ဝဲရင်ဘက်သို့ ရိုက်ချလာသည်။

ခွန်လွန်ဂိုဏ်း၏လေလှိုင်းလက်ဝါးသိုင်းကို ထုတ်သုံးကာ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

လေလှိုင်းလက်ဝါးသိုင်းနှင့် ရင်ဆိုင်ရကြောင်း သိသည်နှင့် မျောက်ကန်းကလည်း ပေါ့ပေါ့ဆဆမလုပ်။

မိမိကို ကောင်းကောင်းအန္တရာယ်ပေးနိုင်သည့် လက်ဝါးရိုက်ချက်ဟုလည်း နားလည်သည်။

မျောက်ကန်းသည် ဆင့်ကဲတိုက်ကွက် မဆင်တော့။

ကိုယ်ရှိန်ကိုသတ်ကာ ကမန်းကတန်း နောက်ဆုတ်ရှောင်သည်။

ထိုသို့ရှောင်အထွက်တွင် ချန်မိုအောင်၏လေလှိုင်းလက်ဝါးသိုင်းရိုက်ချက်ကလည်း ဦးတည်လမ်းကြောင်း ရုတ်ခြည်းပြောင်း၏။



မျောက်ကန်း ရှောင်ထွက်ရာနောက်သို့ လက်ဝါးရိုက်ချက် လမ်းကြောင်းပြောင်းကာ လိုက်၍လာသည်။

မျောက်ကန်း အတော်ထိတ်ထိတ်ပျာပျာဖြစ်၏။

ဦးတည်လမ်းကြောင်းပြောင်းလာသော ချန်မိုအောင်၏ လက်ဝါးရိုက်ချက်ကို ကမန်းကတန်းရှောင်တိမ်းရင်း တန့်ပြန်လက်ဝါး ရိုက်ချက်တစ်ချက် ချန်မိုအောင်၏ဘယ်ဘက်နံစောင်းကို ဖြတ်ရိုက်ချသည်။

ချန်မိုအောင်၏လှုပ်ရှားမှုရော မျောက်ကန်း၏တန်ပြန်ရိုက်ချက်တို့ပါ နှစ်ခုလုံးသည် လျှင်မြန်လှသည်။ ရိုးခနဲ ရိပ်ခနဲ လှုပ်ရှားမှုများကိုသာ မပီဝါးတဝါးမြင်ရသည်။

"ဖုန်း"

လက်ဝါးရိုက်ချက် ထိသွားသည့်အသံ ပေါ်လာသည်။

"အား"

နာကျင်မှုကြောင့် အော်ဟစ်ညည်းတွားသံလည်း ဆက်၍ ပေါ်လာသည်။

ရင်ဆိုင်တိုက်ခိုက်နေကြသူနှစ်ယောက်တို့၏လှုပ်ရှားမှုများ အရမ်းလျှင်မြန်လှသောကြောင့် မည်သူ့ကို လက်ဝါးရိုက်ချက် ထိ သွားကြောင်းကို ကျန်လူတွေ ရုတ်တရက် မသိနိုင်ကြ။

www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်သံမှာလည်း မည်သူ၏အသံဖြစ်သည်ကို ခွဲခြားရန် ခက်နေကြသည်။

အနိုင်အရှုံးအခြေအနေ သိလိုဇောဖြင့် မောက်အော့၊ နိုင်မိုတင်နှင့် ဝမ်ဝင်းအေးတို့သုံးယောက်လုံး ရူးစိုက်ကြည့်နေကြသည်။

ချန်မိုးအောင်နှင့် မျောက်ကန်းတို့နှစ်ယောက်တို့၏လှုပ်ရှားတိုက်ခိုက်နေမှုများသည် တိခနဲဖြတ်ချလိုက်သလို ရပ်တန့်သည်။

ချန်မိုအောင်နှင့်မျောက်ကန်းတို့သည် အလွန်နီးကပ်စွာဖြင့် ကျောက်ရုပ်နှစ်ရုပ်လို ငြိမ်သက်စွာ ရပ်နေကြသည်။

တစ်ယောက်ကိုတစ်ယောက် အားမာန်ပြင်းသော မျက်လုံးများဖြင့် ရူးရူးစိုက်စိုက်ပင် ကြည့်ရှုနေကြသည်။

သိုင်းကွက်လှုပ်ရှားတိုက်ခိုက်မှု ရပ်တန့်သွားသော်လည်း မျက်လုံးချင်း ဆက်လက်အားပြိုင်နေကြသည့်အသွင်မျိုး။

ထို့နောက် ...

တစ်ခဏအတွင်းမှာ မျောက်ကန်း၏မျက်လုံးများမှ အားမာန်တွေ ပပျောက်သည်။

အရောင်ကင်းသွားသည်။

မျောက်ကန်းသည် မျက်ဖြူတစ်ချက်လန်ကာ ပုံလျက်သားလဲသည်။



အနိုင်အရှုံးအဖြေသည် ပြတ်သားစွာပင် ပေါ်လွင်ခဲ့လေပြီ။

ချန်မိုအောင်က လဲကျသွားသော မျောက်ကန်း၏ဘေးတွင် ဒူးထောက်ထိုင်ချကာ သွေးကြောကွက်နေရာအချို့ကို လျင်မြန်စွာ ထိုးနှိပ်လိုက်သည်။

"ခဏလောက် သတိလစ်သွားတာပါ၊ သုံးလေးရက်လောက် အနားယူလိုက်ရင် အားလုံး ပုံမှန်ပြန်ဖြစ်သွားပါလိမ့်မယ်"

အကြောများ ထိုးနှိပ်ပေးပြီးနောက် ချန်မိုအောင်က ပြောသည်။

ထိုစကားတို့သည် မျောက်ကန်းကို ပြောခြင်းဖြစ်သော်လည်း မောက်အော့၊ နိုင်မိုတင်နှင့်ဝမ်ဝင်းအေးတို့လည်း ရည်ရွယ်သည်။

သူတို့သုံးယောက်လုံး ချန်မိုအောင် သိုင်းပညာစွမ်းရည်တို့သာမက မြင့်မြတ်ကောင်းမွန်သော စိတ်နေစိတ်ထားကို ငါ အကဲခတ်နိုင်လိုက်ကြသည်။

✲

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာကြောင့် ဒီမိန်းကလေးဘက်က ကူညီကာကွယ်ပေးရတာလဲ"

ချန်မိုအောင်၏အကြောထိုးနှိပ်ကုသပေးမှုကြောင့် မျောက်ကန်း ပြန်သတိရလာပြီးသောအခါ မောက်အော့က မေးခွန်းထုတ်သည်။

"ဝါစ်ဖက်သတ်အမြင်နဲ့ အမှားမလုပ်မိရအောင် ဝင်ဟန့်တားပေးတဲ့သဘောပါပဲ"

"မင်းက ငါ့ကို အမှားလုပ်တယ်လို့ ဆိုလိုတာလား"

"ကျွန်တော် မလုပ်ရဲဘူး အစ်ကို၊ ဒါပေမဲ့ ... ဒီမိန်းကလေးဟာ သရဲအရိပ်ဓားသိုင်းပညာကို တတ်မြောက်ပြီးခါစလေးပါ၊ ပိုင်နိုင်ကျွမ်းကျင်အောင် အတော်လေ့ကျင့်နေရတဲ့ အခြေအနေမှာပဲ ရှိပါတယ်၊ လက်တွေ့တိုက်ခိုက်မှုလည်း တစ်ခါမှ မလုပ်ရသေးပါဘူး၊ အဲဒါကို အစ်ကိုတို့ သုံးယောက်က ဝိုင်းပြီး စွပ်စွဲရန်ပြုကြတာကတော့ အင်း ... မသင့်လျော်ဘူးလို့ ထင်ပါတယ်"

မောက်အော့ အတော်ပင် လိပ်ပြာမလုံ ဖြစ်သွားရသည်။

သူသည် ခွန်လွန်ဂိုဏ်း၏လက်ရွေးစင်သိုင်းသမားကြီးတစ်ယောက်ဖြစ်လျက်နှင့် ငယ်ရွယ်သူမိန်းကလေးတစ်ယောက်ကို လူအင်အားသုံးကာ ဝိုင်း၍ တိုက်ခိုက်မှုအား ပီပြင်အောင် ထောက်ပြသလို



ဖြစ်နေသည်။

မောက်အော့သည် သရဲအရိပ်ဓားဒေဝီများကို မိန်းမရိုင်းများအဖြစ် သတ်မှတ်ကာ မျိုးဆက်ပြတ်သွားအောင် ချေမှုန်းပစ်လိုသည့်စိတ်ဆန္ဒရှိသော်လည်း ဒီအလုပ်သည် လမ်းမှန်ကမ်းမှန် တရားနည်းလမ်းကျသော အလုပ်မဟုတ်ကြောင်းကိုတော့ နားလည်သည်။

ထို့ကြောင့်လည်း ပြောင်အတိအလင်း ဆောင်ရွက်ခြင်းမပြုဘဲ လျှို့ဝှက်စွာသာ လှုပ်ရှားနေခဲ့သည်။

ဤလျှို့ဝှက်ချက်ကို ချန်မိုအောင် တွေ့သိသွားခဲ့ရာ မောက်အော့မှာ အတော်ကို အနေကျပ်နေသည်။

အလုပ်ရခက်နေသည်။

"မိန်းကလေး ... မင်းရဲ့အရင်က သရဲအရိပ်ဓားဒေဝီ အစဉ်အဆက်ဟာ ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်ကြတာကြောင့် မိန်းမရိုင်းတွေလို့ အမြင်ရှိနေကြတယ်၊ မင်းသာ သရဲအရိပ်ဓားဒေဝီအဖြစ် ဆက်ခံမယ်ဆိုရင် ရက်စက်ကြမ်းတမ်းတဲ့ တိုက်ခိုက်သတ်ဖြတ်မှုတွေကို ဆင်ခြင်ထိန်းသိမ်းဖို့ ငါ အကြံပေး မေတ္တာရပ်ခံချင်တယ်၊ မင်းရှေ့က သရဲအရိပ်ဓားဒေဝီ အစဉ်အဆက်လိုမျိုး လှုပ်ရှားတိုက်ခိုက်မယ်ဆိုရင်တော့ ငါ့အနေနဲ့ လက်ပိုက်ကြည့်မနေနိုင်ဘူး၊ မင်းကို ဟန့်တားချေမှုန်းရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မောက်အော့က ဝမ်ဝင်းအေးကို ပြောသည်။

ထို့နောက် မောက်အော့သည် နှုတ်ဆက်စကားပင်မဆိုဘဲ ချာခနဲလှည့်ကာ ခြေသံပြင်းပြင်းနှင့် ထွက်သွားလေသည်။

ခိုင်မိုတင်သည် မောက်အော့လို နာမည်ရ သိုင်းသမားတစ်ယောက် မဟုတ်သလို မျောက်ကန်းကဲ့သို့လည်း သိုင်းလောကအမှောင်နယ်မှ လူတစ်ယောက်မဟုတ်ပေ။

အမှားအယွင်းများ လုပ်မိခဲ့မှုတို့ကြောင့် နာမည်ပျက်တော့ ရှိထားသည်။

သိုင်းသမားအများစုက မိန်းမရိုင်းများအဖြစ် သတ်မှတ်ထားကြသည့် သရဲအရိပ်ဓားဒေဝီမျိုးဆက်ကို ပပျောက်သွားအောင် စွမ်းဆောင်၍ မိမိ၏နာမည်ကို ပြန်ဆယ်ရန်လည်း အကြံကြီးကြံထားသည်။

ယခု မောက်အော့ကိုယ်တိုင်က ရှောင်ထွက်သွားလေရာ ခိုင်မိုတင်လည်း တစ်ယောက်လည်း လူစွာမလုပ်ရဲတော့။

"ခင်ဗျားပြောတာလည်း နည်းလမ်းကျပါတယ် ချန်မိုအောင်၊ သရဲအရိပ်ဓားဒေဝီမျိုးဆက်တွေ အရင်ကလို ရမ်းကားတိုက်ခိုက်တာမဖြစ်ရအောင် ခင်ဗျားအနေနဲ့ အတတ်နိုင်ဆုံး ထိန်းသိမ်းပေးမယ်ဆိုရင် အခုလိုကိစ္စမျိုး နောင်ဖြစ်လာတော့မှာမဟုတ်ဘူး၊



နှုတ်ဆက်ပါတယ်"

ခိုင်မိုတင်က လူတွင်ကျယ်လုပ်တော့ ချန်မိုအောင်ကို အကြံပေးသလိုလို၊ ဆုံးမသလိုလို ပြောကာ မျောက်ကန်းကို တွဲခေါ်၍ ထွက်သွားလေတော့၏။

"သမီးကို ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဦး"

ဝမ်ဝင်းအေးက ချန်မိုအောင်ကို ကျေးဇူးတင်စကား ပြောသည်။

"သမီးက ဦးရဲ့ကျေးဇူးရှင် မိတ်ဆွေမလေးပဲ၊ သမီးမှာ အခက်အခဲတွေ့နေရရင် ကူညီပေးရမှာပေါ့"

"ဘယ်လို ... သမီးက ဦးရဲ့ကျေးဇူးရှင် မိတ်ဆွေလေး ဟုတ်လား"

ဝမ်ဝင်းအေးက မျက်မှောင်လေး မသိမသာ ကြုတ်ကာ ပြန်မေးသည်။

"ဟုတ်တယ်လေ၊ စင့်ကျောက်မြောင်ကို ဦးပြောင်းလာတုန်း

www.burmeseclassic.com

www.burmeseclassic.com



က ဦးရဲ့ဘဝတစ်သက်တာမှာ မကြုံဖူးအောင် စိတ်ပျက်အားလျှော့နေတာ၊ ထိခိုက်နာကျင်နေတာ၊ ဘာကိုမှလည်း မလုပ်ချင်တော့ဘူး၊ သမီးနဲ့ တွေ့ဆုံခင်မင်ခဲ့ရပြီးတော့မှ သမီးကြောင့် ပန်းချီကားတွေ ပြန်ဆွဲဖြစ်တယ်၊ ဒီလိုနဲ့ တဖြည်းဖြည်း စိတ်ပျက်ထိခိုက် နာကျင်တာတွေ အတော်ကို သက်သာသွားခဲ့တာ၊ သမီးဟာ ဦးရဲ့ကျေးဇူးရှင် မိတ်ဆွေမလေး တစ်ယောက်ပါပဲ”

လီဝမ်ချိန်း၏ မှာကြားသွားခဲ့ချက်ကြောင့် ချန်မိုအောင်သည် ဝမ်ဝင်းအေးကို ကူညီပေးရန် အသင့်ရှိနေခဲ့သည်။

ဝမ်ဝင်းအေး၏ကျေးဇူးကြောင့် မိမိ၏ဘဝ ပြန်လည်၍ တည်ငြိမ်လာခဲ့မှုက ချန်မိုအောင်၏ကူညီလုပ်ဆောင်ပေးမှုများတွင် စေတနာ မေတ္တာတွေ ပို၍ပါရှိသွားစေသည်။

ဝမ်ဝင်းအေးက ဘာမျှပြန်မပြောပေ။

အပြုံးပန်းလေးနှင့် ချိုသာကြည်လင်နေသော ဝမ်ဝင်းအေး၏မျက်နှာပေါ်တွင် ကြည်နူးမှုအရိပ်လေးများကိုတော့ ချန်မိုအောင် အကဲခတ်မိသည်။

“ကဲ ... သမီးလျှောက်ချင်ချင်ရင် ဆက်ပြီး လျှောက်၊ ဦးသွားတော့မယ်”

ချန်မိုအောင်က နှုတ်ဆက်သည်။



“ဒီညတော့ တော်ပြီဦး၊ သမီးလည်း ပြန်တော့မယ်”

ဝမ်ဝင်းအေးက လှစ်ခနဲ ပြေးထွက်သွားမည်ပြုသည်။

ပြီးမှ ကိုယ်ရှိန်ကို အသာသတ်ကာ ချန်မိုအောင်ကို တစ်စုံတစ်ရာပြောမည့်အသွင်မျိုးဖြင့် ကြည့်သည်။

“ဒီနေ့ည ဖြစ်ပျက်ခဲ့တာတွေနဲ့ သမီး ဘယ်သူလဲဆိုတာကို လျှို့ဝှက်ထားဖို့ ပြောမလို့လား”

ဝမ်ဝင်းအေး၏စိတ်ထဲတွင် ဘယ်လိုစကားမျိုး ပြောဖို့ ရှိနေသည်ကို အကဲခတ်မိသော ချန်မိုအောင်က မေးလိုက်သည်။

“ဟုတ်”

ဝမ်ဝင်းအေးက ပြုံး၍ ခေါင်းလေးညိတ်သည်။

ဝမ်ဝင်းအေး၏ ထိုအပြုံးလေးမှာ ကလေးငယ်တစ်ယောက်၏အပြုံးကို အပြစ်ကင်းစင်ပြီး ချစ်စရာကောင်းသည်။

“ပြီးတော့လေ ... သမီးကို လိုင်ယက်လိုက်စာဖတ်ခန်းက စာအုပ်တွေ ရှာပေးငှားပေးတဲ့ မိန်းကလေးတစ်ယောက်အဖြစ်ပဲ အရင်ကလို ခင်မင်ပါနော် ဦး”

ဝမ်ဝင်းအေးက ပြောသည်။

“ရပါတယ်ကွာ”

“သွားမယ်နော်ဦး”

www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး"

ဝမ်ဝင်းအေးက အပြေးလေး ထွက်သွားသည်။

ကိုယ်ဖော့ပညာ အတော်ကောင်းသည်။

တစ်ခဏအတွင်းမှာပင် အဝေးသို့ရောက်၍ ချန်မိုအောင်၏ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ချန်မိုအောင်သည် သူနေထိုင်ရာ တဲအိမ်လေးသို့ မပြန်ဖြစ်သေး။

အနီးရှိ သစ်မြစ်ဆုံတစ်ခုပေါ်တွင်ထိုင်ကာ သရဲအရိပ်ဓား ဒေဝီအဖြစ် လီဝမ်ချိန်း၏မျိုးဆက်အား ဆက်ခံခဲ့လေသူ ဝမ်ဝင်းအေး အား ရက်စက်စွာ တိုက်ခိုက်သတ်ဖြတ်သော မိန်းမရိုင်းလေးအဖြစ် သိုင်းသမားအများစုက သတ်မှတ်ခြင်းပြုသည့် အခြေအနေမျိုး မရောက်စေဘဲ မတရားမှုများကို နည်းလမ်းမှန်ကန်စွာ သိုင်းလောက စည်းကမ်းဘောင်အတွင်းမှ တိုက်ခိုက်ဖယ်ရှားသည့် သိုင်းပညာ ကောင်းတစ်ယောက်ဖြစ်ရန် မည်သို့လုပ်ရလျှင် ကောင်းမည်နည်းဟု အကြံထုတ် စဉ်းစားနေမိလေသည်။

ဝမ်ဝင်းအေးကို လီဝမ်ချိန်း၏မျိုးဆက်အမွေဆက်ခံသူ အဖြစ် သိမှတ်ကာ ခင်မင်စိတ် အခြေခံရှိနေမှုတွင် မိမိ၏ထိခိုက်နာ ကျင် စိတ်ပျက်နေမှုကို လျှော့ပါးစေကာ ပြန်လည်တက်ကြွရှင်သန်



အောင် လုပ်ဆောင်ပေးခဲ့သော ကျေးဇူးရှင် မိတ်ဆွေမလေးအဖြစ် သံယောဇဉ်နှင့် မေတ္တာစေတနာတို့ ထပ်ဆောင်းနေသည်မို့ ဝမ်ဝင်း အေး၏ဘဝ ဖြောင့်ဖြူးသာယာ ပျော်ရွှင်ချမ်းမြေ့စေလိုသော ဆန္ဒ ချန်မိုအောင်တွင် အပြည့်အဝ ရှိနေပါသည်။

❋

လိုင်ယက်လိုက်စာဖတ်ခန်းသို့ ချန်မိုအောင်သွားမြဲတိုင်း သွားရောက်နေသည်။

သတိပေးထားခဲ့သည့်အတိုင်း ဝမ်ဝင်းအေးနှင့် ပတ်သက် သည့် လျှို့ဝှက်ချက်များကို နှုတ်လုံစွာ စောင့်ထိန်းသည်။

လိုင်ယက်လိုက်စာဖတ်ခန်းတွင် ခါတိုင်းလို ပုံမှန်ဆက်ဆံ ပြောဆိုသည်။

ချန်မိုအောင်နှင့်ဝမ်ဝင်းအေးတို့၏ခင်မင်မှုကတော့ ပို၍ခိုင် မြဲရင်းနှီးလာကြသည်။

ဝမ်ဝင်းအေးက စာအုပ်ကောင်းများ ရှာပေးသည်။

စာအုပ်များကို စာဖတ်ခန်းတွင်ဖတ်ရန်သာမဟုတ် အိမ်သို့

www.burmeseclassic.com

www.burmeseclassic.com



ပါ ဖွားယူသွားနိုင်ရန်လည်း ဝမ်ဝင်းအေးက စိတ်စေတနာအပြည့်ဖြင့် ကူညီပေးသည်။

ချန်မိုအောင်ကလည်း ဝမ်ဝင်းအေး သရဲအရိပ်ဓားဒေဝီသို့ ပညာလျှို့ဝှက်စွာ လေ့ကျင့်သည့်နေရာအနီးတွင် တိတ်တဆိတ် ပုန်းအောင်းကာ အနှောင့်အယှက်များပေါ်လာပါက ဟန့်တားပေးနိုင်ရန် စောင့်နေပေးသည်။

ချန်မိုအောင်၏တိတ်တဆိတ်လှုပ်ရှားမှုကို ဝမ်ဝင်းအေးက သိသည်။

ရိပ်မိသည်။

သို့သော် ... မိမိအပေး စေတနာမှန်နှင့် ကူညီကာကွယ်စောင့်ရှောက်ပေးရန် ဖြစ်ကြောင်း နားလည်သည့်အတွက် အသာပင် မသိကျိုးကျွန်ပြုနေသည်။

သိုင်းလေ့ကျင့်နေသော ဝမ်ဝင်းအေးကို မလှမ်းမကမ်းမှ စောင့်ရှောက်ပေးနေသော်လည်း ဝမ်ဝင်းအေး၏သိုင်းပညာမှာ လေ့ကျင့်ရပေဦးမည်။

❋



အသေလုပ်လာသည့် ဓားခုတ်ချက်မို့ ကျိုးယောင် အရှမ်းကို လန့်သွားသည်။

မကြားဝံ့မနာသာ ယုတ်ယုတ်မာမာပြောနေသောပါးစပ်လည်း ချက်ချင်းပိတ်သည်။

ခေါင်းနှင့်ကိုယ် အိုးစားမကွဲဘဲ သေဘေးမှ သီသီလေးကပ်ကာလွတ်ခဲ့ရသည့်တိုင် ကျိုးယောင်မှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်နေသည်။

ကျန်နှစ်ယောက်လည်း အသံတိတ်ကုန်ကြသည်။

"တောက် ... ဘာလို့ဝင်ဟန့်တားရတာလဲ ဦး၊ ဒီလူတွေ ဘယ်လောက်ယုတ်မာစုတ်ပဲ့ကြတယ်ဆိုတာ ဦးလည်း သိမှာပေါ့"

ဝမ်ဝင်းအေး မကျေမနပ်ပြောသည်။

လူကို မမြင်ရသေးသော်လည်း လက်ပစ်မြားတိုလေးနှင့်လှမ်းပစ်ကာ မိမိဓားချက် တိမ်းစောင်းထွက်သွားအောင် ဟန့်တားလိုက်သူမှာ ချန်မိုအောင်ဖြစ်ကြောင်းကိုလည်း ဝမ်ဝင်းအေး အတပ်သိသည်။

ချန်မိုအောင်သည် ဝမ်ဝင်းအေး၏နောက်မှ တိတ်တဆိတ် လိုက်ပါလာခဲ့ရာ ကျိုးယောင်တို့သုံးယောက်နှင့် ရင်ဆိုင်ကြသည်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း တွေ့သည်။

ကျိုယောင်တို့သည် ဝမ်ဝင်းအေးနှင့် ပြိုင်ဘက်မဟုတ်ကြောင်း အကဲခတ်မိသော်လည်း မမျှော်လင့်သော အခြေအနေတို့ဖြစ်ပေါ်လာလျှင် ဝမ်ဝင်းအေးအား ကူညီကာကွယ်ပေးနိုင်ရန် လက်ပစ်မြားတိုလေးကို အသင့်ကိုင်လျက် စောင့်ကြည့်နေခဲ့သည်။

ဝမ်ဝင်းအေးက ရှက်ဒေါသစိတ်ဖြင့် ကျိုယောင်ကို အသေခုတ်ချသည်တွင် ချန်မိုအောင်က အချိန်မီ ဝင်ဟန့်တားလိုက်ခြင်းဖြစ်သည်။

"သူတို့ ရမ်းကားယုတ်မာကြတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီအတွက် သူတို့ကို အသေသတ်ပစ်လောက်အောင်တော့ မရက်စက်သင့်ဘူး၊ သမီး လက်လွန်ခြေလွန်မဖြစ်ရအောင် ဦးက ဝင်ဟန့်တားလိုက်ရတာပါ"

ချန်မိုအောင်သည် ပုန်းအောင်းစောင့်ကြည့်နေရာမှ လျှောက်လှမ်းထွက်လာပြီး ပြောသည်။

"မင်းတို့သုံးယောက် သူ့ကို မတောင်းပန်ကြသေးဘူးလား"

ချန်မိုအောင်က ကျိုယောင်တို့ကိုလည်း တစ်ဆက်တည်း လှမ်းပြောသည်။

"တောင်းပန်ပါတယ် ... တောင်းပန်ပါတယ်"



"ကျွန်တော်တို့ ရမ်းကားမိပါတယ်"

"ကျွန်တော်တို့ကို ချမ်းသာပေးပါ"

အသက်ဘေးနှင့် ကြုံနေရသည်မို့ ကျိုယောင်တို့ သုံးယောက်သည် ဒဏ်ရာတွေကိုယ်စီရနေသည့်ကြားကပင် ပျာပျာသလဲ ဒူးထောက်ကာ ဦးညွတ်လျက် တောင်းပန်အသနားခံကြသည်။

ဝမ်ဝင်းအေးကတော့ ဒီသုံးယောက်လုံးကို ခုတ်စဉ်းစင်းပစ်ချင်သည်။

သို့သော် ချန်မိုအောင် ဝင်ရောက်ဟန့်တားမှုကိုလည်း ကလန်ကဆန် မလုပ်ချင်သောကြောင့် ဒေါသစိတ်ကို ချုပ်တည်းသည်။

"အလကား လူဆိုးလူညံ့တွေ၊ ထွီ ... ထွီ ... ထွီ"

ဝမ်ဝင်းအေးသည် ကျိုယောင်တို့ကို တံတွေးနှင့်ထွေးပြီး ခြေထောက်နှင့်လည်း ကန်ပစ်သည်။

သုံးယောက်လုံး လိမ့်ထွက်သွားကြသည်။

အသေသတ်ပစ်ချင်လောက်အောင်ဖြစ်သောဒေါသကို ဖွင့်ထုတ်လိုက်မှုဖြစ်ကြောင်း နားလည်သည့်အတွက် ဝမ်ဝင်းအေး၏ထိုအပြုအမူကိုတော့ ချန်မိုအောင်က အသာပင် ကြည့်နေလိုက်သည်။

"လာသမီး ... သူတို့ကို အရေးမလုပ်နဲ့တော့၊ ဒီအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပစ်သာထားခဲ့၊ သွားစရာရှိတာသာ ဆက်သွား”

ချန်မိုအောင်သည် ဝမ်ဝင်းအေး၏ဘယ်လက်မောင်း အိုးလေးကို အသာကိုင်ကာ ဆွဲခေါ်သွားသည်။

ကျိုယောင်တို့နှင့် လူခွဲထုတ်လိုက်သည့်သဘောဖြစ်သည်။

ချန်မိုအောင်၏ဆွဲခေါ်မှုတွင် ဂရုတစိုက်ရှိသည့် စေတနာများ ပါနေသောကြောင့် ဝမ်ဝင်းအေး၏စိတ်ထဲတွင် ကြည်နူးသလိုလိုဖြစ်သည်။

ချန်မိုအောင်ဆွဲခေါ်ရာသို့ အသာတကြည်ပင် လိုက်ပါလာခဲ့လေသည်။

*

ဝမ်ဝင်းအေး ခရီးဆက်ခဲ့သည်။

ချန်မိုအောင်လည်း နောက်မှလိုက်ပါလာခဲ့သည်။

တိတ်တဆိတ်လိုက်ပါခြင်းမျိုး မဟုတ်တော့။ ပြောင်ပြောင်တင်းတင်းပင် လိုက်ပါခြင်းဖြစ်သည်။

ခရီးလမ်းတွင် လမ်းဓားပြတစ်စုက လုယက်တိုက်ခိုက်ရန်



ကြံသည်ကို ကြုံရသေးသည်။

ချန်မိုအောင်က ဝမ်ဝင်းအေးထက် လက်ဦးအောင် သိုင်းပညာစွမ်းပြလိုက်ရာ လမ်းဓားပြများ ကြောက်လန့်တကြား ထွက်ပြေးကုန်ကြလေတော့သည်။

ဆိုးသွမ်းသောင်းကျန်းနေသော လမ်းဓားပြများကို ပြင်းပြင်းထန်ထန် နှိပ်ကွပ်တိုက်ခိုက်ခြင်းမပြုဘဲ ထွက်ပြေးခွင့်ပေးလိုက်မှုအတွက် ဝမ်ဝင်းအေးက ဓောဒကစကားဆိုသေးသည်။

မိမိသာဆိုလျှင် တစ်ယောက်မျှ ထွက်မပြေးနိုင်ဟုလည်း ပြောရာ ချန်မိုအောင်က အငြင်းမပွားဘဲ ခတ်မဆိတ်သာ နေလိုက်သည်။

ထိုနောက်တွင်တော့ အသေးအဖွဲ နှောင့်ယှက်မှုလေးများမှအပ ဘာမျှမတွေ့ရဘဲ ရှိနေခဲ့ပြီးနောက် တစ်နေ့တွင်တော့ သိုင်းသမားကြီးတစ်ယောက်၏ တားဆီးလာမှုကို ကြုံကြရလေတော့သည်။

ထိုသိုင်းသမားကြီးမှာ ဝူတန်ဂိုဏ်းမှ သိမ်းညိုဓားသမား ယန်စစ်ပိုင်ဖြစ်သည်။

သိမ်းညိုဓား ယန်စစ်ပိုင်နှင့်ချန်မိုအောင်တို့မှာ မျက်နှာစိမ်းများ မဟုတ်ကြပါ။

လွန်ခဲ့သည့် ၁၆-နှစ်ကျော်ကျော်က ယိုဝမ်ဖျိုန်း[illegible]တိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုက်သုတ်သင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ယန်စစ်ပိုင်က သိုင်းပညာယှဉ်ပြိုင်ရန် ချိန်းဆိုခေါ်ခဲ့ရာတွင် ချန်မိုအောင်လည်း ခရီးကြုံကာ ရောက်ရှိသွားလျက် ဆုံဖူးတွေ့ဖူးခဲ့ကြသည်။

သိမ်းညိုဓား ယန်စစ်ပိုင်သည် သရဲအရိပ်ဓား မျိုးဆက်ကို ဆိတ်သုဉ်းပျောက်သွားအောင် တစ်ကိုယ်တော် ကြံစည်လုပ်ဆောင်နေကြောင်းကိုလည်း ချန်မိုအောင်က သိသည်။

ယခု ဝမ်ဝင်းအေးသွားမည့်လမ်းတွင် ယန်စစ်ပိုင် တားဆီးလာမှုသည် လွန်ခဲ့သော ၁၆–နှစ်ကျော်ကျော်က လီဝမ်ချိန်းကို ဟန့်တားခဲ့သည့် သဘောရည်ရွယ်ချက်နှင့် အတူတူပင်ဖြစ်မည်ဟုလည်း တွေးမိသည်။

"ကျုပ်က ဂူတန်ဂိုဏ်း တတိယဝါစဉ်တပည့် သိမ်းညိုဓား ယန်စစ်ပိုင်ပါ၊ ဆယ်ဆက်မြောက် သရဲအရိပ်ဓားဒေဝီ လီဝမ်ချိန်းကို ရှုံးခဲ့ဖူးပါတယ်၊ မိန်းကလေး ဆယ့်တစ်ဆက်မြောက် သရဲအရိပ်ဓားဒေဝီအဖြစ် လီဝမ်ချိန်းရဲ့မျိုးဆက်အမွေကို ဆက်ခံထားတာဆိုတော့ လီဝမ်ချိန်းကို ရှုံးနိမ့်ခဲ့ရမှုအတွက် ကျုပ်က တစ်ပွဲတစ်လမ်းလောက် သိုင်းပညာယှဉ်ပြိုင်ချင်ပါတယ်"

ယန်စစ်ပိုင်က ဘယ်ဘက်ကွင် ကိုင်ထားသော သိမ်းညိုဓား လက်ကိုင်ပေါ်သို့ ညာလက်ဝါးအုပ်တင်ကာ ရင်ဘတ်ရှေ့တွင် အသာ



ပင့်မြှောက် ဂါရဝပြုလျက် ပြောသည်။

သရဲအရိပ်ဓားသိုင်းကို ကောင်းစွာပိုင်နိုင်ကျွမ်းကျင်ကာ လက်တွေ့တိုက်ပွဲများ အတွေ့အကြုံလည်း အများအပြားရှိခဲ့သော လီဝမ်ချိန်းကိုယ်တိုင်ပင် ယန်စစ်ပိုင်နှင့် အကြိတ်အနယ် တိုက်ခိုက်ခဲ့ရသည်ကို လွန်ခဲ့သည့် ၁၆–နှစ်ကျော်ကျော်က ချန်မိုအောင် ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့သည်။

ယခုအခါတွင် သိမ်းညိုဓား ယန်စစ်ပိုင်သည် အသက်အရွယ်လည်း ကြီးရင့်လာသည်နှင့်အမျှ သိုင်းပညာစွမ်းရည်သည် လွန်ခဲ့သည့် ၁၆–နှစ်ကျော်ကထက် များစွာသာလွန်မြင့်မားနေမည်မှာ သံသယဖြစ်စရာမလိုပေ။

ဝမ်ဝင်းအေးကတော့ သရဲအရိပ်ဓားသိုင်းပညာ တတ်မြောက်ပြီးကာစ ပိုင်နိုင်ကျွမ်းကျင်အောင် လေ့ကျင့်နေရဆဲဖြစ်သည်။

တိုက်ပွဲအတွေ့အကြုံလည်း မရှိသလောက်ကို နည်းသည်။ အသက်ငယ်ရွယ်နုပျိုသော သိုင်းကညာပေါက်စလေးမျှသာ ဖြစ်သည်။

ဝမ်ဝင်းအေးအနေဖြင့် ယန်စစ်ပိုင်ကို ယှဉ်နိုင်မည်မဟုတ်ဟု ချန်မိုအောင် တွေးပူပန်မိသည်။

ဝမ်ဝင်းအေးကိုယ်စား မိမိက ယန်စစ်ပိုင်နှင့် ယှဉ်ပြိုင်သည်

www.burmeseclassic.com

www.burmeseclassic.com



ဟုပင် စိတ်ကူးမိသည်။

သို့သော် ...

ယန်စစ်ပိုင်က သိုင်းလောက၏အစဉ်အလာ စည်းကမ်းများနှင့် ပြည့်စုံစွာ နည်းလမ်းကျကျဖြင့် ဝမ်ဝင်းအေး သိုင်းပညာအမွေဆက်ခံခဲ့သူ လီဝမ်ချိန်းကို ရှုံးနိမ့်မှုကိုပင် ထုတ်ဖော်ဝန်ခံလျက်စိန်ခေါ်လာရာ ချန်မိုအောင်နေဖြင့် ဝမ်ဝင်းအေးကိုယ်စား ယှဉ်ပြိုင်ရန် မဆိုထားဘိ ဝမ်ဝင်းအေးကို အကူအညီပေးဖို့ပင် အလွန်ခက်ခဲ၍ နေသည်။

ယန်စစ်ပိုင်သည် သိုင်းပညာ ယှဉ်ပြိုင်ရန်ထက် သရဲအရိပ်ဓားသိုင်း၏နောက်ဆုံးမျိုးဆက်ဟုဆိုသော ဝမ်ဝင်းအေးကို ရှင်းလင်းဖယ်ရှားပစ်ရန် ရည်ရွယ်ချက်ရှိနေသည်ကို သိနေသည့်အတွက်လည်း ချန်မိုအောင် အရမ်းပင် စိတ်လှုပ်ရှားနေသည်။

"ဝှစ်"

"ထန်း"

ချန်မိုအောင် တွေးတောစိတ်လှုပ်ရှားနေခိုက်မှာပင် လက်နက်ပုန်းပစ်လွှတ်သံ၊ ဓားဖြင့် ရိုက်ချသံတို့ ဆက်တိုက်ပေါ်လာပြီး လက်တစ်ဆစ်သာသာခန့်ရှိသော ဆူးချွန်လက်နက်ပုန်းလေးတစ်ခု ယန်စစ်ပိုင်၏ခြေရင်းတွင် ထိုးကျသည်။



ဝမ်ဝင်းအေးက ဆူးချွန်လက်နက်ပုန်းနှင့် ရုတ်တရက် လှမ်းပစ်တိုက်ခိုက်မှုကို ယန်စစ်ပိုင်က ဓားရှည်ဖြင့် ဆီးကာ ရိုက်ချလိုက်ခြင်း ဖြစ်သည်။

လက်နက်ပုန်းကို ရိုက်ချဖယ်ရှားပြီးသည့်နှင့် ယန်စစ်ပိုင်က သိမ်းညို့ဓားကို ချက်ချင်းပင် ပြန်၍သိမ်းသည်။

ဆူးချွန်လက်နက်ပုန်းလေး မြေကြီးပေါ်ကျသည့်အချိန်မှာပင် ယန်စစ်ပိုင်၏သိမ်းညို့ဓားသည်လည်း ဓားအိမ်ထဲ ပြန်ရောက်သွားပြီဖြစ်သည်။

ဓားကိုဆွဲထုတ်ခြင်း၊ ဆူးချွန်လက်နက်ပုန်းလေးကို ရိုက်ချခြင်းနှင့် ဓားကို ပြန်သိမ်းခြင်းတို့ကို တဒင်္ဂမျှသာ အချိန်ပိုင်းလေးအတွင်း ယန်စစ်ပိုင်က အလွန်လျှင်မြန်စွာ ဆက်တိုက်လုပ်ဆောင်သွားခဲ့သည်။

အလွန်ပင် မြန်ဆန်လွန်းလှသည်။

ဤအချက်နှင့်ပင် ယန်စစ်ပိုင်၏သိုင်းပညာအဆင့် မည်မျှမြင့်မားနေပြီကို အကဲခတ်နိုင်သည်။

"ရှင်က အတော်လက်မြန်သားပဲ"

ဝမ်ဝင်းအေးက မထီတရီ ပြုံးစစအမူအရာနှင့် ပြောသည်။

"မင်းကလည်း လက်မနှေးပါဘူး မိန်းကလေး"

www.burmeseclassic.com

www.burmeseclassic.com



ယန်စစ်ပိုင်က ပြန်ပြောသည်။

"ကျွန်မ လက်နက်ပုန်းသုံးပြီး ရုတ်တရက်တိုက်ခိုက်တာကို တော့ ရှင် အပြစ်ပြောမယ် မထင်ပါဘူးနော်"

"အင်း ... အပြစ်မပြောပါဘူး"

ယန်စစ်ပိုင်က မချိပြုံးနှင့် ပြန်ပြောသည်။

လီဝမ်ချိန်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့စဉ်က ယန်စစ်ပိုင်သည် အဆိပ်ပျော့ထည့်ထားသော လက်နက်ပုန်းကို သုံးခဲ့ဖူးသည်။

ထို့ကြောင့် ယခု ဝမ်ဝင်းအေးမှာ ရုတ်တရက် လက်နက်ပုန်း နှင့် ပစ်လွှတ်တိုက်ခိုက်ခြင်းသည် သိုင်းလောကစည်းကမ်းဖောက် ဖျက်ရာ ကျသော်လည်း ယန်စစ်ပိုင်အနေဖြင့် အပြစ်ဆိုရန် မဖြစ်ပေ။

"သိမ်းညိုဓား ယန်စစ်ပိုင်ဟာ စိန်ခေါ် ယှဉ်ပြိုင်ပွဲတစ်ခုမှာ အဆိပ်ထည့်ထားတဲ့ လက်နက်ပုန်း သုံးခဲ့ဖူးတယ်လို့ ကျွန်မ သတင်း ကြားထားတယ်၊ အဲဒီသတင်းဟာ မှန်သလား၊ မှားသလား"

ယန်စစ်ပိုင် မျက်နှာ ကွက်ခနဲပျက်သည်။

"မှန်ပါတယ်"

ထိုကိစ္စသည် တကယ်ပင် ဖြစ်ပျက်ခဲ့ပြီး မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့သူ ချန်မိုအောင်လည်း ရှိနေသည်မို့ ယန်စစ်ပိုင် ဝန်ခံလိုက်ရ သည်။



"အဲဒီလိုမျိုး လုပ်ခဲ့တဲ့ လူတစ်ယောက်ကို သိုင်းသမား ကောင်းတစ်ယောက်လို့ သတ်မှတ်ရမလား၊ သိုင်းသမားဆိုးတစ် ယောက်လို့ သတ်မှတ်ရမလား"

"ဒါက ... ဒါက"

ယန်စစ်ပိုင် ဖြေရှင်းရခက်နေသည်။

အသက်ငယ်ရွယ်စဉ်က ကိုယ့်စိတ်ကူးနှင့်ကိုယ် မိမိကိုယ် မိမိ အဟုတ်ကြီးထင်၍ လုပ်ခဲ့မိသော ထိုကိစ္စသည် ယန်စစ်ပိုင်အ တွက် တစ်သက်တာ မျက်နှာပူ အရှက်ရစရာဖြစ်နေသည်။

ဝမ်ဝင်းအေးက ထိုကိစ္စကို အစဖော်ပြောဆိုလာရာ ယန်စစ် ပိုင် အနေရအလွန်ခက်သည်။

"နောင်ကြီး ယန်စစ်ပိုင်က စိတ်ကူးတစ်မျိုးပေါက်ပြီး အပျော့စားအဆိပ်ထည့်ထားတဲ့ လက်နက်ပုန်းကို သုံးခဲ့တာပါ၊ အဆိပ်က အပျော့စားမို့ အန္တရာယ်တော့ အကြီးအကျယ်မဖြစ်စေပါ ဘူး၊ အဲ ... ပြီးတော့ လီဝမ်ချိန်းကိုယ်တိုင်ကလည်း နောင်ကြီး ယန် စစ်ပိုင်ကို သိုင်းသမားတစ်ယောက်လို့ မသတ်မှတ်ခဲ့ပါဘူး"

ချန်မိုအောင်က ဝင်ပြောသည်။

ဝမ်ဝင်းအေးသည် ယန်စစ်ပိုင်ကို သိုင်းသမားဆိုးတစ် ယောက်ဟု သဘောထားကာ သရဲအရိပ်ဓားသိုင်းပညာ ထုတ်သုံး၍

www.burmeseclassic.com

www.burmeseclassic.com



ရက်ရက်စက်စက် တိုက်ခိုက်လျှင် မလိုလားအပ်သည်တွေ ဖြစ်လာမည်ကို ချန်မိုအောင်က စိုးရိမ်သည်။

"သူ့ကို သိုင်းသမားဆိုးတစ်ယောက်လို့ ကျွန်မကလည်း မစွပ်စွဲပါဘူး၊ ဒါပေမဲ့ သူဟာ သိုင်းလောက ထုံးတမ်းစဉ်လာနဲ့ စည်းကမ်းကို ဖောက်ဖျက်ခဲ့တာကိုတော့ ငြင်းနိုင်မယ် မထင်ဘူး"

"မငြင်းပါဘူး၊ ကျုပ် စည်းကမ်းဖောက်ဖျက်ခဲ့မိတာ မှန်ပါတယ်"

ဂုဏ်သိုင်းသမားကြီးဖြစ်သော ယန်စစ်ပိုင်ကလည်း မိမိ၏အမှားကို ဝန်ခံပြန်သည်။

"ရှင်ဟာ ကျွန်မထက် အသက်လည်းကြီးသလို ဝါလည်းမြင့်ပါတယ်၊ သိုင်းလောက အစဉ်အလာ စည်းကမ်းကို တစ်ကြိမ်တစ်ခါ ဖောက်ဖျက်ခဲ့ပေမယ့် ဂုဏ်ကိုဏ်းရဲ့ သိုင်းသမားကြီးတစ်ယောက်အနေနဲ့ သိုင်းလောကမှာ အထင်ကရလည်းဖြစ်ပါတယ်"

ဝမ်ဝင်းအေး၏ချီးမွမ်းစကားများကြောင့် ယန်စစ်ပိုင် အနေရ အထိုင်ရ ခက်နေသည်။

"ဒါကြောင့် ... ရှင့်ဆီက အကြံဉာဏ်တစ်ခု တောင်းပါရစေ"

"ဘာများလဲ၊ ပြောပါ"



"ကျွန်မတို့ရဲ့ သရဲအရိပ်ဓားသိုင်းဟာ သိုင်းသမားဆိုးတွေကို ချေမှုန်းဖို့အတွက်ပဲ သုံးရပါတယ်၊ သိုင်းသမားကောင်းတွေနဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့အခါမှာ လုံးဝမသုံးရဘူးလို့ သံမဏိစည်းကမ်း ချထားတယ်၊ ဒီစည်းကမ်းဟာ ရှင်းလင်းပြတ်သားပါတယ်၊ သိုင်းသမားဆိုး မဟုတ်ပေမယ့် သိုင်းလောက အစဉ်အလာစည်းကမ်းကို ဖောက်ဖျက်ကျူးလွန်ဖူးတဲ့ သိုင်းသမားတစ်ယောက်နဲ့ ရင်ဆိုင်ယှဉ်ပြိုင်ရတဲ့အခါကျရင်တော့ သရဲအရိပ်ဓားသိုင်း သုံးသင့်သလား၊ မသုံးသင့်ဘူးလားဆိုတာကို ကျွန်မအနေနဲ့ ဆုံးဖြတ်ရ ခက်နေတယ်၊ အဲဒါ ရှင့်ရဲ့သဘောထား ဘယ်လိုရှိတယ်ဆိုတာ သိပါရစေလား"

ယန်စစ်ပိုင်က ဝမ်ဝင်းအေးကို ဖျတ်ခနဲကြည့်သည်။ ယန်စစ်ပိုင်၏ မျက်နှာပေါ်တွင် ထူးခြားသော အမူအရာ အရိပ်အသွင်မျိုး အမျိုးမျိုးပြောင်းလဲဖြစ်ပေါ်သည်။

"စိန်ခေါ်တာကို ပြန်ရုပ်သိမ်းတယ်၊ ဟန့်တားနှောင့်ယှက်သလိုဖြစ်သွားရင် တောင်းပန်ပါတယ်၊ ကျုပ်သွားမယ်၊ နှုတ်ဆက်ခဲ့တယ်"

ယန်စစ်ပိုင်သည် ခပ်ပြတ်ပြတ်ပြောကာ လှည့်၍ထွက်သွားသည်။

ဝမ်ဝင်းအေး၏အပြောပိုင်ပိုင်နှင့် ချက်ကျကျကျ စကား

www.burmeseclassic.com

www.burmeseclassic.com



ဆိုတတ်မှုကို ချန်မိုအောင် စိတ်ထဲမှ ကျိတ်ကာ ချီးမွမ်းမိလေသည်။

✱

ဝမ်ဝင်းအေးနှင့် ချန်မိုအောင်တို့ ခရီးဆက်ခဲ့ကြသည်။

နောက်ထပ် မည်သည့် နှောင့်ယှက်မှုမျှ မတွေ့ကြုံရဘဲ မြောင်နယ်စပ်သို့ အဝင်တွင်ရှိသည့် မြစိမ်းလွင်ပြင်တောင်ကြားသို့ ရောက်လာကြသည်။

မြစိမ်းလွင်ပြင်တောင်ကြား၏ မြောက်ဘက်တွင် မရဏချိုင့်ဝှမ်းရှိသည်။

မရဏချိုင့်ဝှမ်းတွင် အဆိပ်ကောင်များ၊ အဆိပ်ပင်များ ပေါများကာ မြေကြီးအက်ကြောင်းများမှ အဆိပ်ငွေ့များ တက်နေသည့် နေရာများပင်ရှိသည်ဟု ချန်မိုအောင် ကြားဖူးထားသည်။

ကိုယ်တိုင်တော့ မရောက်ဖူးပေ။

မြစိမ်းလွင်ပြင်တောင်ကြားကိုတော့ ချန်မိုအောင် နှစ်ခေါက်လောက် ရောက်ဖူးသည်။ မြစိမ်းလွင်ပြင်တောင်ကြားသည် သိပ်ပြီး မကျယ်ပြောလှပါ။



အလျားသုံးမိုင်ကျော်ကျော် အကျယ်မိုင်ဝက်သာသာခန့် ရှိသည်။

တောင်ဘက်တွင် ကျဉ်းမြောင်းသော တောင်ကြားလမ်းလေးတစ်ခု ရှိသည်။

မြောက်ဘက်တွင်လည်း တောင်ကြာလးမ်းလေးတစ်ခုရှိကာ တောင်ဘက် တောင်ကြားလမ်းထက် အနည်းငယ် ပိုကျယ်သည်။

မြစိမ်းလွင်ပြင်တောင်ကြားသို့ မြင့်မားသီခေါင်သော တောင်ကမ်းပါးယံကြီးများက ပတ်လည်ဝန်းရံနေကြသည်။

တောင်ဘက်နှင့်မြောက်ဘက် တောင်ကြားလမ်းများသည် မြစိမ်းလွင်ပြင်တောင်ကြား၏ အဝင်အထွက် တံခါးပေါက်များလို ဖြစ်နေသည်။

မြစိမ်းလွင်ပြင်တောင်ကြားတွင် သိုး၊ ဆိတ်များ မွေးမြူသည့် လူမျိုးစုငယ်လေးတစ်စု နေထိုင်သည်။

လူဦးရေတော့ သိပ်မများလှပေ။

"သမီးနောက်ကို လိုက်မနေပါနဲ့တော့ ဦး၊ ရှေ့ခရီးကို သမီးတစ်ယောက်တည်းပဲ သွားပါရစေ"

မြစိမ်းလွင်ပြင်တောင်ကြားသို့ အဝင်လမ်းဟု ဆိုရမည့်

www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်တောင်ကြားလမ်းသို့ ရောက်ကြသောအခါ ဝမ်ဝင်းအေးက ချန်မိုအောင်ကို ပြောသည်။

သူမသွားသည့် ခရီးလမ်းပန်းတိုင်သို့ ရောက်ဖို့ မဝေးတော့ဟု ချန်မိုအောင် နားလည်သည်။

ထိုခရီးပန်းတိုင်နေရာသည် သရဲအရိပ်ဓားဒေဝီတို့၏လျှို့ဝှက်သော နေရာဖြစ်လိမ့်မည်ဟုလည်း တွေးမိသည်။

"ကောင်းပြီ၊ သမီးဘာသာပဲ ဆက်သွားပါ။ ဦး ဒီမှာနေခဲ့ပါ့မယ်၊ တစ်ခုတော့ ပြောထားချင်တယ်"

"ပြောပါ ဦး"

"သရဲအရိပ်ဓားဒေဝီအနေနဲ့ လှုပ်ရှားတော့မယ်ဆိုရင် တစ်ခုခုမလုပ်မီ ဦးကို အရင်အသိပေးစေချင်တယ်"

ဝမ်ဝင်းအေး၏မျက်လုံးအကြည့် အေးစက်စက်မာကျောသွားသလို ထင်ရသည်။

သက်ပြင်းလေး မသိမသာချသည်။

သူမ၏မျက်ဝန်းများ ပြန်၍ ကြည်လဲ့ရွှန်းသစ်လာကြလေသည်။

"ဦးမှာ ဘယ်လိုအကြံအစည်ရှိလို့လဲ၊ သမီးကို ဟန့်တားဖို့များ စိတ်ကူးရှိသလား"



"သရဲအရိပ်ဓားဒေဝီတွေကို ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်တဲ့ မိန်းမရိုင်းတွေလို့ သိုင်းသမားအများစုက သတ်မှတ်ပေမယ့် ဦးကတော့ ဒီလိုသဘောမထားပါဘူး"

"သမီးတို့သိုင်းမျိုးဆက်အပေါ် ဦးက ဘယ်လိုသဘောထားများ ရှိနေလို့လဲ"

"ခြုံပြီးပြောရမယ်ဆိုရင်တော့ သရဲအရိပ်ဓားဒေဝီတွေဟာ မတရားမှုတွေကို တိုက်ဖျက်ချေမှုန်းဖို့ ရည်ရွယ်ချက်ရှိတယ်ဆိုတာ တော့ ဦး လက်ခံတယ်၊ ဒါပေမဲ့"

ချန်မိုအောင်က စကားကို ခဏရပ်ကာ ဝမ်ဝင်းအေးအား အကဲခတ်ကြည့်သည်။

ပြီးမှ ဆက်ပြော၏။

"သူတို့ရဲ့လုပ်ရပ်တွေကတော့ နည်းလမ်းမကျဘူးလို့ ထင်တယ်၊ တကယ်လို့ သူတို့သာ နည်းလမ်းတကျ လုပ်ကြမယ်ဆိုရင် မတရားမှုတွေကို တိုက်ဖျက်ပြီး သိုင်းသမားဆိုးတွေကို ပြစ်ဒဏ်ခတ်တဲ့နေရာတွေမှာ အများကြီး အထောက်အကူပေးနိုင်လိမ့်မယ်လို့လည်း ယူဆတယ်"

ချန်မိုအောင်က ဝမ်ဝင်းအေးကို အကဲခတ်သလို ကြည့်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ဝင်းအေးက တည်ငြိမ်စွာပင် ရှိနေသည်။

"ဒါကြောင့် ... သရဲအရိပ်ဓားဒေဝီအနေနဲ့ သမီး တစ်ခုခု လုပ်တော့မယ်ဆိုရင် ဦးကို ကြိုတင်အသိပေးဖို့ ပြောရတာပါ၊ မလုပ်ခင် ဦးအနေနဲ့ ပြောစရာရှိတာတွေ ပြောပြတာကို နားထောင်ပါ၊ ပြီးတော့ ... သေသေချာချာ စဉ်းစားပြီးမှ ဘာလုပ်သင့်တယ်ဆိုတာကို ဆုံးဖြတ်ပါ၊ အဲဒီလို စဉ်းစားဆုံးဖြတ်ပြီး လုပ်ဆောင်တာကိုတော့ ဦး ဘယ်လိုမှ မတားဆီး မဟန့်တားပါဘူးလို့ ကတိပေးပါတယ်"

"ဟုတ်ကဲ့၊ ဦးကို အသိပေးပါ့မယ်"

"ဒီစကားကြားရတာ အများကြီး ဝမ်းသာပါတယ်၊ သမီးက ပြန်လာရင် ဒီလမ်းကပဲ ပြန်မှာမဟုတ်လား"

"ဟုတ်ပါတယ်"

"သမီးပြန်အလာကို ဒီနေရာကနေပြီး ဦးစောင့်နေမယ်"

ဝမ်ဝင်းအေးသည် ချန်မိုအောင်ကို စောင့်နေရန် ပြောမည်ပြုသေးသည်။

သို့သော် ...

တကယ်မပြောဖြစ်။

နှုတ်ဆက်စကားသာဆို၍ မြစိမ်းလွင်ပြင်တောင်ကြားသို့ ဝင်ရောက်သွားသည်။



ချန်မိုအောင်သည် မြစိမ်းလွင်ပြင်တောင်ကြား၏တောင်ဘက် တောင်ကြားလမ်းအဝတွင် ယာယီတဲအိမ်ငယ်တစ်ခု ဆောက်လုပ်စတည်းချနေထိုင်ကာ ဝမ်ဝင်းအေး ပြန်လာမည့်အချိန်ကို စောင့်နေလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



(၉)

လက်ထပ်ထိမ်းမြားမှု မင်္ဂလာအခမ်းအနားသည် အလွန်ပင် ရိုးစင်းလွန်းလှသည်။

မင်္ဂလာပွဲတွင် သတို့သား ယောက်လုစန်၊ သတို့သမီး ချောင်ကွန်နု၊ သတို့သမီး၏မိခင် အုန်ယန်းလိတို့ သုံးယောက်သာ ရှိနေသည်။

အခြား မည်သည့်ပရိသတ်မျှ မရှိ။

မင်္ဂလာပွဲပြုလုပ်သည့်နေရာကလည်း အပြောကျယ်လှသော အရှေ့ပင်လယ်ပြင်ကြီး၏တစ်နေရာမှ ကျွန်းငယ်လေးတစ်ကျွန်းပေါ်တွင် ဖြစ်သည်။

သေးငယ်လှသော ထိုကျွန်းလေးသည် သိုင်းလောကတွင်တော့ 'ပင်လယ်ဇေကရီကျွန်း'ဟု နာမည်ထင်ရှားသည်။

❋



အသံကို ကြားလိုက်ရမှုကြောင့် ချန်မိုအောင်၏တစ်ကိုယ်လုံး ကြည်နူးချမ်းမြေ့မှုတို့ ပျံ့နှံ့သည်။

မျက်လုံးအကြည့်ကလည်း အသံပေါ်လာရာဆီသို့ အလိုလိုရောက်သည်။

ဝမ်ဝင်းအေးနှင့် သူမ၏စီးမြင်းတို့သည် ချန်မိုအောင်နှင့် သိပ်မဝေးတော့။

မြူနိုးများအကြားမှ လန်းဆန်းသွက်လက်သော ဝမ်ဝင်းအေး၏အသွင်ကို မြင်ရလေပြီ။

"ဟော ... သမီး ပြန်လာပြီကိုး"

ထိန်းသိမ်းကာ ပြောလိုက်သော်လည်း ချန်မိုအောင်၏အသံတွင် ဝမ်းသာမှုအရိပ်အသွင်များကတော့ ယှက်သန်းပေါ်လွင်နေသည်။

ဝမ်ဝင်းအေးသည် မြင်းကိုပင် အရှိန်မသတ်ဘဲ မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းသည်။

ချန်မိုအောင်ရှိရာသို့ အသော့လေး ပြေးလာသည်။

မိန်းကလေး၏လှုပ်ရှားမှုများသည် အလွန်ပင် [illegible]ပါး

www.burmeseclassic.com

www.burmeseclassic.com



သွက်လက်သည်။

နှင်းမြူများအကြားမှ ထိုးဖောက်ကျနေသော နေခြည်အလင်းတန်းတို့အကြားတွင် ဝမ်ဝင်းအေး၏အသွင်သည်လည်း နုသစ်ရှင်ကြည်၍နေသည်။

ချန်မိုအောင်၏စိတ်ထဲတွင် လန်းဆန်းတက်ကြွသော အရောင်တို့ဖြင့် လှုပ်ရှားသွက်လက်နေသော ပန်းချီကားတစ်ခု ပုံဖော်မိသည်။

"ဩော် ... ဦး ဘယ်သွားမလို့လဲ"

ချန်မိုအောင်၏အနီးသို့အရောက်တွင် ဝမ်ဝမ်းအေးသည် ကိုယ်ရှိန်ကို အသာသတ်ကာ အမူအရာကိုလည်း ထိန်းလိုက်ပြီး မေးသည်။

သူမ၏မျက်နှာလေးပေါ်တွင်တော့ သစ်လွင်တောက်ပသော အပြုံးလေးက ချစ်စဖွယ်ရှိနေသည်။

"ဘယ်မှမသွားပါဘူး၊ မနက်ပိုင်း လမ်းလျှောက်နေတာ ဆိုပါတော့၊ သမီး ပြန်လာပြီလား"

"ဟုတ်ကဲ့ ဦး"

"လာ ... တဲအိမ်လေးကို သွားရအောင်၊ အမောဖြေလိုက်ဦး"



ချန်မိုအောင်က ဝမ်ဝမ်းအေးကို ယာယီတဲအိမ်လေးရှိရာသို့ ခေါ်ဆောင်လာခဲ့သည်။

"ဦး ... မနက်စာ စားပြီးပြီလား"

"မစားရသေးပါဘူး"

ဝမ်ဝမ်းအေး ပြန်အလာကို အချိန်မည်မျှကြာကြာ စောင့်နေရမည်မသိနိုင်သောကြောင့် ချန်မိုအောင်သည် စားနပ်ရိက္ခာများကို ခြိုးခြံချွေတာနေရသည်။

ရှာဖွေရရှိသည့် သားကောင်၊ သစ်သီး သစ်ဥတို့ဖြင့် ဖြည့်စွက်စားသောက်သည်။

နံနက်စာဟူ၍လည်း သတ်သတ်မှတ်မှတ် ဟုတ်တိပတ်တိ မစားဖြစ်ခဲ့ပါ။

"ဒါဆို အတော်ပဲ၊ ဦးအတွက် စားစရာတွေ ယူလာတယ်"

"ဘယ်က ယူလာတာလဲ"

"ဒီလိုပဲပေါ့"

"ဘာတွေများလဲ"

"ဦး ကြိုက်မှာပါ၊ ဟာ ... တဲအိမ်ကလေးက ချစ်စရာလေး၊ ဦးဘာသာ ဆောက်တာလား"

တဲအိမ်လေးကို တွေ့ရသည့်အတွက် ... ဝမ်ဝမ်းအေးက

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းပင် ပြောသည်။

"ဟုတ်တယ်၊ ကဲ ... အထဲဝင်လေ"

ဝမ်ဝမ်းအေးသည် မြင်းကုန်းနှီးတွင် ချိန်ထားသော ဝါးခြင်းတောင်းလေးတစ်ခုကို သွားယူကာ တဲအိမ်လေးပေါ်သို့ ချန်မိုအောင်နှင့်အတူ တက်သည်။

"လာ ... လာ ... မနက်စာ စားကြရအောင်"

တဲအိမ်လေးပေါ် ရောက်သည့်အခါ ဝမ်ဝမ်းအေးက ပြောသည်။

ဝါးခြင်းတောင်းလေးကိုဖွင့်ကာ ပေါက်စီ၊ အသားကင်နှင့် ဝင်းမှည့်နေသော သစ်သီးများ ထုတ်သည်။

နှစ်ယောက်သား နံနက်စာ အတူစားသောက်ကြသည်။

*

"ထောက်ကျွန်းဖန်ကို သမီး သွားပြီးတိုက်ခိုက်မလို့"

နံနက်စာ စားသောက်ပြီးသောအခါ ဝမ်ဝင်းအေးက ပြောသည်။



နံနက်စာ စားသောက်ရင် ပီဘိကလေးငယ်တစ်ယောက်လို စကားပြောဆို ပြုမူနေခဲ့သော ဝမ်ဝင်းအေး၏အမူအရာမှာလည်း အေးစက်တည်ငြိမ်၍နေသည်။

"ထောက်ကျွန်းဖန် ဟုတ်လား"

"ဟုတ်တယ်"

"အရှေ့ပိုင်းဒေသ သိုင်းဦးစီး ထောက်ကျွန်းဖန်ကို ပြောတာလား"

ချန်မိုအောင်က သေချာအောင် မေးလိုက်သည်။

"မမှားဘူး၊ အရှေ့ပိုင်းဒေသ သိုင်းဦးစီး မိုးနတ်နဂါး ထောက်ကျွန်းဖန်ပဲ"

ဝမ်ဝင်းအေးကလည်း တိကျသေချာစွာဖြင့် ပြန်ပြောသည်။

ချန်မိုအောင် အတော်ကို အတွေးရကျပ်ကာ အံ့ဩသွားသည်။

ထောက်ကျွန်းဖန်သည် လွန်ခဲ့သည့် (၁၅) နှစ်ကျော်လောက်ကစကာ သိုင်းလောကတွင် နာမည်ထင်ရှားကျော်ကြားလာသည့် ပထမတန်းစား သိုင်းအကျော်အမော်တစ်ယောက် ဖြစ်သည်။

အရှေ့ပိုင်းဒေသတွင် (၃) နှစ်တစ်ကြိမ်ပြုလုပ်သည့် အရှေ့ပိုင်း နဂါးသိုင်းပညာပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် အနိုင်ရခဲ့လျှင်

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ပိုင်းဒေသဦးစီး သိုင်းသမားအဖြစ် အရှေ့ပိုင်း ဒေသတစ်လွှားမှ သိုင်းသမားများကို ရှေ့ဆောင်မှု ပေးနေခဲ့သည်မှာ ယခုဆိုလျှင် (၅) နှစ်ကျော် (၆) နှစ်နီးပါး ရှိနေပေပြီ။

ယခုနှစ်တွင် ပြုလုပ်မည့် အရှေ့နဂါး သိုင်းပညာပြိုင်ပွဲတွင်လည်း ထောက်ကျန်းဖန်ပင် အနိုင်ရကာ အရှေ့ပိုင်းဒေသ ဦးစီးသိုင်းသမားအဖြစ် ဆက်လက်တည်ရှိမည်ဟု သိုင်းသမားများက ထင်ကြေးပေးနေခဲ့သည်။

ထောက်ကျန်းဖန်သည် စိတ်ထားဖြောင့်မှန်ကာ မတရားမှုများကို ထိထိရောက်ရောက် နှိမ်နင်းကာ အများအကျိုးဆောင်သည်ဟု ချန်မိုအောင် ကြားသိထားသည်။

ထိုသို့ အများအကျိုးဆောင်မှုနှင့် အရှေ့ပိုင်းဒေသရှိ သိုင်းသမားများကို စည်းကမ်းကျစွာ ထိန်းသိမ်းဦးစီးနိုင်သောကြောင့် ထောက်ကျန်းဖန်ကို မိုးနတ်နဂါးဟု တင်စားဂုဏ်ပြုခေါ်ဝေါ်ကြသည်ဟုလည်း ချန်မိုအောင် သိထားသည်။

ထောက်ကျန်းဖန်နှင့် လူချင်း မတွေ့ဖူး မဆုံဖူးသေးသော်လည်း ထောက်ကျန်းဖန်၏အများအကျိုးဆောင်မှု၊ သိုင်းသမားဆိုးများကို နှိမ်နင်းမှုသတင်းများကိုတော့ ချန်မိုအောင် အတော်အသင့်ကြားထားသည်။



သရဲအရိပ်ဓားဒေဝီတို့၏ ရက်စက်ကြမ်းတမ်းသော တိုက်ခိုက်မှုများကို မနှစ်သက်သော်လည်း သူတို့၏ ယုံကြည်ချက်နှင့် သူတို့နည်း သူတို့ဟန်ဖြင့် မတရားမှုများကို တိုက်ဖျက်ချေမှုန်းနေကြသည်ဟု ချန်မိုအောင်က နားလည်ထားသည်။

သရဲအရိပ်ဓားဒေဝီ (အထူးသဖြင့် လီဝမ်ချိန်း) တိုက်ခိုက်သုတ်သင်ခဲ့သူများသည် မကောင်းမှုများကို ကျူးလွန်ခဲ့ကြကာ အပြစ်ဒဏ်ကို တစ်နည်းနည်းဖြင့် ရှောင်တိမ်းလျက် နေကြသူများဖြစ်သည်ကိုလည်း ချန်မိုအောင်က လက်ခံထားသည်။

သို့ရာတွင် ...

မိုးနတ်နဂါး ထောက်ကျန်းဖန်လို သိုင်းသမားကောင်းကြီးတစ်ယောက်ကို လီဝမ်ချိန်း၏မျိုးဆက်အမွေကို ဆက်ခံခဲ့သူ ဝမ်ဝင်းအေးက တိုက်ခိုက်သုတ်သင်မည်ဟု အတိအကျ ပြောလာသောအခါ ချန်မိုအောင်မှာ ဘယ်လိုမှ နားလည်လက်ခံနိုင်ခြင်း မရှိပါ။

"မိုးနတ်နဂါးထောက်ကျန်းဖန်ဟာ အများအကျိုးကို ဆောင်ပြီး သိုင်းသမားဆိုးတွေကို ချေမှုန်းပြစ်ဒဏ်ခတ်နေတဲ့ သိုင်းသမားကောင်းကြီးတစ်ယောက်ပဲ၊ သူ့မှာ ဘယ်လိုအပြစ်ရှိလို့ သမီးက သွားတိုက်ခိုက်ရတာလဲ၊ ပြီးတော့ သူက ..."

မိုးနတ်နဂါးထောက်ကျန်းဖန်၏ သိုင်းပညာစွမ်းရည်

www.burmeseclassic.com

www.burmeseclassic.com



မြင့်မားထက်မြက်လှသောကြောင့် ဝမ်ဝင်းအေးအနေဖြင့် ယှဉ်နိုင်မည် မဟုတ်ကြောင်း ပြောမည်ပြုပြီးမှ ဝမ်ဝင်းအေးကို နှိမ်ချသလို ဖြစ်သွားမည်စိုးသောကြောင့် ချန်မိုအောင်က မပြောတော့ဘဲ စကားကို တစ်ပိုင်းတစ်စနှင့် ရပ်လိုက်သည်။

"သူဟာ မိုက်မိုက်မဲမဲကို အပြစ်ကြီးတွေ လုပ်ခဲ့တယ်၊ သူကျူးလွန်ခဲ့တဲ့ ပြစ်မှုကြီးတွေက တစ်ခုတောင် မကပါဘူး၊ သမီးသိရသလောက်တော့ အပြစ်ကြီးနှစ်ခု ကျူးလွန်ခဲ့တယ်၊ နောက်ထပ် အပြစ်ကြီးတစ်ခုလည်း ကျူးလွန်မယ့် အခြေအနေတွေ ရှိနေသေးတယ်၊ ဒီလိုလူစားမျိုး သေသင့်တယ်"

"သူက ဘာအပြစ်တွေ ကျူးလွန်ခဲ့လို့လဲ၊ သက်သေရှိသလား"

"ဦးက သမီးကို အပြစ်မရှိ အပြစ်ရှာပြီး ရန်လိုတိုက်ခိုက်နေတယ်လို့ ထင်နေသလား"

"ထောက်ကျန်းဖန်ဟာ သက်သေတွေမရှိရအောင် ဖျောက်ဖျက်ပစ်ခဲ့တာမို့ လူသက်သေ၊ ပစ္စည်းသက်သေ အခိုင်အမာ ထုတ်ဖော်ပြဖို့ ခက်တယ်၊ သူကျူးလွန်ခဲ့တဲ့ အပြစ်ကြီးကိုတော့ ဦးသိရအောင် ပြောပြမယ်၊ ဒါပေမဲ့ အခြားဘယ်သူ့ကိုမှ မပြောဖို့တော့ ကတိပေးရမယ်"



"ဦး ကတိပေးပါတယ် သမီး"

ဝမ်ဝင်းအေးက မိုးနတ်နဂါး ထောက်ကျန်းဖန် ကျူးလွန်ခဲ့သည့် အပြစ်ကြီးများကို ပြောပြသည်။

ချန်မိုအောင်မှာ မယုံနိုင်အောင်ပင် ဖြစ်နေရသည်။

ထောက်ကျန်းဖန်လို လူတစ်ယောက်က ဒီမျှလောက် မိုက်မဲရိုင်းစိုင်းသည့်အပြစ်များ လုပ်လိမ့်မည်ဟု ထင်စရာအကြောင်း မရှိပေ။

ဝမ်ဝင်းအေးက အခိုင်အမာပြောနေရာ သရဲအရိပ်ဓားဒေဝီ သိုင်းမျိုးဆက်အနေဖြင့် ဒီလိုသက်သေများ မကျန်ရအောင် လျှို့ဝှက်ထားသော အပြစ်များကို သိရှိနိုင်သည့် အစွမ်းရှိသည်ကိုလည်း နားလည်ထားပြီး ဖြစ်သည့်အတွက် ချန်မိုအောင်အဖို့ မယုံဖို့လည်း ခက်နေသည်။

*

ချန်မိုအောင်နှင့်ဝမ်ဝင်းအေးတို့ မြစိမ်းလွင်ပြင်တောင်ကြားဒေသမှ ပြန်ထွက်ခွာလာခဲ့ကြသည်။

ဝမ်ဝင်းအေးသည် စင့်ကျောက်မြောင်ရွာသို့ မပြန်။

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ပိုင်းဒေသဘက်သို့ ဦးတည်ခရီးနှင်ရာ ချန်မိုအောင်လည်း အတူပင်လိုက်ပါသွားခဲ့သည်။

မိုးနတ်နဂါး ထောက်ကျန်းဖန်ကို တိုက်ခိုက်ရန်အတွက် သွားခြင်းဖြစ်ကြောင်း ချန်မိုအောင် ရိပ်မိသည်။

ထောက်ကျန်းဖန် အပြစ်ကျူးလွန်ခဲ့မှု မှန်ကန်သည်ဆိုလျှင် သက်သေတစ်စုံတစ်ရာတော့ ကျန်ရှိလိမ့်မည်ဟု ချန်မိုအောင်က ယုံကြည်သည်။

သက်သေအထောက်အထားတစ်ခုခုကို စုံစမ်းရှာဖွေရန် မျှော်လင့်သည်။

ထိုသို့ ရှာဖွေရလျှင် ထောက်ကျန်းဖန် တရားနည်းလမ်းကျကျ အရေးယူနိုင်ပေမည်။

ဝမ်ဝင်းအေး၏အကူအညီဖြင့် ဤသို့ဖော်ထုတ်အရေးယူ အပြစ်ပေးနိုင်ကြောင်း သိစေလျက် ဝမ်ဝင်းအေးအား မတရားမှုများကို နည်းလမ်းတကျ ထုတ်ဖော်အပြစ်ပေးနိုင်မည့် လမ်းကြောင်းမှန်ပေါ် ဆွဲခေါ်နိုင်မည်ဟုလည်း ယုံကြည်သည်။

သုံးရက်အကြာတွင် ...

အရှေ့ပိုင်းဒေသ၏နယ်ခြားအဖြစ် အသိအမှတ်ပြုထားသော ယန်ဝေးမြစ်သို့ ရောက်သည်။



ယန်ဝေးမြစ်ကို ဖြတ်ကျော်လိုက်လျှင် အရှေ့ပိုင်းဒေသနယ်ပယ်ထဲ ရောက်ကြပေတော့မည်။

မြစ်ကူး ကူးတို့ဆိပ်သို့အသွားတွင် စိတ်ဝင်စားစရာကောင်းသည့် စားသောက်ဆိုင်တစ်ဆိုင်ကို တွေ့ရလေသည်။

စားသောက်ဆိုင်သည် မြစ်ကူး ကူးတို့ဆိပ်နှင့် မိုင်ဝက်ခန့်အကွာတွင် တည်ရှိသည်။

ယန်ဝေးမြစ်ထဲသို့ စီးဝင်သည့် ချောင်းလက်တက်တစ်ခု၏ အကွေ့တစ်နေရာမှ ကျွန်းကလေးတစ်ခုလို ဖြစ်နေသည့် မြေပြင်ပေါ်တွင် စားသောက်ဆိုင်ကို ဆောက်ထားသည်။

ဆိုင်ကို သိပ်မွမ်းမံပြင်ဆင်ထားခြင်းလည်း မရှိပါ။

ထိုဒေသတွင် ပေါများသော သစ်လုံးများတိုင်ထူကာ ဝါးကပ်ကာ၍ ဓနိမိုးထားသည့် တဲအိမ်ငယ်လေးသာ ဖြစ်သည်။

စားသောက်ဆိုင်ကိုသွားလျှင် ချောင်းလက်တက်နှင့် ရွှံ့နွံများအပေါ်တွင်ဖြတ်ကာ ဆောက်ထားသော ဝါးတံတားရှည်လေးမှ သွားရခြင်းက ထိုဆိုင်လေးသည် စိတ်ဝင်စားဖွယ်ရာ ကောင်းသော ဆွဲဆောင်မှုဖြစ်သည်။

ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့သည် မူလက ကူးတို့ဆိပ်သို့ရောက်မှ နေ့လယ်စာ စားသောက်ရန် စီစဉ်ထားကြသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ထိုစားသောက်ဆိုင်လေးကို စိတ်ဝင်စားသောကြောင့် ဝါးတံတားရှည်လေးကိုဖြတ်လျက် ဆိုင်ထဲသို့ ဝင်လာခဲ့သည်။

ဆိုင်လေးထဲတွင် အကော်ပင် သပ်ရပ်သန့်ရှင်းသည့် လူအနည်းငယ်လည်း စားနေသည်။

"ဧည့်သည်တွေလာပြီ၊ ဘာသုံးဆောင်မလဲဆိုတာ သွားမေးစမ်း အူမင်"

ချန်မိုအောင်နှင့်ဝမ်ဝင်းအေးတို့နှစ်ယောက် စားသောက်ဆိုင်ထဲ ဝင်လာကြသောအခါ ချက်ပြုတ်ကြော်လှော်နေရာတွင် ထိုင်နေသော အသက် (၅၀) ခန့်ရှိ အမျိုးသမီးကြီးတစ်ယောက်က လှမ်းပြောသည်။

ထိုအခါ အူမင်ဆိုသော အသက် (၂၀) ကျော်အရွယ် လူရွယ်သည် ချန်မိုအောင်တို့အနီးသို့ ရောက်လာသည်။

"ဘာသုံးဆောင်ကြမလဲ"

စားပွဲတွင်ပင် မထိုင်ရသေးမီ ဆီး၍မေးလာသောကြောင့် ချန်မိုအောင်တို့နှစ်ယောက် ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

"ဟဲ ... အူမင် ထိုင်ကြပါစေဦးလေ၊ ထိုင်မှမေး"

အမျိုးသမီးကြီးက လှမ်းပြောသည်။

ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့လည်း နီးရာစားပွဲလွတ်



တစ်ခုတွင် ဝင်ထိုင်သည်။

"ဘာသုံးဆောင်ကြမလဲ"

"အစိမ်းကြော်၊ အသားကင်နဲ့ ဆယ့်နှစ်မျိုးဟင်းချို"

ဝမ်ဝင်းအေးက အစားအသောက်များ မှာလိုက်သည်။

အူမင် ဆိုင်ထောင့်နားရှိ ထိုင်ခုံသို့ လျှောက်သွားကာ ထိုင်ချသည်။

ဟင်းလျာများကို အော်ပြောခြင်းမျိုးပင် မလုပ်။

ချက်ပြုတ်သည့်နေရာတွင်ရှိသော အမျိုးသမီးကြီးကတော့ ချက်ပြုတ်ကြော်လှော်နေလေပြီ။

"ဟင်းလျာတွေရပြီ အူမင်၊ လာယူပြီး စောစောက မင်းသွားမေးခဲ့တဲ့ စားပွဲမှာ သွားချပေးလိုက်"

ချက်ပြုတ်ကြော်လှော်ပြီးသောအခါ အမျိုးသမီးကြီးက လှမ်းအော်ပြောသည်။

အူမင်သည် ထိုင်နေရာမှ ထရပ်ကာ ဟင်းလျာများသွားယူသည်။

ချန်မိုအောင်တို့စားပွဲတွင် လာချပေးသည်။

"ဟိုဘက်စားပွဲမှာ စားပြီးသွားပြီ၊ ပန်းကန်တွေသိမ်း၊ ငွေအသပြာ နှစ်ပြားယူလိုက်"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီး၏ လှမ်းပြောသံနှင့်အတူ အူမင်သည် စားသောက်ပြီးသွားသော ပန်းကန်များကို သိမ်းသည်။ ကျသင့်ငွေ ယူသည်။

"ပိုက်ဆံကို ကွမ်းအစ်ထဲမှာထည့်၊ ပန်းကန်တွေကို ဆေးပြီး ပန်းကန်စင်ပေါ် တင်လိုက်"

အမျိုးသမီးကြီးက ဆက်၍ စေခိုင်းနေသည်။

ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့လည်း စားပွဲပေါ်ရှိ ဟင်းလျာများကို စားသောက်ကြသည်။

အရသာရှိကာ စား၍ကောင်းလှသည်။

စားကောင်းသောကြောင့် ဝမ်ဝင်းအေးက နောက်ထပ် ဟင်းနှစ်ပွဲ ထပ်မှာလိုက်လေသေး၏။

✱

"ဆိုင်လေးက စိတ်ဝင်စားစရာကောင်းသလို ဟင်းလျာတွေကလည်း စားလို့ကောင်းတယ်၊ ပြီးတော့ ဆိုင်ရှင်သားအမိကလည်း ထူးဆန်းတယ်နော် ဦး"



ဝါးတံတားလေးကို ဖြတ်ကူးကာ ပြန်ထွက်လာရင်း ဝမ်ဝင်းအေးက ပြောသည်။

"ဟုတ်တယ်"

"အူမင်ဆိုတဲ့လူကြည့်ရတာ တစ်မျိုးပဲနော်၊ ဦးနောက်သိပ်မှုမှန်ပုံမရဘူး၊ သူ့အမေက ဘာလုပ်ညာလုပ်ဆိုပြီး အမြဲပဲ ပြောပြီး ခိုင်းနေရတယ်၊ မခိုင်းရင် ခုံမှာဝင်ပြီး ကျောက်ရုပ်ကြီးလို ငြိမ်ထိုင်နေတာပဲ"

"ဆိုင်ရှင်အမျိုးသမီးကြီးကကော ဘာထူးခြားတာ မြင်မိလဲ"

"သူကတော့ ချက်ချက်ချာချာနဲ့ လုပ်တတ်ကိုင်တတ်တယ်၊ ခိုင်းတတ်စေတတ်တယ်၊ အချက်အပြုတ်ကလည်း ပထမတန်းပဲ၊ ရိုးရိုးသာမန်ဈေးသည်တော့ ဟုတ်မယ်မထင်ဘူး၊ အထည်ကြီးပျက် တစ်ယောက် ဖြစ်ချင်ဖြစ်နိုင်တယ်"

"ဒါပဲလား သမီးရဲ့"

"ဒါပဲပေါ့၊ ဦးက ဘာများ သတိပြုမိသေးလို့လဲ"

"အဲဒီအမျိုးသမီးက မျက်စိမမြင်ဘူး"

"ဟင် ... ဟုတ်ရဲ့လား ဦးရဲ့၊ သူချက်တာ ပြုတ်တာတွေ အမှားအယွင်း လုံးဝမရှိ၊ အားလုံးအဆင်ပြေလို့၊ ပြီးတော့ သူ့သားကို

www.burmeseclassic.com

www.burmeseclassic.com



နိုင်းလိုက်တာကလည်း ထောင့်ကိုစေ့လို့”

“သမီးက မျက်မမြင်သိုင်းသမားတွေကို မတွေ့ဖူးမကြုံဖူးသေးလို့နဲ့တူတယ်၊ သူတို့က မျက်စိမမြင်ပေမယ့် ဓားသွားလှံသွားတွေကိုတောင် လွတ်အောင်ရှောင်တိမ်းတိုက်ခိုက်နိုင်ကြတာ၊ ချက်တာပြုတ်တာလောက်ကတော့ ဘာမှမဆန်းဘူး”

“ဟင် … အဲဒီအမျိုးသမီးကြီးက သိုင်းတတ်သလား”

“ဥပမာသဘောပြောတာပါ၊ ဆိုင်ရှင် အမျိုးသမီးကြီး သိုင်းတတ်ချင်လည်း တတ်နိုင်တယ်၊ သေချာတာကတော့ သူဟာ အသံတွေကို နားထောင်ပြီး ဘယ်လိုရှိနေတယ်ဆိုတာ စိတ်ထဲမှာ ပုံဖော်ပြီး အမှားအယွင်းမရှိအောင် လုပ်နိုင်တာပဲ”

“သူတို့က သားအမိနှစ်ယောက်တည်းလား၊ သူ့ခင်ပွန်းကော မရှိဘူးလား”

“ဒါတော့ ဦးလည်း ဘယ်လိုလုပ်ပြောနိုင်မှာလည်း သမီးရဲ့”

“ဩော် … အင်း … ဟုတ်သားပဲ၊ ခစ် ခစ် ခစ်”

ဝမ်ဝင်းအေး၏လွတ်လပ်ပေါ့ပါးစွာ ရယ်မောလိုက်မှုမှာ အပြစ်ကင်းသော ကလေးငယ်တစ်ယောက်အသွင်မို့ ချန်မိုအောင် စိတ်ထဲတွင် ကြည်နူးသွားရသည်။

မိန်းကလေးကို ခင်မင်မြတ်နိုးမှုဖြင့် ငေးစိုက်ကြည့်မိသည်။



နှစ်ယောက်သား စကားတပြောပြောနှင့် မြင်းများကို ခပ်ဖြည်းဖြည်း စီးလာခဲ့ကြရာ ကူးတို့ဆိပ်သို့ ရောက်သွားကြသည်။

“သမီးနဲ့ဦး ဒီကပဲ လမ်းခွဲကြရမယ်ထင်တယ်”

ကူးတို့ဆိပ်သို့ရောက်သောအခါ ဝမ်ဝင်းအေးက ပြောသည်။

“သမီးက လမ်းခွဲသွားချင်လို့လား”

“လမ်းခွဲသွားချင်လို့တော့ မဟုတ်ပါဘူး၊ ဟို … သမီးမှာက လုပ်စရာကိစ္စ ရှိနေတယ်လေ”

“သမီးက အဲဒီလူကို တစ်ခါတည်း သွားတွေ့မှာလား”

ကူးတို့ဆိပ်တွင် လူအများ ရှုပ်ထွေးနေသည်မို့ ဝမ်ဝင်းအေးနှင့်ချန်မိုအောင်တို့သည် အခြားလူများ ကြားမိသွားလျှင်လည်း အကြောင်းကိစ္စမှန်သို့ မသိနိုင်စေမည့် အသုံးအနှုန်းများဖြင့် ထိန်းကာ ပြောကြသည်။

“ဟာ … ဒီလိုလုပ်လို့တော့ ဘယ်ဖြစ်မှာလဲ၊ သူ့အကြောင်းကို အရင်စုံစမ်းကြည့်ရဦးမှာပေါ့”

“အဲဒါကောင်းတယ်၊ ဦးလည်း သမီးနဲ့အတူ လိုက်စုံစမ်းပေးမယ်”

“သမီးကို ကူညီပေးမလို့လား”

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ဝင်းအေးက မျက်လုံးတောက်တောက်လေးများဖြင့် ချန်မိုအောင်ကို စူးစိုက်ကာ မေး၏။

"ကူညီးပေးမယ်လို့တော့ မပြောတ်ဘူးပေါ့၊ ဘယ်လိုပြောမလဲ၊ သက်သေအထောက်အထားလေးဘာလေး ရလိုရငြားဆိုပါတော့၊ ဘယ်လိုလဲ လိုက်ခဲ့ရမလား"

ဝမ်ဝင်းအေးက တစ်ချက်စဉ်းစားလိုက်ကာ ...

"အင်း ... လိုက်ခဲ့"

နှစ်ယောက်သား မြင်းများနှင့်အတူ ကူးတို့ဖောင်ဖြင့် မြစ်တစ်ဖက်ကမ်းသို့ ကူးခဲ့ကြသည်။

အရှေ့ပိုင်းဒေသနယ်မြေထဲသို့ ရောက်ရှိသွားကြလေပြီ။

***



(၁၀)

ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့က မိုးနတ်နဂါး ထောက်ကျင်းဖန်အကြောင်း စုံစမ်းကြသည်။

သုံးနှစ်တစ်ကြိမ် ပြုလုပ်မြဲဖြစ်သည့် အရှေ့ပိုင်းနဂါးသိုင်းပညာ ယှဉ်ပြိုင်ပွဲပြုလုပ်ရန် အချိန်ကလည်း သိပ်မဝေးတော့သည်မို့ ထောက်ကျင်းဖန်အကြောင်း စုံစမ်းရသည်မှာ အဆင်ပြေနေသည်။

ထောက်ကျင်းဖန်သည် အရှေ့ပိုင်းဒေသတစ်လွှားရှိ သိုင်းသမားများသာမက အရပ်သူအရပ်သားများကပါ လေးစားအားထားသည့် သိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်ကြောင်း သတင်းများကိုသာ ကြားသိရသည်။

ထို့ပြင် လာမည့် အရှေ့ပိုင်းနဂါးသိုင်းပညာ ယှဉ်ပြိုင်ပွဲတွင် ထောက်ကျင်းဖန်နှင့် ယှဉ်ပြိုင်မည့် သိုင်းသမားများအကြောင်းကိုလည်း အထွေအထူးစုံစမ်းခြင်းမပြုရဘဲ သိကြရပြန်သည်။

ဈေးများ၊ စားသောက်ဆိုင်များတွင် ပြောဆိုနေကြမှုများ

www.burmeseclassic.com

www.burmeseclassic.com



အရ ဒီလာမည့် အရှေ့ပိုင်းနဂါးသိုင်းပညာ ယှဉ်ပြိုင်ပွဲတွင် ခြသေ့်လက် မာယုန်ပြောင်းသည် ထောက်ကျင်းဖန်၏အဓိကပြိုင်ဘက် အဖြစ် တစ်ပြေးနေသည်။

"အရပ်ထဲမှာ ကြားရသမျှတော့ ထောက်ကျန်းဖန်ရဲ့ ကောင်းသတင်းတွေချည်းပဲ၊ ဦး လိုချင်တဲ့ သက်သေသဲလွန်စတော့ ရမယ်မထင်ဘူး၊ ခြသေ့်လက် မာယုန်ပြောင်းဆိုတဲ့သူကို သွားတွေ့ပြီး မေးမြန်းကြည့်ရအောင်လား၊ သူ့ဆီကတော့ သတင်းတစ်မျိုး ကြားရချင် ကြားရနိုင်မယ်"

ဝမ်ဝင်းအေးက အကြံပေးရာ ချန်မိုအောင်လည်း သဘောဟု လက်ခံပြီး ခြသေ့်လက် မာယုန်ပြောင်း နေထိုင်ရာ ရွှေခြသေ့်ရွာသို့ ထွက်လာခဲ့ကြသည်။

မိနတ်နဂါးထောက်ကျန်းဖန်ကိုပင် အနိုင်ရနိုင်ကောင်း ရနိုင်မည်ဟု တစ်ပေးခြင်းခံနေရသော အရှေ့ပိုင်းဒေသ အကျော်အမော် ခြသေ့်လက် မာယုန်ပြောင်း၏နေအိမ်ကတော့ တကယ့်ကို ရိုးစင်းလှသည်။

အတိအကျလမ်းညွှန်လိုက်မှုသာ မရှိပါက ထိုအိမ်လေးသည် မာယုန်ပြောင်း၏နေထိုင်ရာ နေရာဖြစ်သည်ဟုပင် ထင်နိုင်စရာအကြောင်းမရှိ။



ခြသေ့်လက် မာယုန်ပြောင်းနေထိုင်ရာ အိမ်လေးသည် ရွှေခြသေ့်ရွာနှင့် အတော်လေး အလှမ်းဝေးသည်။

ရွှေခြသေ့်ရွာ၏ မြောက်ဘက် လယ်ကွင်းများအလွန်တွင် တည်ရှိသည်။

ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့သည် ရွှေခြသေ့်ရွာ မြောက်ဘက်သို့ထွက်ကာ လယ်ကွင်းပြင်ကြီးကို ကျော်ဖြတ်ပြီးနောက် ခြသေ့်လက် မာယုန်ပြောင်းနေထိုင်ရာ အိမ်လေးသို့ အရောက်သွားကြသည်။

အိမ်က ခနီမိုးကာ ဝါးထရံကာထားသည့် မြေစိုက်အိမ်ငယ်ဖြစ်သည်။

အိမ်ဆိုသည်ထက် လယ်တဲအကြီးစားနှင့် ပို၍ပင် တူပေသည်။

အိမ်ပတ်လည်တွင်တော့ ကြခတ်ဝါးပင်များကို ခြံစည်းရိုးသဖွယ် ခတ်ထားသည်။

အဝင်အထွက် တံခါးပေါက်ကြီးတစ်ခုက အိမ်ရှေ့တည့်တည့်တွင်ရှိကာ အိမ်နောက်ဘက်တွင်တော့ မလွယ်တံခါးဟု ဆိုရမည့် တံခါးပေါက်ငယ်တစ်ခုရှိသည်။

အိမ်လေးရှိရာသို့ လျှောက်လှမ်းသွားရင်း ထူးခြားချ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ချန်မိုအောင် ခံစားသိရှိသည်။

"သမီး ... အရမ်းရှေ့တိုးမသွားနဲ့ သတိထား"

ချန်မိုအောင်က ဝမ်ဝင်းအေး ကြားနိုင်ရုံ တီးတိုးစကားဖြင့် ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ ဦး"

ဝမ်ဝင်းအေးကလည်း အသံတိုးတိုးဖြင့် ပြန်မေးသည်။

"ဒီနေရာဝန်းကျင်ဟာ သိပ်ကို တိတ်ဆိတ်လွန်းတယ်၊ အန္တရာယ်တစ်ခုခု ရှိနေပုံပဲ"

ချန်မိုအောင်က တီးတိုးပြောလိုက်ပြီးသည်နှင့် အိမ်လေးဆီမှ အသံတစ်သံ ပေါ်လာသည်။

"မာယုန်ပြောင်း ... ဒီနေ့တော့ မင်းသေနေ့စွေပြီ"

ထို့နောက် လှုပ်ရှားတိုက်ခိုက်သံများ ဆက်၍ပေါ်လာသည်။

ချန်မိုအောင်က ဝမ်ဝင်းအေးကို အသာခေါင်းဆတ်အချက်ပြကာ တိုက်ခိုက်သံများ ပေါ်လာရာဆီသို့ ခြေဖော့နင်းကာ လျင်မြန်စွာ သွားသည်။

ဝမ်ဝင်းအေးလည်း ချန်မိုအောင်၏နောက်မှ လိုက်သွားသည်။



အိမ်လေး၏အနောက်ဘက် မြေကွက်လပ်တွင် လူနှစ်ယောက် အကြိတ်အနယ် တိုက်ခိုက်နေကြသည်ကို တွေ့ကြရလေသည်။

❋

လူနှစ်ယောက် အသေအကျေ တိုက်ခိုက်နေကြသည်။

တစ်ယောက်က အဖြူရောင် ဝတ်စုံဝတ်ထားသည်။

အသက် (၄၀) ကျော်ကျော်အရွယ်ဖြစ်သည်။

ဘယ်ညာလက်နှစ်ဖက်တွင် တစ်ပေသာသာခန့်ရှည်သော လှံတိုလေးတစ်ချောင်း ကိုင်ထားသည်။ ဥပမိရုပ်ကောင်းသည်။

ကျန်တစ်ယောက်ကတော့ အသက်ငါးဆယ်ခန့်ရှိသည်။

အညိုရောင်ဝတ်စုံ ဝတ်ထားသည်။

နှစ်ဖက်သွား ဓားရှည်ကိုင်ထားသည်။

ဓားရှည်ကိုင်စွဲထားသော်လည်း ဓားခုတ်ချက်များထက် ဘယ်လက်၏အကုတ်အဆွဲ အထိုးအရိုက်တို့က ပို၍များသည်။

ရုပ်ရည်ကြမ်းတမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံဖြူဝတ်လူသည် လုံ့တိုလေးများကို သွက်လက်စွာ ဝှေ့ယမ်းကာ ထိုးစိုက်လိုက်၊ လှမ်းတွက်လိုက်နှင့် တိုက်ကွက်ဆင်သည်။

လှုပ်ရှားမှုမြန်ပြီး အကွက်ကျသည်။

လက်ဟန်များသည် ခြင်္သေ့တစ်ကောင်က သားကောင်ကို ပုတ်ရိုက်သည့်ဟန်ပန်နှင့် ဆင်ဆင်တူသည်။

ခြင်္သေ့လက် မာယုန်ပြောင်းဖြစ်မည်ဟု ချန်မိုအောင် တွေးဆမိသည်။

အညိုရောင်ဝတ်စုံဝတ်လူ၏တိုက်ကွက်များကတော့ ကြမ်းတမ်းသည်။

ဝတ်စုံဖြူဝတ်လူ၏လှံ့တို့ ထိုးချက်များကို ဓားရှည်ဖြင့် ရိုက်ထုတ်မှုခံရင်း ဘယ်လက်ဝါးရိုက်ချက် ဘယ်လက်ချောင်းကုတ်ဆွဲချက်များနှင့် တရကြမ်း တိုက်ခိုက်နေသည်။

အညိုရောင်ဝတ်စုံဝတ်လူ မည်သူမည်ဝါဖြစ်သည်ဆိုခြင်းကိုတော့ ချန်မိုအောင် ခန့်မှန်းရခက်နေသည်။

ဒီသိုင်းကွက် သိုင်းဟန်မျိုးကို ချန်မိုအောင် မမြင်ဖူးသေး။

ခြင်္သေ့လက် မာယုန်ပြောင်း၏သိုင်းဟန်နှင့် တိုက်ကွက်တို့သည် အဆင့်မြင့်ကာ လွှမ်းမိုးအုပ်စီးထားနိုင်သည့် အနေအထားတွင်



ရှိသော်လည်း လှံ့တိုများကတော့ အညိုရောင်ဝတ်စုံဝတ်လူ၏ဓားရှည်ဖြင့် ထိုးနှက်ထုတ်မှုခံရကိုင်း လန်၍ လန်၍ အကွက်များ ပျက်ကုန်ကြသည်။

အပြီးသတ် ထိုးနှက်ချက်တွင် အားအင်ယုတ်လျော့နေသည့် အခြေအနေကို ချန်မိုအောင် အကဲခတ်မိသည်။

သိုင်းကွက်သိုင်းနဟ် သေသပ်ပိရိပါလျက် အပြီးသတ်တိုက်ချက်တွင် အားပါသင့်သလောက် မပါသောကြောင့် အညိုရောင်ဝတ်စုံဝတ်လူကို အနိုင်ယူထိုးနှက်နိုင်ပါလျက်နှင့် ပွဲမသိမ်းနိုင် ရှိနေသည်။

"မင်းက ခြင်္သေ့လက်လို့ နာမည်ကြီးလောက်ပါတယ်၊ အဆိပ်မိထားတာတောင် မာန်တင်းခုခံနိုင်သေးတယ်၊ ဒါပေမဲ့ မင်းငါ့ကို သိုင်းကွက်ငါးဆယ်လောက်ပဲ ရင်ဆိုင်နိုင်မှာပါ၊ သိုင်းကွက်ငါးဆယ်ကျော်ရင်တော့ မင်းရဲ့တင်းထားတဲ့ အားမာန်တွေ အကုန်ကျကုန်မှာပါ"

အညိုရောင်ဝတ်စုံဝတ်လူ၏ ခပ်လှောင်လှောင်ပြောသံကို ကြားရသည်။

ဤအခါတွင်မှ ခြင်္သေ့လက် မာယုန်ပြောင်းတစ်ယောက် အဆိပ်မိကာ အားအင်ယုတ်လျော့နေခြင်းဖြစ်ကြောင်း နားလည်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အညို့ရောင်ဝတ်စုံဝတ်သူ မည်သူမည်ဝါဖြစ်ကြောင်း မသိသော်လည်း ခြသေ့ဲလက် မာယုန်ပြောင်းကို အဆိပ်ခတ်ပြီးမှ အပိုင်လာတိုက်ခိုက်မှုကို ထောက်၍ အကောက်ဉာဏ်များသူတစ်ယောက်ဖြစ်တာကတော့ သေချာနေသည်။

ဝမ်ဝင်းအေးသည် ခြသေ့ဲလက်မာယုန်ပြောင်းဘက်မှ ဝင်၍ကူညီပေးချင်နေသည်။

ချန်မိုအောင်က အသာစောင့်ကြည့်ရန် လက်ဟန်ပြ ထိန်းသိမ်းထားသောကြောင့်သာ ဝမ်ဝင်းအေးမှာ ငြိမ်၍နေရလေသည်။

ချန်မိုအောင်ကိုယ်တိုင်ကလည်း မာယုန်ပြောင်းဘက်မှ ဝင်ရောက်ကူညီပေးလိုသည်။

သို့သော် ဝမ်ဝင်းအေး ဝင်ကူညီလျှင် ကြမ်းတမ်းပြင်းထန်သော တိုက်ကွက်များ သုံးလျက် လက်လွန်ခြေလွန်တွေ ဖြစ်ကုန်မှာစိုးသောကြောင့် ဟန့်တားထားခြင်း ဖြစ်သည်။

✱

မာယုန်ပြောင်း၏ သိုင်းဟန်လှုပ်ရှားမှုများသည် အဆင့်



မြင့်သည်။

တိုက်စစ်တွင် သေသပ်သလို ဆုတ်ကွက်၊ ရှောင်ကွက်၊ ဟာကွက်၊ တိမ်းကွက်တို့ကလည်း ပိရိကာ စနစ်ကျသည်။

သို့သော် အပြီးသတ်တိုက်ကွက်တွင် အားအင်လျော့နေသောကြောင့် တစ်ဖက်လူကို ဦးမနှိမ်နိုင်ဘဲ ရှိနေသည်။

သိုင်းကွက်နှစ်ဆယ်ကျော် ရင်ဆိုင်တိုက်ခိုက်ပြီးကြသောအခါတွင်တော့ မာယုန်ပြောင်း အခြေယိုင်စပြုလာသည်။

သိုင်းကွက်သိုင်းဟန်အနေအထားနှင့်ပင် တစ်ဖက်လူကို လွှမ်းမိုးထားနိုင်ခြင်း မရှိတော့။

ခံစစ်သာ ပြုနေရသည်။

ဝတ်စုံညို့ဝတ်ထားသူ၏ တိုက်စစ်က ပိုကြမ်းလာသည်။

ပို၍လည်း ရက်စက်သည်။

အသေအကျေတိုက်ခိုက် သတ်ဖြတ်တော့မည့်အသွင်မျိုး ဖြစ်လာသည်။

ပြင်းထန်ကြမ်းတမ်းသော တိုက်ကွက်များကို တစ်ကွက်ပြီး တစ်ကွက် ဆင့်ကာဆင့်ကာ ထုတ်သုံး၍ တရကြမ်း တိုက်ခိုက်ရင်းကြောက်စရာ အသံဆိုးကြီးဖြင့် တဟားဟားရယ်မောနေလေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မာယုန်ပြောင်းမှာ အခြေအနေယိုင်သည့်ထက် ယိုင်၍လာသည်။

အသေအလဲပင် ခုခံကာကွယ်နေရသည်။

မိမိဝင်ကူညီမှ ဖြစ်တော့မည်ဟု ချန်မိုအောင်က ဆုံးဖြတ်လိုက်သည်။

"ဦး ဝင်ကူလိုက်မယ်၊ သမီး အသာစောင့်ကြည့်နေ"

ချန်မိုအောင်က ဝမ်ဝင်းအေးကို ခပ်တိုးတိုး ပြောဆိုမှာကြားသည်။

"သမီး ဝင်တိုက်မယ်"

အဆိပ်သုံးကာ အကောက်ဉာဏ်ဆင်၍ အနိုင်ယူရန် တိုက်ခိုက်နေသော ဝတ်ရုံညိုဝတ်လူကို ဆုံးမချင်၍ လက်ယားနေသော ဝမ်ဝင်းအေးက ပြန်ပြောသည်။

"ဟာ ... သမီးဝင်လို့မဖြစ်ဘူး"

ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့နှစ်ယောက် တိုးတိုးတိုးတိုးနှင့် အချီအချပြောဆိုနေကြချိန်မှာပင် မာယုန်ပြောင်းသည် ဝတ်စုံညိုဝတ်လူ၏ ဘယ်လက်ဝါးရိုက်ချက် အထိခံရကာ ဖင်ထိုင်လျက်လဲကျသည်။

ပါးစပ်မှ သွေးတစ်စက်လည်း အန်ထွက်သည်။



ဝမ်ဝင်းအေး အတင်းပြေးထွက်သည်။ ချန်မိုအောင်လည်း ဝမ်ဝင်းအေးနှင့်အတူ ပြေးထွက်သည်။

"သေပေတော့"

ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့နှစ်ယောက် ပြေးထွက်လာကြသည့်အချိန်မှာပင် ဝတ်စုံညိုဝတ်ထားသူက အော်ဟစ်ကြိမ်းဝါးရင်း မာယုန်ပြောင်းကို ဓားရှည်ဖြင့် အုပ်မိုးခုတ်ပိုင်းချသည်။

မာယုန်ပြောင်းမှာ ရင်ဘတ်တွင် လက်ဝါးရိုက်ချက်အထိခံရသည့်အတွက် အသက်ရှူကျပ်ကာ လျင်မြန်စွာ လှုပ်ရှားရခက်နေသည်။

အားပြင်းပြီး မြန်လှသော ဓားချက်ကို ရှောင်ရန်မတတ်သာတော့။

ထို့နောက် နောက်ဆုံးစွန့်စားသည့်အနေဖြင့် ညာလက်တွင် ကိုင်ထားသော လုံတိုလေးဖြင့် တစ်ဖက်လူကို လှမ်းပစ်လိုက်သည်။

"ဝှစ်"

"တောက်"

"ဒွိ"

"အား"

"အား"

www.burmeseclassic.com

www.burmeseclassic.com



"ရပ်လိုက်စမ်း ... လူယုတ်မာကြီး"

အသံတွေ ဆက်တိုက် ပေါ်ထွက်သည်။

လျှင်မြန်လှသော လှုပ်ရှားမှုတွေကလည်း ဆက်တိုက်ပင် ဖြစ်ပွားသည်။

✱

အသက်ရှူကျပ်ကာ လှုပ်ရှားမှုပင် ပြုရခက်နေသော မာယုန်ပြောင်းသည် နောက်ဆုံးကျန်သမျှအားများ အကုန်စုကာ လှံတိုလေးနှင့် လှမ်းပစ်လိုက်ရခြင်း ဖြစ်သည်။

သို့သော် ဝတ်စုံညိုဝတ်လူသည် အလွန်နီးကပ်စွာ ရှိနေပေရာ မာယုန်ပြောင်း အားအင်တွေ ဖျစ်ညှစ်သုံးကာ ပစ်လိုက်သော လှံတိုလေးက ဝတ်စုံညိုဝတ်လူ၏ညာပေါင်လယ်ကို ထိုးစိုက်ထိမိသွားသည်။

ထိုထိချက်ကြောင့် ဝတ်စုံညိုဝတ်လူ၏ဓားချက်မှာလည်း မဆိုစလောက် တိမ်းစောင်း၍သွားသည်။

မူလ ဦးတည်ရာဖြစ်သော လည်တိုင်ကို မခုတ်မိတော့။



မာယုန်ပြောင်း၏ညာပခုံးကိုသာ ခုတ်မိသည်။

နှစ်ယောက်လုံး အထိနာသည်။ အော်ဟစ်သံများ ပြိုင်တူ ပေါ်သည်။

ထို့နောက် ဝမ်ဝင်းအေး၏ ကြုံးဝါးဟန့်တားသံက အပြီးသတ် ထွက်ပေါ်လာခဲ့သည်။

စွန့်စားကာ ပစ်လွှတ်လိုက်သော လှံတိုလေးက မာယုန်ပြောင်းကို ခေါင်းနှင့်ကိုယ် အိုးစားကွဲတော့မည့်အဖြစ်မှ လက်မတင်လေး ကယ်တင်လိုက်သည်ဟု ဆိုရမည်။

ဝတ်စုံညိုဝတ်လူသည် ညာပေါင်လယ်တွင် ဒဏ်ရာရမှုကြောင့် ယိမ်းယိုင်သွားကာ ကိုယ်ဟန်ကို အမြန်ထိန်းကာ ဓားရှည်ဖြင့် ထပ်၍ ခုတ်ချမည် ပြုသေးသည်။

သို့သော် ပြေးဝင်လာကြသော ဝမ်ဝင်းအေးနှင့်ချန်မိုအောင်တို့ကို မြင်သွားအသည့်အတွက် ဓားရှည်ကို အမြန်သိမ်း၍ ရှောင်တိမ်းထွက်သွားလေတော့သည်။

အဆိပ်မိနေသည့်အပြင် လက်ဝါးရိုက်ချက် ထိသည့်ဒဏ်ရာရော၊ ဓားဒဏ်ရာပါရထားသည့် မာယုန်ပြောင်းကို အပိုင်တိုက်ခိုက်သုတ်သင်နိုင်မည်ဖြစ်သော်လည်း မာယုန်ပြောင်းဘက်မှ ကူညီရန်ရောက်လာသည့် လူနှစ်ယောက်ကိုတော့ ခြေထောက်တွင်ဒဏ်

www.burmeseclassic.com

www.burmeseclassic.com



ရာရထားသော မိမိအနေနှင့် ရင်ဆိုင်တိုက်ခိုက်လျှင် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ တွေ့နိုင်မည်ကို သဘောပေါက်သောကြောင့် ကသောကမျော ရှောင်တိမ်း ထွက်ပြေးသွားခြင်းဖြစ်သည်။

ဝမ်ဝင်းအေးက ဝတ်စုံညိုဝတ်လူ၏နောက်သို့ ပြေးလိုက်မည်ပြုသေးသည်။

ချွန်မိုအောင်က ဟန့်တားပြီးနောက် ဒဏ်ရာများနှင့် လဲကျနေသော မာယုန်ပြောင်းကို ဖေးမတွဲထူသည်။

ဒဏ်ရာတွေက ပြင်းသော်လည်း မာယုန်ပြောင်းမှာ သတိမလစ် ဖေးမထူပေးမှုဖြင့် အသာထိုင်နိုင်သည်။

ချွန်မိုအောင်က သူဆောင်ထားသော ဒဏ်ကြေးအားတိုးဆေးကို တိုက်ကျွေးသည်။

ဝမ်ဝင်းအေးက ဒဏ်ရာများတွင် ဆေးများ ထည့်ပေးသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

မာယုန်ပြောင်းက မေးသည်။

"ကျုပ်နာမည် ချွန်မိုအောင်၊ သူက ကျုပ်တူမလေး၊ ခင်ဗျားကို တိုက်ခိုက်သွားတဲ့လူက ဘယ်သူလဲ"

ချွန်မိုအောင်က ပြန်ပြောသည်။



တာမင်ပင် ဝမ်ဝင်းအေး၏အမည်ကို မပြောဘဲထားလိုက်သည်။

"သင်းကွဲမျောက် ဟော်ဆွန်ဘီဆိုတဲ့လူပဲ"

ဤအမည်ကို ချွန်မိုအောင် မကြားဖူးပါ။

အရှေ့ပိုင်းဒေသမှ သိုင်းသမားတစ်ယောက်ဖြစ်ဟန်တူသည်။

"သူက ဘာကြောင့် ခင်ဗျားကို အကောက်ကြံပြီး အသေသတ်ဖို့ ကြိုးစားရတာလဲ"

"ကျွန်တော့်ဆီက နဂါးရန်နှိမ်ကြေးပြားချပ်ကို လိုချင်လို့"

"နဂါးရန်နှိမ် ကြေးပြားချပ်ဆိုတာက"

ဝမ်ဝင်းအေးက ဝင်မေးသည်။

"လာမယ့် အရှေ့ပိုင်း နဂါးသိုင်းပညာ ယှဉ်ပြိုင်ပွဲမှာ မိုးနတ်နဂါး ထောက်ကျွန်းဖန်ကို အနိုင်ယူနိုင်ဖို့ တီထွင်ထားတဲ့ သိုင်းကွက်သုံးကွက်ဆိုပါတော့"

"သင်းကွဲမျောက် ဟော်ဆွန်ဘီက ဘာကြောင့် နဂါးရန်နှိမ်ကြေးပြားချပ်ကို လိုချင်ရတာလဲ၊ မိုးနတ်နဂါး ထောက်ကျွန်းဖန်က သူ့ကို အနိုင်ယူမယ့်သိုင်းကွက်တွေကို ဖျက်ဆီးပစ်ချင်လို့ စေခိုင်းလိုက်တာများလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မဟုတ်တာ၊ ထောက်ကျန်းဖန်မှာ သိက္ခာသမာဓိ ပြည့်ဝတဲ့ တကယ့်သိုင်းသမားကောင်းကြီးတစ်ယောက်ပဲ၊ ဒီလို အလုပ်မျိုး ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး"

မိုးနတ်နဂါးထောက်ကျန်းဖန် ဖြောင့်မှန်တည်ကြည်သော သိုင်းသမားကောင်းတစ်ယောက် မဟုတ်ကြောင်း ပြနိုင်စရာအ ကြောင်းအချက် တစ်ခုခုရလိုရငြား မေးမြန်းကြည့်လိုက်သော ဝမ်ဝင်းအေးမှာ ခြသေ့်လက် မာယုန်ပြောင်း၏ အဖြေစကားကြောင့် မျက်နှာတစ်ချက်ရှုံ့မိသည်။

ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့သည် မိုးနတ်နဂါးထောက် ကျန်းဖန်အကြောင်း တီးခေါက်စူးစမ်းကြည့်ရန် မာယုန်ပြောင်းထံသို့ လာခဲ့ကြခြင်းဖြစ်သည်။

ယခု မာယုန်ပြောင်း၏အဖြေစကားသည် သူတို့အတွက် ထပ်မံမေးမြန်းစူးစမ်းစရာ မလိုတော့အောင်ပင် ဖြစ်သွားရသည်။

မာယုန်ပြောင်းကို ထပ်မံ၍ မေးမြန်းကြည့်လျှင်လည်း ထောက်ကျန်းဖန်သည် သိုင်းသမားကောင်းတစ်ယောက်ဖြစ်ကြောင်း ကိုသာ ပြောပေလိမ့်မည်။

ထို့နောက် ချန်မိုအောင်က မာယုန်ပြောင်းကို ဖေးမတွဲခေါ် ကာ အိမ်လေးထဲသို့ ပို့ပေးသည်။



"ခင်ဗျားဒဏ်ရာတွေ အတော်ပြင်းတယ်၊ ကောင်းကောင်း အနားယူပြီး ကုသဖို့ လိုလိမ့်မယ်၊ ရွာအပြင်က အိမ်လေးထဲမှာ ခင်ဗျားတစ်ယောက်တည်း နေလို့ ဖြစ်ပါ့မလား၊ ရွာထဲကို ပြောင်းနေ ပါလား"

ချန်မိုအောင်က ပြောသည်။

"ရပါတယ်၊ ဒီနေရာမှာ ကျွန်တော် နေလာတာ နှစ်ပေါင်း မနည်းတော့ပါဘူး"

"သင်းကွဲမျောက် ဟော်ဆွေ့နဲ့ဘီ လာပြီးအန္တရာယ်ပြုဦးမယ်"

"အဲဒီအတွက် ခင်ဗျားကို အကူအညီတောင်းချင်တယ်"

"ပြောပါ၊ ကျွန်တော်တို့ ဘာကူညီပေးရမလဲ"

"နဂါးရန်နှိမ် ကြေးပြားချပ်ကို ထောက်ကျန်းဖန်လက် အရောက်ပို့ပေးပါ၊ ထိန်းသိမ်းစောင့်ရှောက်ပေးထားဖို့ ကျွန်တော်က ပေးလိုက်တယ်လို့ ပြောပေးပါ"

ချန်မိုအောင်နှင့်ဝမ်ဝင်းအေးတို့ အံ့သြသွားကြသည်။

"နဂါးရန်နှိမ် ကြေးပြားချပ်ကို ထောက်ကျန်းဖန်လက်ထဲ အပ်မယ်ဟုတ်လား"

ချန်မိုအောင်က မေးလိုက်မိသည်။

"ဟုတ်တယ်လေ၊ ကျွန်တော်က ဒဏ်ရာရနေတော့ သင်းကွဲ

www.burmeseclassic.com

www.burmeseclassic.com



မျှောက် တစ်ခေါက်ထပ်လာရင် ခုခံကာကွယ်နိုင်တော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ထောက်ကျန်းဖန်ဆီ ပို့အပ်ထားတာ၊ ဒီကြေးပြားချပ် ကျွန်တော့်ဆီမှာ မရှိတော့ရင် သင်းကွဲမျှောက်လည်း လာရန်ပြုလုယက်စရာအကြောင်း မရှိတော့ဘူး"

"နဂါးရန်နှိမ် ကြေးပြားချပ်အကြောင်း ထောက်ကျန်းဖန် သိသလား"

"သိတာပေါ့"

"ဒါနဲ့များတောင် ဒီကြေးပြားချပ်ကို သူ့လက် အပ်ပို့မလို့ လား"

"ဘာကြောင့် မပို့ရမှာလဲ"

"သူက ကြေးပြားချပ်ကိုကြည့်ပြီး ခင်ဗျားရဲ့ သိုင်းကွက် ဆန်းတွေကို သိသွားမှာပေါ့၊ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားနိုင် တယ်၊ ဒါမှမဟုတ် ကြေးပြားချပ်ကိုတောင် ဖျက်ဆီးချင် ဖျက်ဆီးပစ် နိုင်တယ်"

"ခင်ဗျားက ဘာကြောင့်များ ထောက်ကျန်းဖန်အပေါ် သံသယတွေ အမျိုးမျိုး ဝင်နေတာလည်း မပြောတတ်ဘူး၊ ကျွန်တော် ကတော့ သူ့ကို အပြည့်အဝယုံတယ်၊ သူ ဒီလိုမျိုးတွေ လုံးဝမလုပ် ဘူး"



"ကောင်းပြီလေ၊ ခင်ဗျားက ဒီလိုပြောမှတော့ ကျုပ်တို့က အကျိုးဆောင်ပြီး ပို့ပေးရတာပေါ့"

"ကျေးဇူးတင်ပါတယ်ဗျာ"

"မိုးနတ်နဂါး ထောက်ကျန်းဖန်ကို ဘယ်မှာသွားတွေ့ရမှာ လဲ၊ သူက ဘယ်မှာနေတာလဲ"

"မိုးနတ်နဂါးဂေဟာမှာ သူ ရှိနေပါလိမ့်မယ်၊ မိုးနတ်နဂါး ဂေဟာကိုတော့ ဒီအရှေ့ပိုင်းဒေသမှာ ဘယ်သူ့ကိုမေးမေး ရတယ်"

*

ခြသေ့်လက် မာယုန်ပြောင်းပေးလိုက်သော နဂါးရန်နှိမ် ကြေးပြားချပ်ကို ယူဆောင်ကာ ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့ မိုးနတ်နဂါးဂေဟာသို့ ရောက်လာကြသည်။

မိုးနတ်နဂါးဂေဟာသည် ခမ်းနားထည်ဝါသည်။

နန်းဆောင်တစ်ခုခုဟုပင် ထင်မှတ်မှားနိုင်သည်။

လက်နက်ကိုင်သိုင်းသမား အစောင့်အကြပ်များလည်း ရှိ သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အစစ်အဆေး အမေးအမြန်း သိပ်မရှိ။

သာမန်သဘော စစ်ဆေးမှုများသာ တွေ့ရပြီး ထောက်ကျန်းဖန်ရှေ့မှောက်သို့ လွယ်ကူချောမောစွာ ရောက်ရှိသွားကြသည်။

မည်သို့ပင်ဖြစ်စေ မိုးနတ်နဂါး ထောက်ကျန်းဖန်နှင့် မျက်နှာချင်းဆိုင် တွေ့ဆုံရသည်က အမြတ်ဟု ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့ သဘောထားကြသည်။

သူတို့နှစ်ယောက်လုံးက ထောက်ကျန်းဖန်ကို သေသေချာချာ အကဲခတ်ကြည့်ရှုကြသည်။

မိုးနတ်နဂါး ထောက်ကျန်းဖန်သည် အသက် (၅၀) ခန့် ရှိသည်။

ရုပ်ရည်က မွန်ရည်ခန့်ညားကာ ယောကျ်ားပီသသည်။

အရပ်လည်း အတော်မြင့်သည်။

မျက်ခုံးထူထူ စူးရှတောက်ပသော မျက်လုံးများရှိကာ နှာတံပေါ်သည်။

နှုတ်ခမ်းများသည် ပါးလှပ်ပိရိသည်။

မေးရိုးများ ခိုင်မာသည်။

မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိသော ဟန်ဟိတ်လည်း ရှိသည်။



"ခရီးဝေးကလာကြတဲ့ သိုင်းဧည့်သည်တွေ မှတ်တယ်၊ ကျုပ် ထောက်ကျန်းဖန်ပါ၊ ဘယ်လိုအကူအညီများ ပေးနိုင်မလဲလို့ သိပါရစေ"

ချန်မိုအောင်ကို စူးစိုက်အကဲခတ်နေကြသည်ဟု မသိကျိုးကျွန်ပြုကာ ထောက်ကျန်းဖန်က ပြောသည်။

ဟန်ဟိတ် အတော်ရှိသည့်တိုင် အပြောအဆိုကတော့ မွန်ရည်သည်။

"ကျုပ်က ချန်မိုအောင်၊ သူကတော့ ကျုပ်တူမလေး နွယ်လေးပါ၊ ခရီးဝေး သိုင်းဧည့်သည်တွေဆိုတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ကျုပ်တို့က ခြသေ့်လက် မာယုန်ပြောင်းက အကူအညီတောင်းခိုင်းလို့ သူ့ကိုယ်စား ရောက်လာကြတာပါ"

ဝမ်ဝင်းအေး၏အမည်မှန်ကို အသိမပေးလိုသောကြောင့် သူ တစ်ချိန်က အမှတ်မှားခဲ့သောအမည်ကို အစားထိုးသုံးကာ ချန်မိုအောင်က ပြောလိုက်သည်။

မိမိ၏အမည်မှန်ကို ဘာကြောင့် ထုတ်မပြောဘဲ ထားသည်ကို နားလည်သောကြောင့် ဝမ်ဝင်းအေးကလည်း ခပ်မဆိတ်ပင် နေသည်။

"မာယုန်ပြောင်းက လွှတ်လိုက်တာလား၊ ဒါဆို ကျုပ်မိတ်

www.burmeseclassic.com

www.burmeseclassic.com



ခွေတွေပဲပေါ့၊ ပြောစရာဆိုစရာရှိတာ ပြောပါ၊ ဘာမှအားနာစရာမရှိတော့ဘူး"

ထောက်ကျန်းဖန်၏အသွင်က ပို၍ ခင်မင်ရင်းနှီးမှုရှိလာသည်။

ချန်မိုအောင်က သင်းကွဲမျောက်ပေါ်ဆွန်ဘီ၏ အကောက်ကြံ တိုက်ခိုက်မှုကြောင့် မာယုန်ပြောင်း ဒဏ်ရာရသွားပုံနှင့် နဂါးရန်နှိမ် ကြေးပြားချပ်ကို ယူဆောင်လာခဲ့ရပုံအကြောင်းများကို အတိုချုပ်ကာ ပြောပြလိုက်သည်။

"သင်းကွဲမျောက် ပြန်ပေါ်ထွက်လာတာကိုး၊ ကြိုတင်မသိမိတာ ကျုပ်ရဲ့ပေါ့ဆမှုပဲ၊ သင်းကွဲမျောက်ကို အမိဖမ်းနိုင်ဖို့ ကျုပ်စီစဉ်လိုက်ပါ့မယ်၊ မိတ်ဆွေကြီး မာယုန်ပြောင်းဆီကိုလည်း ကျုပ်ကိုယ်တိုင် သတင်းမေးသွားပြီး လိုအပ်တာတွေ ကူညီလုပ်ဆောင်ပေးလိုက်ပါ့မယ်၊ အခုလိုရောက်လာပြီး အကြောင်းစုံပြောပြတာ ကျေးဇူးတင်ပါတယ်"

ထောက်ကျန်းဖန်၏မိတ်ဆွေကောင်းနှင့် ခေါင်းဆောင်ကောင်းပီသသော ထိုအပြောအဆိုများသည် ချန်မိုအောင်ကို အတော်ပင် ဇဝေဇဝါဖြစ်သွားစေသည်။

ဝမ်ဝင်းအေးပြောသည့်ပြစ်မှုကြီးများကို ဒီလိုလူတစ်



ယောက်က ကျူးလွန်ခဲ့သည်ဆိုခြင်းမှာ ဟုတ်မှဟုတ်ပါ့မလားဟုပင်ထင်သည်။

ချန်မိုအောင်က ဆီစိမ်စက္ကူအိတ်တွင်ထည့်ကာ ကတ္တီပါစဖြင့် ထပ်မံပတ်ထုတ်ထားသည့် နဂါးရန်နှိမ်ကြေးပြားချပ်ကို ထောက်ကျန်းဖန်လက်သို့ ပေးအပ်လိုက်သည်။

ထောက်ကျန်းဖန်က တလေးတစားပင် လက်ခံယူသည်။

"ဒီပစ္စည်းကို သေသေချာချာ သိမ်းဆည်းထားပေးပါ့မယ်၊ ခရီးဝေးကလာတဲ့ သိုင်းညီသည်တွေကို ကျုပ်ရဲ့အိမ်ဂေဟာမှာ တည်းခိုနေထိုင်ဖို့ ဖိတ်ခေါ်ပါတယ်"

နဂါးရန်နှိမ် ကြေးပြားချပ်ကို လက်ခံယူပြီးနောက် ထောက်ကျန်းဖန်က ပြောသည်။

မိုးနတ်နဂါး ထောက်ကျန်းဖန်ကို အနီးကပ်လေ့လာစူးစမ်းနိုင်မည့် အခွင့်အရေးရနိုင်သည်မို့ ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့က ဖိတ်ခေါ်မှုကို လက်ခံလိုက်ကြသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့သည် မိုးနတ်နဂါးဂေဟာတွင် တည်းခိုနေထိုင်ကြရင်း ထောက်ကျန်းဖန်နှင့် ပတ်သက်သည်များကို စုံစမ်းအကဲခတ်ကြသည်။

စုံစမ်းအကဲခတ်မှု ရည်ရွယ်ချက်ချင်းကတော့ ခြားနားသည်ဟု ဆိုရမည်။

ချန်မိုအောင်က ထောက်ကျန်းဖန်အနေဖြင့် ဝမ်ဝင်းအေးပြောသလို အပြစ်ကြီးများ ကျူးလွန်ခဲ့မှုနှင့် ပတ်သက်သည့် သက်သေအထောက်အထား သဲလွန်စများကို စုံစမ်းသည်။

ဝမ်ဝင်းအေးကတော့ ထောက်ကျန်းဖန်ကို တိုက်ခိုက်လျှင် အသုံးပြုရမည့် ဝင်လမ်းထွက်လမ်း အခြေအနေကို ထောက်ကျန်းဖန်၏အသွားအလာ အပြုအမူ စသည်တို့ကို စူးစမ်းသည်။

ထိုရက်များအတွင်း ထောက်ကျန်းဖန်ထံသို့ အကူအညီတောင်းရန် ပြောဆိုတိုင်တန်းရန်အတွက် သိုင်းသမားများရော၊ အရပ်သားများပါ ရောက်လာကြသည်ကို တွေ့မြင်နေကြရသည်။

လာရောက်သူများအတွက် ထောက်ကျန်းဖန်က ကူညီသင့်သည်များ ကူညီစီမံမှုများ ကိုယ်တိုင်ကိုယ်ကျ လာရောက်ပြောဆို အကူအညီတောင်းခြင်း မရှိသည့်တိုင် ကူညီရန်နှင့် အရေးယူဆောင်ရွက်ရန် လိုအပ်သည်များကို ထောက်ကျန်းဖန်က မိမိဘာသာ လုပ်



ဆောင်သည်များကိုလည်း သိရမြင်ရသည်။

ထောက်ကျန်းဖန်သည် အပျော်အပါး အသောက်အစား အနည်းအကျဉ်းရှိသည်ကလွဲ၍ စိတ်ထားဖြောင့်မှန်ကာ အများအကျိုး ဆောင်ရွက်နေသည့် လမ်းမှန်သိုင်းသမားကောင်းကြီး ဖြစ်သည်ဆိုခြင်းကို သိသာထင်ရှားသည်ထက် ထင်ရှားစေသည့် အဖြစ်အပျက် အကြောင်းခြင်းရာများကို တွေ့ပြီးရင်း တွေ့နေကြရသည်။

ချန်မိုအောင်နှင့်ဝမ်ဝင်းအေးတို့သည် မိုးနတ်နဂါးဂေဟာတွင် တစ်လကြာမျှပင် နေထိုင်ခဲ့ကြသည်။

ထို့နောက် အရှေ့ပိုင်း နဂါးသိုင်းပညာ ယှဉ်ပြိုင်ပွဲ ပြုလုပ်ရန်လည်း အချိန်မှာ လပိုင်းသာ လိုတော့သည့်အတွက် သိုင်းပညာပြိုင်ပွဲနှင့်ပတ်သက်သည့် စီစဉ်လုပ်ဆောင်မှုများဖြင့် မိုးနတ်နဂါးဂေဟာတွင် အလုပ်တွေ ရှုပ်လာသည်။

သိုင်းဧည့်သည် အဝင်အထွက်လည်း ပိုများလာသည်။

ထို့ကြောင့် ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့သည် အလိုက်သိစွာပင် ထောက်ကျန်းဖန်ကို နှုတ်ဆက်လျက် မိုးနတ်နဂါးဂေဟာမှ ထွက်ခွာလာခဲ့ကြသည်။

"ဘယ်လိုဆက်လုပ်ကြရင် ကောင်းမလဲ"

မိုးနတ်နဂါးဂေဟာမှ နှုတ်ဆက်ထွက်ခွာလာခဲ့ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



လူသူရှင်းလင်းသော လမ်းတစ်နေရာရှိ သစ်ပင်ရိပ်တွင် ခေတ္တနားကြသောအခါ ချန်မိုအောင်က စကားစ,သည်။

"သမီးကတော့ ဒီအရှေ့ပိုင်းဒေသက ပြန်ထွက်သွားပြီး လူသူအသွားအလာ သိပ်မရှိတဲ့ နေရာတစ်ခုခုမှာ အသာသွားပြီး ခိုနေလိုက်မယ်၊ အရှေ့ပိုင်းနဂါးသိုင်းပညာပြိုင်ပွဲအပြီးမှာ ထောက်ကျန်းဖန်ကိုသွားပြီး တိုက်ခိုက်မယ်"

ဝမ်ဝင်းအေးက သူမ၏စိတ်ကူးအကြံကို ပြတ်သားစွာ ပြောသည်။

"ထောက်ကျန်းဖန်ကို တိုက်ခိုက်ဖို့ စိတ်ကူးရှိနေသေးတာကိုး"

"သူဟာ အပြစ်ကြီးတွေ ကျူးလွန်ခဲ့တဲ့လူတစ်ယောက်ပဲ၊ သူ့ကို တိုက်ခိုက်သုတ်သင်ပစ်ရမှာပေါ့"

"သက်သေအထောက်အထားတစ်ခုမှတောင် ရှာလို့မရသေးတာ၊ သူ့ကို အပြစ်ကျူးလွန်ခဲ့တယ်လို့ ပြောလို့ရမလား"

"ဒါက ဦးတို့ရဲ့အမြင်ပဲ၊ သမီးတို့အဖို့ကတော့ သူ အပြစ်ကြီးတွေ ကျူးလွန်ခဲ့တယ်ဆိုတာ သိပ်ကို သေချာနေတယ်၊ ဘာသက်သေမှ မလိုဘူး"

ထောက်ကျန်းဖန် အပြစ်ကျူးလွန်တယ်လို့ ဘာကြောင့်



သေချာပေါက် ပြောနေရတာလဲ" -

ချန်မိုအောင်၏အမေးကို ဝမ်ဝင်းအေး ပြန်မဖြေပါ။

အသာဆိတ်ဆိတ်နေပြီးမှ အခြားမေးခွန်းတစ်ခု ထုတ်သည်။

"ဦးကကော ... ဘာဆက်လုပ်မယ် စိတ်ကူးလဲ"

"ရှင်းရှင်းပြောရရင် ဦးလည်း ဘာလုပ်ရမယ် မသိတော့ဘူး၊ ဒီတော့ သမီးနဲ့ပဲ အတူလိုက်ခဲ့ရမှာပဲ"

"ထောက်ကျန်းဖန်ကို ရင်ဆိုင်တိုက်ခိုက်မယ့် သမီးရဲ့အစီအစဉ်ကို ဟန့်တားဖျက်ဆီးတဲ့အလုပ်တွေ မလုပ်ဘူးဆိုရင် သမီးနဲ့ အတူတူ လိုက်ချင်လိုက်လာနိုင်ပါတယ်၊ ဘယ်လိုလဲ ကတိပေးနိုင်မလား"

ချန်မိုအောင်သည် ခေတ္တမျှ စဉ်းစားလိုက်ပြီး ...

"အင်း ... ကတိပေးတယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

ချန်မိုအောင်နှင့်ဝမ်ဝင်းအေးတို့သည် အရှေ့ပိုင်းဒေသမှ ချက်ချင်းထွက်ခွာမသွားကြပါ။

ငါးရက်မျှ ဆက်လက်နေထိုင်ကြကာ ထောက်ကျန်းဖန်အကြောင်း စုံစမ်းကြသေးသည်။

ဘာမျှထူးခြားသည့်အကြောင်းများ မသိရပါ။

ဆက်လက်စုံစမ်းနေလျှင်လည်း အကြောင်းထူးလာမည်မဟုတ်သည့်အတွက် ချန်မိုအောင်သည် ဝမ်ဝင်းအေး၏ဆန္ဒအတိုင်း အရှေ့ပိုင်းဒေသမှ ထွက်ခွာလာခဲ့သည်။

ယန်ဝေးမြစ်သို့မရောက်မီ လမ်းခရီးတွင် မိုးနတ်နဂါးထောက်ကျန်းဖန်သည် အရေးပေါ်ကိစ္စတစ်ခုကြောင့် အစောတလျင်ခရီးထွက်သွားသည်ဆိုသော သတင်းကို သိုးသိုးသန့်သန့် ကြားကြရလေသည်။

ချန်မိုအောင်က ထိုသတင်းကို အခြေပြုလျက် စုံစမ်းမှုများ



လုပ်ကြည့်ချင်သည်။

သို့သော် ဝမ်ဝင်းအေးက ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်ဆိုသလို ထောက်ကျန်းဖန်အား အတိအလင်း ရင်ဆိုင်တိုက်ခိုက်ခြင်းမပြုမီ မိမိ၏လှုပ်ရှားမှုများ လုံးဝမရှိရအောင် ခြေရာဖျောက်ထားချင်သည့်အတွက် အရှေ့ပိုင်းဒေသသို့ ပြန်မလာညှိချင်တော့။

အရှေ့ပိုင်းဒေသမှ ထွက်ခွာသွားရန်သာ စိတ်အားထက်သန်နေသည်။

ထို့ကြောင့် ချန်မိုအောင်လည်း ဝမ်ဝင်းအေးသွားရာနောက်သို့သာ လိုက်ပါခဲ့ရလေတော့သည်။

သူတို့နှစ်ယောက်သည် မနှေးမမြန်ပုံမှန်သာ ခရီးနှင်ကြသည်။

လမ်းတွင် ဘာအနှောင့်အယှက်မှ မကြုံရတော့သလို မည်သည့်အကြောင်းကိစ္စမျှလည်း မဖြစ်တော့ဘဲ ယန်ဝေးမြစ်သို့ ရောက်ရှိသွားကြသည်။

"ဟိုဘက်ကမ်းကိုရောက်ရင် မျက်စိမမြင်တဲ့ အမျိုးသမီးကြီးဆိုင်မှာပဲ သွားစားသောက်ကြရအောင်နော် ဦး"

ယန်ဝေးမြစ်ကို ဝါးဖောင်ကူးတို့ဖြင့် ဖြတ်ကူးနေခိုက် ဝမ်ဝင်းအေးက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးက အဲဒီစားသောက်ဆိုင်လေးကို သတိရနေတုန်းပဲကိုး"

"ဟုတ်တယ် ဦးရဲ့၊ အဲဒီ မျက်မမြင် အမျိုးသမီးကြီးက ဟင်းချက် သိပ်ကောင်းတာပဲလေ၊ ပြီးတော့ သူ့ဆိုင်လေးကလည်း စိတ်ဝင်စားစရာ မဟုတ်လား"

တစ်ဖက်ကမ်းသို့ ရောက်ကြသောအခါ ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့သည် မျက်မမြင် အမျိုးသမီးကြီး၏ စားသောက်ဆိုင်လေးသို့ ဆက်၍သွားကြလေသည်။

❋

စားသောက်ဆိုင်လေးကို လှမ်းမြင်ရသည်နှင့်ပင် သာမန်အနေအထား၊ ပုံမှန်အခြေအနေ မရှိသည်ကို အကဲခတ်မိကြသည်။

"ဟင် ... ဘယ်လိုလဲ၊ ဆိုင်လေးက ငြိမ်ပြီး ခြောက်ကပ်နေပါလား၊ မီးခိုတွေ၊ ဘာတွေလည်း ထွက်မနေဘူး"

ဝမ်ဝင်းအေးက ပြောသည်။

"ဟုတ်တယ်၊ တစ်ခုခုတော့ ဖြစ်နေပြီထင်တယ်၊ အမြန်



သွားကြည့်ကြရအောင်"

"ကောင်းတယ် ဦး၊ သွားကြမယ်"

နှစ်ယောက်သား မြင်းများကို အသော့နှင်လိုက်ကြသည်။

ဆိုင်ကလေးရှိရာသို့ ဖြတ်ကူးသွားရသည့် ဝါးတံတားလေးထိပ်တွင် မြင်းများကို ရပ်ကြသည်။

မြင်းပေါ်မှဆင်းကာ ဝါးတံတားလေးကို အမြန်ဖြတ်ကူးလျက် ဆိုင်လေးသို့သွားကြသည်။

ဆိုင်ထဲတွင် မည်သူမျှမရှိ။

စားသောက်သူတွေလည်း မရှိ။

ဆိုင်ရှင် မျက်မမြင်အမျိုးသမီးကြီးနှင့် သူမ၏သား အုမင်ဆိုသူကိုလည်း မတွေ့ရ။

တစ်ဆိုင်လုံးတွင် ဖုန်များ၊ အမှိုက်များ ရှုပ်ပွနေသည်။

စားပွဲ၊ ထိုင်ခုံများ ဖရိုဖရဲဖြစ်လျက် သစ်ရွက်ခြောက်များ၊ သစ်ကိုင်းခြောက်များလည်း ပြန့်ကျဲလျက်၊ အချို့နေရာများတွင် ပင့်ကူများပင် အိမ်ဖွဲ့နေသည်။

ဆိုင်မဖွင့်ဘဲ လူသူကင်းဝေးကာ နေခဲ့သည်မှာ ကာလအတော်ကြာပြီဖြစ်ကြောင်း ထင်ရှားသိသာနိုင်သည်။

"ဘယ်လိုဖြစ်ကုန်ကြတာလည်း မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ဝင်းအေးက တအံ့တသြ ရေရွတ်သည်။

ထိုအခိုက် ဆိုင်အတွင်းဘက် အခန်းထဲမှ ထူးဆန်းသော စကားသံတစ်ခုကို သူတို့ ကြားကြရသည်။

"ကြောက်ပါတယ်ဗျာ ... ကြောက်ပါတယ်၊ ကျွန်တော့်ကို မသတ်ပါနဲ့"

ချန်မိုအောင်နှင့်ဝမ်ဝင်းအေးတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

"အူမင်ရဲ့အသံ ဖြစ်လိမ့်မယ်"

ချန်မိုအောင်က ခပ်တိုးတိုးပြောသည်။

"ဟုတ်နိုင်တယ်၊ သမီးတို့ သွားကြည့်ကြရအောင်လား"

ချန်မိုအောင်က ခေါင်းညိတ်သဘောတူသည်။

ထို့နောက် သူတို့နှစ်ယောက်သည် ဆိုင်အနောက်ဘက်ခန်း ဆီသို့ သတိရှိရှိနှင့် ချဉ်းကပ်သွားကြသည်။

"မသတ်ပါနဲ့၊ ကျွန်တော့်ကို မသတ်ပါနဲ့၊ ချမ်းသာပေးပါ၊ ကြောက်ပါတယ်"

ဆိုင်အနောက်ဘက်ခန်းထဲမှ အော်သံကတော့ ဆက်တိုက် ပေါ်ထွက်နေသည်။

ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့လည်း ဆိုင်အနောက်ဘက်



ခန်းထဲသို့ လျင်မြန်စွာ ဝင်လိုက်ကြသည်။

အခန်းထဲတွင် အူမင် ရှိနေသည်။

အဝတ်အစားများ စုတ်ပြတ်ညစ်ပေလျက် အခန်းထောင့် တစ်နေရာတွင် တုန်လှုပ်ချောက်ချားစွာ ထိုင်ကာ မျက်စိမှိတ်၍ အော် ဟစ်နေသည်။

ထိုအခန်းထဲတွင် ဟောင်းနွမ်းနေသော ဝါးကွပ်ပျစ်တစ်ခု၊ ကျွန်းသားထိုင်ခုံအဟောင်းကြီးတစ်လုံးနှင့် ဖုန်များ၊ အမှိုက်သရိုက် များ၊ ပင့်ကူအိမ်များ ရှိနေသည်။

"အူမင် ... သတိထားပါ"

ဝမ်ဝင်းအေးက ဖြေသိမ့်သံပြုလိုက်သည်။

အူမင်၏မှိတ်ထားသော မျက်လုံးအစုံ ပွင့်လာသည်။

ပြူးကျယ်သော မျက်လုံးကြီးများဖြင့် ချန်မိုအောင်တို့ကို စိုက်ကြည့်သည်။

ခြေကားရားလက်ကားရားဖြင့် အလန့်တကြား အော်ဟစ် ပြန်သည်။

"ကျွန်တော့်ကို မသတ်ပါနဲ့ဗျာ၊ မသတ်ပါနဲ့၊ ကြောက်ပါ တယ်"

ပုပ်အဲ့အဲ့အနံ့တစ်ခုကိုလည်း ရှူမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အပုပ်နံ့ရတယ်"

ချန်မိုအောင်က ဟီးတိုးပြောသည်။

"ဟုတ်တယ်၊ ဘာဖြစ်တယ်ဆိုတာ မေးကြည့်ရအောင်"

ဝမ်ဝင်းအေးက ပြန်ပြောသည်။

"သမီးကလည်း အရှုးကိုမေးကြည့်လို့ အမှန်တွေ သိနိုင်မှာတဲ့လား"

"သိတာပေါ့ ဦးရဲ့၊ အရူးကမှ အမှန်စကားပြောတယ်ဆိုတာ ဦး မကြားမိဘူးလား"

ဝမ်ဝင်းအေးသည် ချန်မိုအောင်ကို ပြောပြီးနောက် ရှေ့သို့ အသာလှမ်းတက်ကာ စကားသံအေးအေးနှင့် အူမင်ကို မေးလေသည်။

"ဒီဆိုင်မှာ ဘာတွေဖြစ်နေတာလဲ၊ ရှင်က ဘာကြောင့် မဟုတ်တရုတ်တွေ လျှောက်အော်နေတာလဲ"

"ကျွန်တော့်ကို မသတ်ပါနဲ့ဗျာ ... မသတ်ပါနဲ့၊ တောင်းပန်ပါတယ်၊ ချမ်းသာပေးပါ ... မသတ်ပါနဲ့"

"ရှင် ဘာမှကြောက်မနေနဲ့၊ ရှင့်ကို မသတ်ဘူး၊ စိတ်ချနော်"

"ခင်ဗျားက မသတ်ရင် ဟိုလူကြီးက သတ်လိမ့်မယ်"

အူမင်က ချန်မိုအောင်ကို လက်ညှိုးထိုးပြပြီး ပြောသည်။



"သူကလည်း ရှင့်ကို ဘာအန္တရာယ်မှ မပေးပါဘူး၊ မကြောက်ပါနဲ့"

"ခင်ဗျား လိမ်မပြောနဲ့၊ မနက်တုန်းကတောင် သူက ကျွန်တော့်ကို သတ်မလို့လုပ်သေးတာ၊ ကျွန်တော် ထွက်ပြေးတာ မြန်လို့"

"ရှင် လူမှားနေတာဖြစ်လိမ့်မယ်၊ သေသေချာချာ ကြည့်စမ်းပါဦး"

အူမင်သည် မျက်လုံးများကို အစွမ်းကုန်ပြူးပြကာ ချန်မိုအောင်ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။

ချန်မိုအောင်မှာ အနေရခက်သလိုလိုပင် ဖြစ်သည်။

စိတ်တိုင်းကျကြည့်ပြီးမှ သွားကြီးဖြဲကာ တဟဲဟဲဟု ရယ်လျက် ...

"အဟဲဟဲ ... ခင်ဗျားပြောတာ မှန်တယ်၊ ဒီလူမဟုတ်ဘူး။ ဒီလူက ဟိုလူကြီးလောက် မရှည်ဘူး"

အူမင်၏ပြောလိုက်ပုံကြောင့် ချန်မိုအောင် မျက်နှာတစ်ချက် ရှုံ့မိသည်။

"ဟိုလူကြီးက အရပ်ရှည်တယ်၊ ကိုယ်လုံးလည်း ထွားတယ်"

"ရှင့်ကို သတ်ဖို့ကြံတဲ့လူကြီးက အရပ်တော်တော်ရှည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှည်တယ် ... ရှည်တယ်"

"ဘယ်နှပေလောက်ရှိလဲ"

"အမြင့်ကြီး ... အမြင့်ကြီး၊ ဟို ... ခုနစ်ပေ ရှစ်ပေ အဲ ... ဆယ်ပေလောက်ရှိလိမ့်မယ်"

ချန်မိုအောင်နှင့်ဝမ်ဝင်းအေး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိပြန်သည်။

အူမင်ပြောသလောက်တော့ အရပ်မမြင့်နိုင်ဟု နားလည်သည်။

မည်သို့ဆိုစေ ချန်မိုအောင်ထက် ပိုမြင့်မှာတော့ သေချာသည်။

"ဘယ်လို အဝတ်အစားမျိုး ဝတ်ထားသလဲ"

"မသိဘူး၊ ကျွန်တော် မသိဘူး"

"ထားလိုက်ပါတော့၊ မသိလည်း ကိစ္စမရှိဘူး"

"အင်း အင်း"

"အဲဒီလူကြီးက ရှင့်ကို ဘာကြောင့်သတ်ရမှာတဲ့လဲ"

"သူက ပြောတယ်၊ ကျွန်တော်ဟာ လောကကြီးမှာ လူဖြစ်နေရတာ ဒုက္ခများတယ်တဲ့၊ ဒီဒုက္ခတွေ ငြိမ်းသွားအောင် သူက သတ်ပေးမယ်တဲ့၊ ကျွန်တော့်မှာ သူပြောသလို ဒုက္ခတွေ မရှိပါဘူး၊ မေမေနဲ့

BURMESE CLASSIC .com



နေရတာ အေးအေးဆေးဆေးပဲ၊ မေမေ ပြန်မလာလို့ စောင့်နေရတာ တစ်ခုပဲရှိတာ"

"ရှင့်အမေက ဘယ်သွားနေလို့လဲ"

မျက်မမြင် အမျိုးသမီးကြီးအကြောင်း စကားစပ်မိလာပြီမို့ ဝမ်ဝင်းအေးက အမိဖမ်းကာ ဖြတ်၍မေးလိုက်သည်။

"မပြောဘူး၊ ဘာလို့ ပြောရမှာလဲ၊ မပြောဘူး"

အူမင်သည် ကောင်းကောင်းမွန်မွန် ပြောဆိုနေရာမှ ရူးရူးစွာအော်ကာ နောက်သို့လည်း ဆုတ်သည်။

သူ၏မျက်လုံးပြူးကြီးများသည် ကျွန်းသားထိုင်ခုံဟောင်းကြီးဆီ တစ်ချက်ဝေ့ကာ ကြည့်သည်ကို ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့ သတိပြုမိလိုက်ကြသည်။

ထိုထိုင်ခုံဟောင်းကြီးတွင် ထူးခြားမှု ရှိမည်ဟုလည်း နားလည်လိုက်ကြ၏။

"ရှင့်အမေထွက်သွားတာ ဘယ်လောက်ကြာပြီလဲ"

အူမင်က လက်ဆယ်ချောင်းထောင်ပြသည်။

"ဆယ်ရက်လား"

အူမင်က ဘာမျှမပြော။ ခေါင်းလည်းမညိတ် ခေါင်းလည်းမခါ။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့် တစ်လကျော်ကျော်လောက်ကပင် ဒီစားသောက်ဆိုင်တွင် ဝင်စားခဲ့ကြဖူးသည်မို့ ဆိုင်ရှင်မျက်မမြင် အမျိုးသမီးကြီး ပျောက်ဆုံးနေသည်မှာ ကိုးရက်၊ ဆယ်ရက်လောက်သာ ရှိနိုင်မည်ဟု ချွန်မိုအောင်တို့ တွက်ဆမိကြသည်။

စိတ်မမှန်သော သားတစ်ယောက်ကို ဒီလိုပစ်ကာသွားမည် မဟုတ်သောကြောင့် မျက်မမြင်အမျိုးသမီးကြီး အသက်ရှင်လျက် ရှိမည်မဟုတ်ဟုလည်း တွေးမိကြသည်။

"မင်းအမေ သေသွားပြီ မဟုတ်လား"

ချွန်မိုအောင်က ဝင်ပြောသည်။

"ဘယ်ကလာ သေရမှာလဲ၊ မဟုတ်တာ လျှောက်ပြောမနေနဲ့၊ မေမေ မသေဘူး"

"ဒါဆို ဘာလုပ်နေလဲ"

"သူ သိုင်းလေ့ကျင့်နေတာ၊ သိရဲ့လား"

မမျှော်လင့်သောစကားကြောင့် ချွန်မိုအောင်နှင့်ဝမ်ဝင်းအေးတို့ အံ့သြသွားကြရသည်။

မျက်မမြင်အမျိုးသမီးကြီး သိုင်းပညာ တတ်လိမ့်မည်ဟု သူတို့ မထင်မိကြပေ။

"မေမေက ဆိုင်သိမ်းပြီးရင် မြေအောက်ခန်းထဲမှာ သိုင်း



သွားလေ့ကျင့်နေတာ၊ ခါတိုင်းဆိုရင် ညသန်းခေါင် ပြန်တက်လာတာပဲ၊ ဒီတစ်ခေါက် သိုင်းဆင်းလေ့ကျင့်တာ အတော်ကို ကြာနေပြီ၊ ပြန်တက်မလာသေးဘူး"

အူမင်က တတွတ်တွတ်နှင့် ပြောနေသည်။

"ဒီမှာ မြေအောက်ခန်းရှိတယ် ဟုတ်လား"

ဝမ်ဝင်းအေးက အူမင်ကို လှမ်းမေးသည်။

"အင်း ... ရှိတယ်"

"မြေအောက်ခန်းက ဘယ်မှာလဲ"

"ဘာလို့ ပြောရမှာလဲ၊ မြေအောက်ခန်းရှိတဲ့ နေရာကို ဘယ်သူ့ကိုမှ မပြောရဘူးလို့ မေမေက မှာထားတယ်"

အူမင်ကို ဘယ်လိုမေးမေး မြေအောက်ခန်းရှိရာကို ပြမည် မဟုတ်ကြောင်း တွေးမိသည့်အတွက် ချွန်မိုအောင်သည် ကျွန်းသား ထိုင်ခုံကြီးရှိရာသို့ သွားမည်ပြုလိုက်သည်။

စောစောက အူမင် ထိုထိုင်ခုံကြီးကို မျက်လုံးဒေါင့်ကာ ကြည့်လိုက်သည်ကို သတိထားမိခဲ့သောကြောင့် အကဲစမ်းလိုက်ခြင်း ဖြစ်သည်။

"ဟေ့လူ ... ခင်ဗျား ဘာလုပ်မလို့လဲ"

အူမင်သည် ချွန်မိုအောင်ရှေ့မှ ကမန်းကတန်း ပိတ်ရပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"မင်းအမေဟာ မြေအောက်ခန်းထဲမှာ သေဆုံးနေပြီ၊ ဒီတော့ မြေအောက်ခန်းကိုသွားတဲ့ လမ်းပေါက်ကို ပြပါ၊ သူ့အလောင်းကို ဆင်းယူပေးမယ်"

ချန်မိုအောင်က ပြောသည်။

"မဟုတ်တာတွေ သွား ... မေမေ မသေဘူး၊ သူသိုင်းလေ့ကျင့်နေတာ၊ မသေဘူး၊ သိုင်းလေ့ကျင့်ပြီးရင် မေမေ ပြန်တက်လာမှာ၊ မေမေ မသေဘူး၊ မေမေ မသေဘူး၊ မဟုတ်တာတွေ မပြောကြနဲ့၊ မေမေ မသေဘူး"

ချန်မိုအောင်သည် ရှေ့မှပိတ်ရပ်နေသော အူမင်ကို ကွင်းရှောင်ကာ ကျွန်းသားထိုင်ခုံဟောင်းကြီးဆီ သွား၏။

"မသွားနဲ့၊ မသွားနဲ့"

အူမင်က စူးရှစွာ အော်ဟစ်ကာ ချန်မိုအောင်၏လက်ကို အတင်းဆွဲထားသည်။

"လွှတ်လိုက်စမ်း ... ရှင် သေချင်လို့လား"

ဝမ်ဝင်းအေးက လေသံမာမာနှင့် ပြောသည်။

ဓားရှည်ကို ဆွဲထုတ်မည့်အသွင်လည်း လုပ်ပြသည်။

ထိုအခါ ...



"မသေချင်ဘူး ... မသေချင်ဘူး၊ မသတ်ပါနဲ့၊ ကြောက်ပါတယ်"

အူမင်သည် အော်ဟစ်ရင်း ကြောက်လန့်တကြား ထွက်ပြေးသွားသည်။

✻

ချန်မိုအောင် ကျွန်းသားထိုင်ခုံဟောင်းကြီးဆီသို့ ကပ်သွားသည်။

ဝမ်ဝင်းအေးလည်း အနားသို့ ရောက်လာသည်။

"ဒီထိုင်ခုံဟာ မြေအောက်ခန်းနဲ့ ဆက်စပ်မှုရှိလိမ့်မယ်"

ချန်မိုအောင်က ပြောသည်။

"ဟုတ်တယ်၊ သမီးလည်း ဒီလိုပဲ တွေးမိတယ်"

ဝမ်ဝင်းအေးက ထောက်ခံသည်။

ချန်မိုအောင်သည် တစ်ချက်စဉ်းစားကာ ထိုင်ခုံကို ဆွဲမကြည့်သည်။

ကြမ်းပြင်နှင့် အသေကပ်ထားသလို ဖြစ်နေသည်။ မရွေ့ရှာ။

www.burmeseclassic.com

www.burmeseclassic.com



"ဆွဲလှည့်ကြည့်ပါလား ဦး"

ဝမ်ဝင်းအေးက အကြံပေးသည်။

"အင်း ... စမ်းကြည့်တာပေါ့"

ချန်မိုအောင်က ထိုင်ခုံကြီးကို ဆွဲ၍လှည့်ကြည့်သည်။

ထိုင်ခုံသည် ဆွဲလှည့်သည့်အတိုင်း လည်၍ပါလာသည်။

ချန်မိုအောင် အားတက်သွားကာ တစ်ပတ်ပြည့်အောင် ဆွဲလှည့်လိုက်သည်။

"ကျွိ ... ကျွိ ... ဝုန်း"

ကျွန်းသားထိုင်ခုံဟောင်းကြီး တစ်ပတ်လည်သွားသည်နှင့် အသံများမြည်ကာ ကြမ်းပြင်တွင် လူတစ်ကိုယ်ဆင်းသာသော အပေါက်တစ်ခုဖြစ်လာသည်။

"ဟော ... အပေါက်ပေါ်လာပြီ"

ဝမ်ဝင်းအေးက ဝမ်းသာအားရပြောကာ အပေါက်ရှိရာသို့ ပြေးသွားလျက် ငုံ့ကြည့်၏။

"လှေကားထစ်တွေ ရှိတယ်ဦး၊ မြေအောက်ခန်းဆင်းတဲ့ လမ်းကြောင်းပဲ၊ မီးအိမ်တော့ လိုလိမ့်မယ်၊ အောက်ဘက်မှာ မှောင်နေတယ်"

အပေါက်ဝနားတွင် လှေကားထစ်များကို မြင်ရသော



ကြောင့် ဝမ်ဝင်းအေးက ချန်မိုအောင်အား လှမ်းပြောသည်။

အဝနားတွင်သာ မြင်နိုင်ကာ အောက်ဘက်တွင်တော့ မှောင်နေသည်။ ဘာမျှမမြင်နိုင်။

အပြင်ဘက် ဆိုင်ခန်းတွင် မီးအိမ်များရှိသည်ကို မြင်မိခဲ့သောကြောင့် ချန်မိုအောင်က မီးအိမ်တစ်ခု အပြေးသွားယူသည်။

မီးအိမ်ကို မီးညှိကာ ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့နှစ်ယောက် မြေအောက်ခန်းထဲသို့ ဆင်းလာခဲ့ကြသည်။

မီးအိမ်ယူလာသည်မို့ မြေအောက်ခန်းထဲတွင် လင်းလာသည်။

မြင်နိုင်၊ တွေ့နိုင်လာသည်။

မြေအောက်ခန်းသည် အတော်လေး ကျယ်ဝန်းသည်။

အမှိုက်သရိုက် အတော်အတန်ရှိနေသည်။

အပုပ်နံ့ကတော့ စူးစူးရှရှကို နံနေသည်။

မြေအောက်ခန်းထောင့်နားတွင်တော့ လူသေအလောင်း တစ်လောင်း ရှိနေသည်။

နံရံကိုကျောမှီကာ ထိုင်လျက် အနေအထားနှင့် သေဆုံးနေခြင်း ဖြစ်သည်။

သေဆုံးသည်မှာ ရက်အတော်ကြာနေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းမှာ ပုပ်ပွရှုပ်ပင် နေလေပြီ။

အလောင်း၏အနီးတွင်တော့ ဓားရှည်တစ်လက် ဓားအိမ်ထဲတွင် စွပ်လျက်သား။

ချန်မိုအောင်က ဓားလွယ်ကို အသာကောက်ယူလိုက်သည်။

သားရေဖြင့် ပြုလုပ်ထားသော ဓားအိမ်သည် အတော်လေးပင် ဟောင်းနွမ်းနေသည်။

အပေါက်အပြဲအချို့ပင် ရှိသည်။

ဓားအိမ်ထဲမှ ဓားရှည်ကို ဆွဲထုတ်ကြည့်လိုက်ရာ ရတနာများ စီခြယ်ထားသည့် တကယ့်အဖိုးတန် ဓားကောင်းတစ်လက် ဖြစ်နေသည်ကို တွေ့ရသည်။

မီးအိမ်၏အလင်းရောင်တွင် ဓားသည် လက်၍လက်၍ နေသည်။

ဓားလက်ကိုင်ရိုးအနားရှိ ဓားရွက်ပေါ်တွင် အမှတ်အသားတစ်ခု ရေးထွင်းထားသည်။

ချန်မိုအောင်ရော ဝမ်ဝင်းအေးပါ ထိုအမှတ်အသားမျိုးကို တစ်ခါမျှ မမြင်ဖူးပေ။

"ကြည့်ရတာကတော့ အတွင်းအား လေ့ကျင့်နေရင်းနဲ့ သွေးလေလည်ပတ်မှု လမ်းကြောင်းတွေ ရှုပ်ထွေးချွတ်ယွင်းကုန်ပြီး



အသက်ဆုံးရှုံးရပုံပဲ"

ချန်မိုအောင်က မှတ်ချက်ချသည်။

"ဦးပြောတာ ဟုတ်မယ်၊ တစ်ယောက်ယောက်က လာလုပ်ကြံသတ်ဖြတ်တယ်ဆိုရင် ဒီအဖိုးတန် ဓားကောင်းကို ထားခဲ့မှာမဟုတ်ဘူး၊ တစ်ခါတည်း ယူသွားမှာပဲ၊ အူမင်ကတော့ သိပ်ကို သနားစရာကောင်းနေပြီ၊ သူက သူ့အမေ သိုင်းလေ့ကျင့်နေတယ်လို့ပဲ ထင်နေရှာတာ၊ သေသွားပြီလို့ အသေအချာသိရရင် သူ အရမ်းစိတ်ထိခိုက်ပြီး ဝမ်းနည်းမှာပဲနော်"

ဝမ်ဝင်းအေးက ပြောသည်။

"သနားတော့ သနားစရာပေါ့၊ ဒါပေမဲ့ သူ့အမေ သေဆုံးသွားပြီဆိုတာကိုတော့ အလောင်းခေါ်ပြပြီး အသိပေးရမှာပဲ၊ တတ်နိုင်သလောက်တော့ ဖျောင်းဖျ"

"ကျွီ ... ကျွီ ... ဂုန်း"

ချန်မိုအောင်၏စကားမဆုံးမီမှာပင် အသံများမြည်ကာ မြေအောက်ခန်းသို့ဆင်းသည့် တံခါးပေါက်သည် ပိတ်သွားလေတော့သည်။

တံခါးပိတ်သွားမှုကြောင့် ဖြစ်ပေါ်လာသော လေအဟုန်ဟပ်သည့်အတွက် မီးအိမ်သည်လည်း ဟုတ်ခနဲ ငြိမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



မြေအောက်ခန်းထဲတွင် မှောင်အတိကျသွားသည်။

"ဟာ ... အူမင်က မြေအောက်ခန်း အဝင်တံခါးကိုပိတ်ပစ်လိုက်ပြီ၊ တောက် ... သူ့ကို သတိမထားမိလိုက်တာ ဦးတို့အမှားပဲ"

ချန်မိုအောင်က ရေရွတ်သည်။

"တောက် ... ဒီလူကို သတ်ပစ်ခဲ့ရင် အကောင်းသား"

ဝမ်ဝင်းအေးက မကျေမချမ်း ပြောသည်။

"ဒီလိုလည်း သဘောမထားနဲ့၊ အူမင်က စိတ်မှမမှန်တာ သူ့ကို အပြစ်တင်လို့ မဖြစ်ဘူး"

ချန်မိုအောင်က ဤသို့ပြောပြီး မီးခတ်ကိုခတ်၍ ငြိမ်းသွားသော မီးအိမ်တွင် ပြန်မီးညှိသည်။

မီးအိမ် ပြန်လင်းလာသည့်တွင် အမှောင်လည်း ပျောက်သည်။

ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့သည် မီးအိမ်၏အလင်းရောင်ကို အားကိုးပြုကာ မြေအောက်ခန်းထဲတွင် အခြားသော ထွက်ပေါက်ရှိလိုရှိငြား လိုက်ရှာကြည့်ကြသည်။

လေဝင်ပေါက်လေးတစ်ခုတော့ တွေ့ရသည်။

သို့သော် လက်တစ်ဝါးစာလောက်မျှသာ ကျယ်သည့်အတွက် ဘာမျှအသုံးမကျပါ။



မြေအောက်ခန်းထဲတွင် ထွက်ပေါက်မရှိဘဲ ပိတ်လှောင်ခံရတော့မည့်အဖြစ်ကြောင့် နှစ်ယောက်သား စိတ်ပျက်နေကြခိုက် လေဝင်ပေါက်လေးမှ လှမ်းပြောလာသော အူမင်၏စကားသံကို ကြားကြရသည်။

"မေမေ ... မေမေ ပိုလူဆိုးစုတ်ခွဲက မေမေ့ကို ရန်ပြုအနှောင့်အယှက် ပေးကြလား"

ဝမ်ဝင်းအေးက စိတ်ကူးတစ်ခု ရုတ်တရက် ရသည်။

ယခင်တစ်ခေါက် ထိုဆိုင်လေးတွင် လာရောက်စားသောက်စဉ်က ကြားဖူးပြီး မှတ်မိနေသော မျက်မမြင်အမျိုးသမီးကြီး၏အသံကို မှန်းဆကာ အတုယူ၍ ခပ်အုပ်အုပ် ပြန်ပြောလိုက်သည်။

"အူမင် ... သူတို့က လူကောင်းတွေ၊ လူဆိုးတွေ မဟုတ်ဘူး၊ မေမေ့ကို ဘယ်ရန်ပြု နှောင့်ယှက်ကြမှာလဲ၊ တံခါးဖွင့်ပေးလိုက်"

"တော်ပါသေးရဲ့၊ မေမေကော သိုင်းလေ့ကျင့်တာ ပြီးပြီလား"

"အင်း ... ပြီးပြီ၊ တံခါးသာ အမြန်ဖွင့်"

"ကျွန်တော့်ကို စိတ်ဆိုးနေလား"

"မဆိုးဘူး၊ တံခါးဖွင့်လေ မြန်မြန်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်အကြာကြီး သိုင်းလေ့ကျင့်နေခဲ့တာ မေမေ ဆာနေမှာပေါ့၊ မေမေ အသင့်စားလို့ရအောင် ကျွန်တော် ငါးသွားဖမ်းလိုက်ဦးမယ်"

ပြောပြီးသည်နှင့် အူမင်သည် ခြေသံတဝုန်းဝုန်း မြည်စေလျက် အပြေးအလွှား ထွက်သွားသည်။

ဝမ်ဝင်းအေးက လှမ်းအော်ခေါ်သေးသော်လည်း မမီတော့ပေ။

"တောက် ... ဒီအရူးကတော့ တကယ်ပါပဲ"

ဝမ်ဝင်းအေးက နှုတ်ခမ်းစူကာ မကျေမနပ်ပြောသည်။

ချုန်မိုအောင်ကတော့ ကျိတ်၍သာ ပြုံးလိုက်သည်။

"ဦးက ဘာပြုံးတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ သမီးက အူမင်အပေါ် မကျေမနပ်ဖြစ်နေပုံကိုကြည့်ပြီး သဘောကျမိလို့ပါ"

"သမီးတို့ ဘာလုပ်ကြမလဲ"

"ဘာမှလုပ်လို့မရဘူး၊ အူမင်ပြန်အလာကို စောင့်မှာပဲ"

"ဒီအရူးက ပြန်လာမှာမို့လို့လား"

"သူ့အမေအတွက် ငါးသွားဖမ်းတာပဲ၊ ငါးရရင် ပြန်လာမှာပေါ့၊ ဒီနေရာအနီးတစ်ဝိုက်မှာ ငါးလည်း ပေါပါတယ်၊ သိပ်ကြာကြာ



စောင့်ရမယ် မထင်ပါဘူး"

❋

ချုန်မိုအောင်၏မှန်းဆချက် မလွဲပါ။

အချိန်အနည်းငယ်အကြာတွင် အူမင်၏အားရဝမ်းသာပြောသံကို သူတို့နှစ်ယောက် ကြားကြရသည်။

"မေမေရေ ... ငါးကြင်းအကြီးကြီးတစ်ကောင် ရလာတယ်၊ အဲဒါ ဘယ်လိုချက်ရမလဲဆိုတာ ပြောစမ်းပါဦး"

အူမင် ပြန်ရောက်လာသည်မို့ သူတို့ ဝမ်းသာသွားကြသည်။

ငါးကို ဘယ်လိုချက်ပြုတ်ရမည်ဟု ပြောရန် ဝမ်ဝင်းအေးက စဉ်းစားနေခိုက်မှာပင် အူမင်၏ကြောက်လန့်တကြား အော်ဟစ်သံပေါ်လာသည်။

"ဟင် ... ဟင် ... ခင်ဗျားကြီး ပြန်လာပြန်ပြီလား၊ ကြောက်ပါတယ်ဗျာ၊ ရှေ့မတိုးနဲ့၊ သွား ... သွား ကျွန်တော့်အနားမလာနဲ့၊ ခင်ဗျားလူဆိုး သွား သွား"

www.burmeseclassic.com

www.burmeseclassic.com



အူမင်၏အလန့်တကြား အော်ဟစ်ပြောဆိုသံများသည် ချန်မိုအောင်နှင့်ဝမ်ဝင်းအေးတို့ကိုလည်း စိတ်လှုပ်ရှားသွားစေသည်။

အပြင်ဘက်တွင် တစ်စုံတစ်ယောက် ရောက်နေသည်ကို တော့ သိကြသည်။

ထိုသူသည် အူမင်ကို သတ်ဖြတ်ရန် ပြန်လာခြင်းလားဟု လည်း တွေးပူမိသည်။

အူမင်သည် ချန်မိုအောင်တို့အတွက် တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည်။

အူမင်က မြေအောက်ခန်း အဝင်တံခါးကို ဖွင့်ပေးမှသာ သူတို့နှစ်ယောက် ပြန်ထွက်နိုင်မည်။

အူမင် သေဆုံးသွားလျှင် မြေအောက်ခန်းတံခါး ဖွင့်ပေးမည့် လူ မရှိနိုင်တော့။

သူတို့နှစ်ယောက်လည်း ဒီမြေအောက်ခန်းထဲမှ ပြန်မထွက် နိုင်တော့ဘဲ အစာရေစာငတ်ပြတ်ကာ သေဆုံးကြရပေတော့မည်။

ရောက်လာသောသူက အူမင်ကို မေးမြန်းနေသံများကို ကြားရသည်။

ချန်မိုအောင်နှင့်ဝမ်ဝင်းအေးသည် အစွမ်းကုန် အာရုံစိုက် ကာ နားထောင်ကြသည်။



"အူမင် ... စောစောက ဘယ်သူနဲ့ စကားပြောတာလဲ"

"ဒါ ... ဒါ"

"လိမ်မယ်မကြံနဲ့၊ မင်းစကားပြောတာကို ငါကြားတယ်၊ မှန်မှန်ဖြေ၊ ဘယ်သူနဲ့ ပြောတာလဲ"

"မေမေနဲ့ ပြောတာ"

"မင်းမေမေ ဘယ်မှာလဲ"

"ဘာလို့ပြောရမှာလဲ၊ မပြောဘူး"

"မင်းအမေက သင်းကွဲမျောက်ဟော်ဆွန်ဘီနဲ့ ပူးပေါင်းကြံ စည်နေကြတာ မဟုတ်လား၊ မင်းတို့ဆီကို သင်းကွဲမျောက် လာသ လား"

"မသိဘူး ... မသိဘူး"

"မင်းအမေ ဘယ်သွားလဲ"

"မသိဘူး ... မသိဘူး၊ ကျွန်တော် ဘာမှမသိဘူး"

"မင်းသိပါတယ်၊ ကောင်းကောင်းမေးရင် ပြော၊ မပြောရင် မင်းကို အသေသတ်ပစ်မယ်"

"မသတ်ပါနဲ့ဗျာ၊ ကြောက်ပါတယ်"

"သေရမှာကြောက်ရင် ငါမေးတာဖြေ၊ မင်းအမေ ဘယ်မှာ လဲ၊ သူ ဘာတွေကြံစည်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မပြောဘူး၊ မေမေက ဘယ်သူ့ကိုမှ မပြောရဘူးလို့ မှာထားတယ်"

"ပြောစမ်းပါကွာ၊ မင်းကို အဝတ်အစားလှလှတွေ ဝယ်ပေးမယ်၊ အစားကောင်းကောင်းတွေလည်း ဝယ်ကျွေးမယ်၊ ကဲ … မင်း ဒါတွေ မလိုချင်ဘူးလား"

"လိုတော့ လိုချင်တာပေါ့၊ ဒါပေမဲ့ ပြောလို့ကတော့ မဖြစ်ဘူး"

အသံများ တိတ်ဆိတ်သွားသည်။

ခဏကြာမှ ထိုသူ၏အသံ ပေါ်လာသည်။

ခြိမ်းခြောက်ကြိမ်းမောင်းသံ မဟုတ်တော့။

ပျော့ပျောင်းညင်သာသော အသံ။

"မင်းကို အမှန်အတိုင်းပြောမယ်၊ ငါဟာ မင်းရဲ့အဖေအရင်းပဲ"

ဤစကားကို ကြားလိုက်ရသော ချန်မိုအောင်နှင့်ဝမ်ဝင်းအေးတို့ အံ့သြသွားကြလေသည်။

အူမင်၏မွေးဖခင်ရင်းဆိုပါလား။

"သွားစမ်းပါ၊ မဟုတ်တာတွေ လာပြောမနေနဲ့၊ ကျွန်တော့်မှာ အဖေမရှိဘူး၊ မေမေတစ်ယောက်တည်းကပဲ မွေးထားတာ"



"ငါပြောတာကို သေသေချာချာ နားထောင်၊ မင်းဟာ ငါ့ရဲ့သား အရင်းပဲ၊ ဒါပေမဲ့ ဦးနှောက်မကောင်းဘဲ စိတ်မမှန်တဲ့အတွက် ငါ့ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးလို့ မင်းကို ငယ်ငယ်ကတည်းက သတ်ပစ်ဖို့ကြံခဲ့တာ၊ မင်းအမေက တားဆီးကာကွယ်နေလို့ မသတ်ဖြစ်ခဲ့ဘူး"

"မဟုတ်ဘူး၊ ခင်ဗျား လိမ်ပြောနေတာ၊ မယုံဘူး၊ သွားဗျာ … သွား"

"မင်း စိတ်မမှန်တာကြောင့် မင်းအမေလည်း အရမ်းဝမ်းနည်းပြီး နေ့တိုင်း ငိုနေရတယ်၊ ငိုရလွန်းလို့ သူ့မျက်စိကွယ်သွားတာ၊ အခုတော့ မင်းအမေလည်း သေပြီမဟုတ်လား'

"မေမေက ဘယ်လိုလုပ်ပြီးသေရမှာလဲ၊ မဟုတ်တာတွေ ပြောမနေနဲ့၊ မသေဘူး၊ မေမေ မသေဘူး"

"မင်းအမေ မသေဘူးဆိုရင် မင်းကို ဒီလိုမျိုး တစ်ယောက်တည်း ထားပါ့မလား၊ ငါရောက်လာတယ်ဆိုတာနဲ့ မင်းကို အကာအကွယ်ပေးဖို့ သူလည်း ထွက်လာမှာပဲ၊ အခု ငါက မင်းကို သတ်ပစ်တော့မယ့် အချိန်မှာတောင် မင်းအမေက ပေါ်မလာဘူး၊ ဒီတော့ သူသေသွားလို့ပဲပေါ့"

"မဟုတ်ဘူး … မေမေ မသေဘူး၊ ခင်ဗျား လူလိမ် သွား

www.burmeseclassic.com

www.burmeseclassic.com



ဗျာ ... သွား သွား ခင်ဗျား ထွက်သွား"

"မင်းဟာ သိပ်ကိုကံဆိုးတယ်ကွာ၊ စိတ်က မမှန်တော့ မင်း အတွက်လည်း မကောင်း၊ အခြားလူတွေအတွက်လည်း အကျိုးယုတ် စေတယ်၊ အခု မင်းအမေ သေသွားပြီဆိုတော့ မင်း တစ်ယောက် တည်း ဘယ်လိုဆက်လုပ်မှာလဲ၊ မင်းမှာ ဒုက္ခတွေ အများကြီးတွေ့ရ တော့မယ်၊ မင်း အသက်ရှင်နေတာဟာ ဝဋ်ဆင်းရဲခံနေရသလိုပါပဲ၊ မင်း ဒီဝဋ်ဆင်းရဲက ကျွတ်အောင် ငါလုပ်ပေးရတော့မယ်"

"ခင်ဗျား ... ခင်ဗျား ... ဘာ ... ဘာ .... ဘာလုပ်မလို့လဲ၊ မလုပ်ပါနဲ့၊ မလုပ်ပါနဲ့၊ ကြောက်ပါတယ်"

"ဖုန်း"

ပြင်းထန်သော လက်ဝါးရိုက်သံ။

"အား"

အူမင်၏မရှိမဆုံ့ အော်ဟစ်သံ။

ထို့နောက် ...

အားလုံး တိတ်ဆိတ်သွားသည်။ ဘာသံမျှမကြားရတော့။

✱



တိတ်ဆိတ်ငြိမ်သက်သွားလေပြီ။

အူမင်တစ်ယောက် ဘယ်လိုအဖြစ်မျိုး ကြုံသွားရရှာသည် ကို ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့ ကောင်းကောင်း သိလိုက်ကြ သည်။

သူတို့ စိတ်မကောင်းကြပါ။

သူတို့နှစ်ယောက်နေဖြင့်လည်း ဒီမြေအောက်ခန်းမှ အပြင် သို့ ပြန်ထွက်နိုင်မည့် မျှော်လင့်ချက် လမ်းစလည်း ပျောက်သွားပြီဟု နားလည်ကြသည်။

အပြင်ဘက်တွင်ရှိနေသော အူမင်၏ဖခင်ကို လှမ်းခေါ် အကူ အညီတောင်းရန်ကလည်း ဘယ်လိုမျှ မဖြစ်နိုင်။

မိမိ၏ဂုဏ်သိက္ခာ ထိခိုက်မည်စိုးသောကြောင့် စိတ်မမှန် သော သားအရင်းကိုပင် ကိုယ်တိုင်ရက်စက်ခဲ့သော ထိုလူသည် ဤ လုပ်ရပ်ကို ဘယ်လိုမျှ လူသိခံနိုင်မည်မဟုတ်။

ချန်မိုအောင်တို့ ရှိနေကြောင်း သိသွားလျှင် သူတို့ကို မြေ အောက်ခန်းမှ ကယ်ထုတ်ရန် ဝေးစွ နှုတ်ပိတ်သတ်ဖြတ်ပစ်ဖို့ကသာ များသည်။

ရုပ်ကို မမြင်နိုင်သည့်အပြင် ကြားရသည့်အသံကလည်း

www.burmeseclassic.com

www.burmeseclassic.com



မြေအောက်ခန်း၏လေဝင်ပေါက်မှ ဝင်လာသည့်အတွက် ပီပီသသ မဟုတ်။

ထို့ကြောင့် အူမင်၏ဖခင် မည်သူမည်ဝါဖြစ်သည်ဆိုခြင်းကို ဘယ်လိုမှ ခွဲခြားမသိနိုင်ပါ။

ဝမ်ဝင်းအေးကတော့ ထိုလူ မည်သူမည်ဝါဖြစ်သည်ကို ရအောင်စုံစမ်းဖော်ထုတ်ကာ တိုက်ခိုက်သုတ်သင်ပစ်ရန် စိတ်ထဲတွင် တေးမှတ်ထားလိုက်သည်။

ကြားရသမျှသော ထိုလူ၏အသံ လက်ဝါးရိုက်ချက် လေလှိုင်းလှုပ်ခတ်သံ၊ စကားအပြောအဆို လေယူလေသိမ်း စသည်တို့ကို သူမ၏ခေါင်းထဲတွင် စွဲနေအောင်ပင် မှတ်ထားလိုက်သည်။

မိမိတို့ မြေအောက်ခန်းထဲ ရှိနေကြောင်း အူမင်၏ဖခင် သိမသွားရန်အတွက် ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့သည် ငြိမ်၍ နေကြသည်။

နည်းနည်းလေးမျှပင် မလှုပ်ရှား။

အချိန်အတော်လေး ကြာသွားသည်။

မြေအောက်ခန်း အပေါ်ဘက်ဆီမှ လှုပ်ရှားသံများကို ခပ်သဲ့သဲ့ကြားကြရသည်။

ချန်မိုအောင်တို့ အသက်ရှူပြန်လာကြသည်။



အူမင်၏ဖခင်သည် စားသောက်ဆိုင်အနှံ့ လိုက်ရှာဖွေကြည့်နေခြင်း ဖြစ်မည်ဟုလည်း တွေးမိကြသည်။

ထိုသို့ လိုက်ရှာရင်း မြေအောက်ခန်းရှိနေကြောင်း သိသွားလျှင် ...

ထိုသူက မြေအောက်ခန်းတံခါးကို ဖွင့်နိုင်လျှင် မိမိအတွက် ထွက်ပေါက်ရမည်ဟု ချန်မိုအောင် တွေးသည်။

တစ်ချိန်တည်းတွင်ပင် မိမိတို့ မြေအောက်ခန်းထဲတွင် ရှိနေသည်ဟု ထိုသူသိလျှင် အန္တရာယ်ရှိနိုင်ကြောင်းကိုလည်း စဉ်းစားမိသည်။

ထိုသူ မည်သူမည်ဝါဟု တိကျသေချာစွာ မသိသောကြောင့် ထိုသူ၏သိုင်းပညာအနေအထားကိုလည်း ခန့်မှန်းရခက်သည်။

အဆင့်မနိမ့်တာကတော့ သေချာသည်။

အတိအလင်း ရင်ဆိုင်ကာ တိုက်ခိုကရလျှင်တော့ (ထိုသူ သိုင်းပညာအစွမ်း သိပ်ကောင်းပါက) အနိုင်မတိုက်နိုင်သည်ထားဦး အလွတ်တော့ ထွက်ပြေးနိုင်မည်။

ထိုသူက ရင်ဆိုင်မတိုက်ဘဲ မိမိတို့ရှိနေကြောင်းသိသည်နှင့် မြေအောက်ခန်းကို အသေပိတ်လျှင်တော့ သူတို့နှစ်ယောက်မှာ အရှင်လတ်လတ် ဂူသွင်းမြှုပ်နှံခြင်း ခံရသည့်အဖြစ် ကြုံရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"တံခါးပွင့်ရင် အမြန်ထွက်မယ်"

ချန်မိုအောင်က ဝမ်ဝင်းအေးကို တီးတိုးပြောလိုက်သည်။

ချန်မိုအောင် ပြောအပြီးမှာပင် မြေအောက်ခန်းတံခါးသည် ရုတ်တရက် ပွင့်သွားလေသည်။

*

မြေအောက်ခန်းတံခါး ပွင့်သွားသည်။

ချန်မိုအောင်သည် ချက်ချင်းပင် အပေါ်သို့ ပြေးတက်သည်။

ဓားရှည်ကိုလည်း ဆွဲထုတ်ကာ တိုက်ခိုက်ရန်အသင့်ပြင်သည်။

ဝမ်ဝင်းအေးသည် ဓားဆွဲလျှင် ချန်မိုအောင်၏နောက်မှ အပြေးလိုက်လာသည်။

နှစ်ယောက်သား တံခါးပေါက်မှ လွှားခနဲ လွှားခနဲ ခုန်ထွက်သည်။

ကျောချင်းကပ်မိကြသည်။



ဓားများ အသင့်ခင်းကြသည်။

မျက်စိများကတော့ ရန်သူကို လျင်မြန်စွာ ရှာသည်။

ရန်သူမရှိပါ။

ကျွန်သားထိုင်ခုံဟောင်းကြီးအနားတွင် ခွေခွေလေး လဲကျနေသော အူမင်ကိုသာ တွေ့ကြရသည်။

ချန်မိုအောင်နှင့်ဝမ်ဝင်းအေးတို့နှစ်ယောက် အူမင်ရှိရာသို့ ပြေးသွားကြသည်။

ဂမ်ဝင်းအေးက ဓားရှည်ကို ပစ်ချကာ အူမင်အား ဆွဲပွေ့ထူသည်။

အူမင် အသက်မရှိတော့ပါ။

ရင်ဝတည့်တည့်တွင် ညိုမည်းနေသော လက်ဝါးရာကို တွေ့ရသည်။

တစ်ကိုယ်လုံးရှိ အကြောများလည်း ပြတ်နေသည်။

အလွန်အဆင့်မြင့်ကာ ပြင်းထန်သော လက်ဝါးရိုက်ချက် ဖြစ်သည်။

သို့သော် မည်သည့် လက်ဝါးသိုင်းမျိုးဖြစ်သည်ကိုတော့ ချန်မိုအောင်ရော ဝမ်ဝင်းအေးပါ မသိကြပါ။

"ဆန်းတာပဲ၊ ဒီလက်ဝါးရိုက်ချက်မျိုး တစ်ခါမျှမတွေ့ဖူးဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ထိုလူရဲ့ သိုင်းဓာစ်မြစ်ကို ခန့်မှန်းဖို့တောင် ခက်ပြီ"

ချန်မိုအောင်က ပြောသည်။

"သမီးက သူ့အမေ အယောင်ဆောင်ပြီး ပြောတာကို အူမင်က တကယ်မှတ်သွားရှာတာကိုး၊ ဒါကြောင့် ဒီလောက် ပြင်းထန်တဲ့ လက်ဝါးရိုက်ချက် အထိခံရတာတောင် သူ့အမေ မြေအောက်ခန်းက ထွက်လာနိုင်အောင် တံခါးလာဖွင့်ပေးရှာတယ်"

ဝမ်ဝင်းအေးက ငိုသံပါလေးနှင့် ပြောသည်။

မျက်ရည်လည်း ဝဲလာသည်။

စိတ်မမှန်သော သားတစ်ယောက်က သူ့မိခင်အတွက် နောက်ဆုံးထွက်သက်တွင် အားတင်းလုပ်ဆောင်သွားမှုသည် ရင်နင့်ဖွယ်ရာ ကောင်းလှပေသည်။

"သူတို့သားအမိကို ကောင်းကောင်းမွန်မွန် မြေမြှုပ်ပေးလိုက်ကြရအောင်နော် သမီး"

"ဟုတ်ကဲ့ ... ဦး"

စားသောက်ဆိုင် လုပ်ထားသည့် အပြင်ဘက်ခန်းထဲတွင် တူရွင်းတစ်ခု ရှာတွေ့ရာ ဆိုင်အနောက်ဘက်တွင် မြေကျင်းနှစ်ခု တူးကြသည်။

အူမင်၏အလောင်းကို မြေကျင်းတစ်ခုထဲ ထည့်ပြီးနောက်



မျက်မမြင် အမျိုးသမီးကြီး၏အလောင်းကို သယ်ထုတ်ရန် မြေအောက်ခန်းထဲသို့ ချန်မိုအောင် ဆင်းသည်။

ဝမ်ဝင်းအေးကတော့ အပြင်ဘက်တွင် စောင့်ကျန်ခဲ့သည်။

မမျှော်လင့်သော အနှောင့်အယှက်များ ပေါ်လာလျှင် ဟန့်တားနိုင်ရန် ဝမ်ဝင်းအေးက ကင်းစောင့်ပေးထားသည့်သဘော ဖြစ်သည်။

မျက်မမြင်အမျိုးသမီးကြီး၏အလောင်းမှာ ပုပ်ပွနေရာ စားသောက်ဆိုင် ချက်ပြုတ်သည့်နေရာနားမှ တွေ့ရသည့် ဂုန်နီအိတ်တစ်ခုဖြင့် စွပ်ကာ ထုပ်ပိုးယူရသည်။

အလောင်းကို ထုပ်ပိုးပြီး သယ်မ,ယူလိုက်သောအခါ အလောင်းမှီထားသည့် မြေအောက်ခန်းနံရံတွင် တစ်ပေပတ်လည် သာသာခန့် အက်ကြောင်းရာလေး ရှိနေသည်ကို ချန်မိုအောင် တွေ့ရသည်။

မြေမြှုပ်ပေးမှုကို အရင်လက်စသတ်လိုသောကြောင့် ချန်မိုအောင်သည် ဂုန်နီအိတ်နှင့်ထုပ်ပိုးထားသော အလောင်းကိုထမ်းကာ အပေါ်ပြန်တက်လာခဲ့သည်။

မျက်မမြင် အမျိုးသမီးကြီး၏အလောင်းကို ကျန်မြေကျင်းထဲတွင်ထည့်၍ ကောင်းစွာ မြှုပ်နှံပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြေမြှုပ်ပြီးသည့်အခါတွင်မှ ချန်မိုအောင်က မြေအောက်ခန်းထဲတွင် မိမိတွေ့မြင်ခဲ့ရသော အက်ကြောင်းအရာလေးအကြောင်းကို ဝမ်ဝင်းအေးအား ပြောပြသည်။

ဝမ်ဝင်းအေးကို မြေအောက်ခန်းတံခါးအပြင်တွင် စောင့်စေပြီး ချန်မိုအောင် မြေအောက်ခန်းထဲသို့ ပြန်ဆင်းသည်။

တစ်ပေပတ်လည်ခန့်ရှိသည့် အက်ကြောင်းရာလေးကို သေသေချာချာ အနီးကပ်ကြည့်ရှုသည်။

မြေအောက်ခန်းနံရံတွင် မြှုပ်ထားသော လျှို့ဝှက်အံဝှက် သေတ္တာလေးတစ်ခု၏ အဖွင့်နေရာ ဖြစ်နိုင်မည်ဟု တွက်မိသည်။

အသာဆွဲဖွင့်ကြည့်သည်။

အက်ကြောင်းရာလေးသည် အလွယ်တကူပင် ပွင့်၍လာသည်။

ချန်မိုအောင်၏တွေးဆချက် မဆိုးပေ။

ထိုနေရာလေးသည် မြေအောက်ခန်းနံရံအတွင်း မြှုပ်နှံပြုလုပ်ထားသော အံဝှက်သေတ္တာငယ်လေးထဲတွင် လေးထောင့်စပ်စပ် ယွန်းသေတ္တာလေးတစ်ခုကို တွေ့ရသည်။

ချန်မိုအောင်က ယွန်းသေတ္တာလေးကိုယူကာ မြေအောက်ခန်းအပေါ်သို့ ပြန်တက်လာခဲ့သည်။



“သမီးရေ ... ဒီမှာကြည့်စမ်းပါဦး”

လှမ်းတက်လာရင်း ဝမ်ဝင်းအေးကို ပြောသည်။

“ဘာများ တွေ့ခဲ့ရလို့လဲ ဦးရဲ့”

ဝမ်ဝင်းအေးက ပြန်အော်ပြောရင်း မြေအောက်ခန်းထဲ ဆင်းလာမည်ပြုသေးသည်။

သို့သော် ချန်မိုအောင် အပေါ်သို့တက်လာခဲ့ပြီမို့ မဆင်းဖြစ်တော့ပါ။

“ဒါလေး တွေ့ခဲ့တာလေ”

ချန်မိုအောင်က ယွန်းသေတ္တာလေးကို ပြသည်။

“ယွန်းသေတ္တာလေးကိုတော့ မြင်တာပေါ့လို့ ဦးကလည်း အထဲမှာ ဘာရှိလဲလို့မေးတာ”

“ဦးလည်း ဖွင့်မကြည့်ရသေးဘူး”

“ဒါဆို ဖွင့်ကြည့်လိုက်လေ”

ချန်မိုအောင်က ယွန်းသေတ္တာလေးကို ဖွင့်လိုက်ရာ ပိတ်စအနီဖြင့် ထုတ်ပတ်ထားသည့် အထုပ်လေးတစ်ထုပ်ကို တွေ့ရလေသည်။

ရစ်ပတ်ထားသော ပိတ်စနီကိုဖြေလိုက်ရာ စာအုပ်လေး တစ်အုပ် ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တာထက် ဦးယူထားပြီး သူ့သားကို ရက်ရက်စက်စက် လုပ်သွားတဲ့ ထိုလူကြီးကို စုံစမ်းဖော်ထုတ်ပေးတာကို ဗိုလ်လိုလားမါလိမ့်မယ်"

"သမီးပြောတာလည်း မဆိုးပါဘူး၊ ဒီဓားရှည်နဲ့ သိုင်းကျမ်းကို အခြေပြုပြီး ဟိုလူကြီးကို စုံစမ်းဖော်ထုတ် အပြစ်ပေးနိုင်ရင် မျက်မမြင်အမျိုးသမီးကြီးက တမလွန်ဘဝက ကျေနပ်မှာပဲ၊ ကောင်းပြီ ဓားရှည်နဲ့ သိုင်းကျမ်းကို ဦး ခဏယူထားလိုက်မယ်၊ သက်ဆိုင်တဲ့ မျိုးဆက်တစ်ယောက်ယောက် ပေါ်လာရင်တော့ အဲဒီလူလက်ကို ပြန်ပေးလိုက်မယ်"

"ကောင်းဘယ် ဦး ... ကောင်းတယ်"

ချွန်မိုအောင်လည်း ဓားရှည်နှင့်သိုင်းကျမ်းကို ယူထားလိုက်လေတော့သည်။

နှစ်ယောက်သား အတော်လေး လှုပ်လှုပ်ရှားရှားလုပ်ခဲ့ကြရသောကြောင့် လုပ်စရာရှိသည်များ ပြီးပြတ်သွားသည့်နောက်တွင် ဆာလောင်လာကြသည်။

အုမင်ဖမ်းယူလာသော ငါးကြင်းကြီးအပြင် ဆန်အနည်းငယ် ဟင်းချက်စရာအချို့ကို တွေ့ကြလေရာ ဝမ်ဝင်းဒေးက အမြန်ချက်ပြုတ်ပေးသည်။

မျက်မမြင်အမျိုးသမီးတို့သားအမိ၏မြေပုံမှားတွင် ထမင်း



ဟင်းလျာအချို့ ကန်တော့ပေးပြီးနောက် ကျန်သည်များကို ဝမ်းဖြည့်လိုက်ကြသည်။

ထို့နောက် ခရီးဆက်ရန် ထွက်လာခဲ့ကြသည်။

"သမီးတို့ တစ်နေရာရာမှာ အသာသွားပြီး နေကြမယ့်အစီအစဉ်အတိုင်း လုပ်ဖြစ်တော့မယ် မထင်ဘူး ဦး၊ သမီး ခရီးသွားစရာရှိလာပြီ"

စားသောက်ဆိုင်ဟောင်းလေးမှ ထွက်လာခဲ့ပြီး ခရီးတစ်ထောက်အရောက်တွင် ဝမ်ဝင်းဒေးက ပြောသည်။

"ဘယ်ကိုခရီးထွက်မှာလဲ၊ ဘာကိစ္စကြောင့်လဲ"

"အဲဒါကိုတော့ ပြောလို့မဖြစ်ဘူး၊ ဦးကို မယုံလို့ မပြောတာ မဟုတ်ဘူးနော်၊ သမီးတို့ရဲ့စည်းကမ်း ရှိနေလို့ပါ"

"ဦးကော အတူလိုက်လို့ ရနိုင်မလား"

"မရဘူး ဦး၊ သမီးတစ်ယောက်တည်း သွားရမှာ"

"သမီးက ထောက်ကျန်းဖန်ကို သွားတိုက်ခိုက်မှာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး ဦးရဲ့၊ ထောက်ကျန်းဖန်ကို သွားတိုက်ဖို့တော့ ဘာမှမပြောင်းလဲပါဘူး၊ အရှေ့ဂိုင်း နဂါးပညာပြိုင်ပွဲပြီးမှ သူ့ကို သွားရင်ဆိုင်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ထောက်ကျန်းဖန်ကို သွားရင်မဆိုင်ခင် သမီးနဲ့ ဦး ပြန်ဆုံရဦးမှာပေါ့"

"ဟုတ်တယ်လေ"

"ဘယ်မှာဆုံကြမလဲ"

ဝမ်ဝင်းအေးက ခေတ္တစဉ်းစားလိုက်ပြီး ...

"ဟို ... မျက်မမြင်အမျိုးသမီးကြီးရဲ့ စားသောက်ဆိုင် ဟောင်းနေရာမှာပဲ ပြန်ဆုံကြရင် မကောင်းဘူးလား"

"အင်း ... ကောင်းသားပဲ၊ ဘယ်အချိန်မှာ ပြန်ဆုံမလဲ"

"အရှေ့ပိုင်းနဂါးသိုင်းပညာပြိုင်ပွဲမလုပ်ခင် နှစ်ရက်အလို မနက်ပိုင်းပေါ့"

***



## (၁၂)

ဝမ်ဝင်းအေး နှုတ်ဆက်ထွက်သွားပြီးနောက် ချန်မိုအောင်မှာ ရင်ထဲတွင် တစ်မျိုးကြီးဖြစ်၍ ကျန်နေခဲ့သည်။

လွမ်းဆွတ်သည့်သဘောမဟုတ်သော်လည်း စိတ်ထဲတွင် သိပ်မပျော်ရွှင်သည်ကတော့ အမှန်။

မိမိရင်နှင့်အမျှ ချစ်မြတ်နိုးခဲ့ရသော လီဝမ်ရှိန်းကို ဖွင့်ဟ ကာ ချစ်ခွင့်ပန်ဖို့ အခွင့်မကြုံနိုင်တော့သည့်အပြင် ခွန်လွန်ဂိုဏ်းမှ လည်း ထွက်ခွာခဲ့ရပြီးသည့်နောက်တွင် ချန်မိုအောင်သည် တစ်ကိုယ် တည်းသာ အထီးကျန်ဆန်စွာ နေထိုင်လာခဲ့သည်။

ဒီနောက် ...

မမျှော်လင့်ဘဲ ဝမ်ဝင်းအေးနှင့် တွေ့ဆုံသိကျွမ်းရကာ သူ၏ဘဝသည်လည်း ပြန်၍တက်ကြွလန်းဆန်းခဲ့သည်။

ဝမ်ဝင်းအေးက သူ့အတွက် ကံကောင်းခြင်းများနှင့် ပျော် ရွှင်ချမ်းမြေ့မှုများ ဖော်ဆောင်ပေးသလိုပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ဝင်းအေးနှင့် အတူရှိရသည့် အချိန်များမှာလည်း ကြည်နူးစရာတွေ ဖြစ်ခဲ့သည်။

ယခု ဝမ်ဝင်းအေး သူ့အနားမှာ မရှိတော့သောအခါ ချန်မိုအောင်မှာ တစ်စုံတစ်ရာ လစ်ဟာသွားသလို ခံစားရသည်။

ဝမ်ဝင်းအေးအပေါ် မရိုးမသားစိတ်ထားနှင့် ချစ်ကြိုက်မိခြင်း မရှိသည်ကိုတော့ ချန်မိုအောင် သေချာစွာ နားလည်ပါတယ်။

သူ့အသက်အရွယ်၊ သူ့အခြေအနေကလည်း ဝမ်ဝင်းအေးအပေါ် ချစ်ကြိုက်၍မဖြစ်သင့်။

အကယ်၍ ထိုစိတ်မျိုး ပေါ်လာသည့်တိုင် ထိန်းသိမ်းဖျောက်ဖျက်ပစ်ရမည့်အနေအထား ဖြစ်သည်။

ဒီတော့ ချန်မိုအောင်အနေဖြင့် ဝမ်ဝင်းအေးအပေါ် အတော်ကလေး ခင်မင်နေသည်ဟူ၍သာ ဆိုရပေမည်။

ဝမ်ဝင်းအေး နှုတ်ဆက်သွားပြီးနောက် ချန်မိုအောင်သည် နီးရာ သစ်ပင်ရိပ်အောက်တွင် အသာဝင်ထိုင်သည်။

ခရီးမဆက်နိုင်သေး။

ပြောရမည်ဆိုလျှင် သူကအနေနှင့် ဘယ်ကိုသွား၍ ဘာလုပ်ရမည်ကို ယခုလောလောဆယ် တိကျစွာ မစဉ်းစားမိသေးပါ။

ထို့ကြောင့် စိတ်အေးလက်အေးရှိစေရန် အသာပင် အနား



ယူနေလိုက်သည်။

ခေါင်းကို အေးအေးထားကာ စဉ်းစားကြည့်၏။

ယခုလောလောဆယ်တွင် ပင်လယ်ကေရီ အုန်ယန်းလိနှင့် နှစ်ပါးကေရီ သိုင်းကျမ်းငယ်တို့အကြောင်းကို စုံစမ်းလျှင် အသင့်လျော်ဆုံးဟု အတွေးပေါက်လာသည်။

မိမိ မကြားမသိဖူးသော်လည်း မိမိထက် အသက်အရွယ်ကြီးရင့်သော သိုင်းသမားကြီးများက အုန်ယန်းလိအကြောင်းကို သိချင်သိပေလိမ့်မည်။

ထိုအတွေး ဝင်လာသောအခါ လက်လှမ်းမီသမျှ သက်ကြီးဝါကြီး သိုင်းသမားကြီးများကို စဉ်းစားကြည့်မိလေသည်။

ထိုအခိုက် ခြေသံဖွဖွကြားရသည့်အတွက် ချန်မိုအောင် လှမ်းကြည့်လိုက်သည်။

"ချန်မိုအောင် ... အတော်ပဲ၊ ကျွန်တော်က ခင်ဗျားကို တွေ့ချင်နေတာ၊ တွေ့မယ့်တွေ့တော့လည်း တကူးတကတောင် ရှာစရာမလိုတော့ဘူး"

နှုတ်ဆက်စကား ပြောကြားရင် သူ့ထံသို့ လျှောက်လှမ်းလာသူမှာ ခြင်္သေ့လက် မာယုန်ပြောင်းဖြစ်သည်။

"မာယုန်ပြောင်းပါလား၊ ခင်ဗျားအဏ်ရာ ဘယ်လို[illegible]သေး

www.burmeseclassic.com

www.burmeseclassic.com



လဲ"

ချန်မိုအောင်က ပြန်နှုတ်ဆက်သည်။ ထိုင်နေရာမှလည်း ထရပ်သည်။

"ပျောက်သလောက် ဖြစ်သွားပါပြီ၊ သိုင်းတောင် ကောင်းကောင်းလေ့ကျင့်လို့ ရနေပြီ"

"ဝမ်းသာပါတယ်၊ ဒါဆို လာမယ့် အရှေ့ပိုင်းနဂါးသိုင်းပညာပြိုင်ပွဲမှာ ဝင်ယှဉ်ပြိုင်ဖြစ်မှာပေါ့"

"ဟုတ်တယ်၊ ဒါကြောင့် ခင်ဗျားကို လိုက်ရှာနေတာ"

"ကျုပ်နဲ့က ဘယ်လိုပတ်သက်လို့လဲ"

"ခင်ဗျား မေ့နေပြီထင်တယ်၊ ကျွန်တော့်ရဲ့ နဂါးရန်နှိမ်ကြေးပြားချပ်ကို ခင်ဗျားကတစ်ဆင့် မိုးနတ်နဂါးထောက်ကျန်းဖန်ဆီ အပ်ထားတာလေ"

"မမေ့ပါဘူး"

"အဲဒီကြေးပြားချပ်ကို ခင်ဗျားနဲ့အတူ သွားပြန်ယူမလို့ပါ"

"နဂါးရန်နှိမ်ကြေးပြားချပ်က ခင်ဗျားပစ္စည်းပဲ၊ ကိုယ့်ပစ္စည်းပြန်သွားယူတာမှာ ကျုပ်ကို အဖော်ခေါ်လို့ လိုသေးလား"

"ခင်ဗျားပါလာတော့ ပိုကောင်းမှာမို့ပါ"

"ကျုပ်ကို ရှာမတွေ့ရင်ကော"



"အဲဒီလိုဆိုရင်တော့လည်း ကျွန်တော့်ဘာသာ သွားမှာပေါ့၊ အခု ခင်ဗျားနဲ့ အကြောင်းဆုံလို့ တွေ့ရပြီပဲ၊ ကျွန်တော်နဲ့ လိုက်ခဲ့ပေးပါ၊ အပန်းမကြီးဘူး မဟုတ်လား"

"အင်း ... ရပါတယ်ဗျာ၊ လိုက်ခဲ့ရတာပေါ့၊ ဒါနဲ့ တစ်ခုလောက် မေးချင်တယ်"

"မေးပါ"

"ပင်လယ်ကေရီအုန်ယန်းလိဆိုတာနဲ့ နှစ်ပါးကေရီသိုင်ကျမ်းဆိုတာ ကြားဖူးသလား"

"ဟင့်အင်း ... မကြားဖူးဘူး၊ ဘာဖြစ်လို့လဲ"

"ကိစ္စလေးတစ်ခု ရှိလို့ပါ၊ ထောက်ကျန်းဖန်များ သိမလားမပြောတတ်ဘူး"

"သူက ဗဟုသုတ အတော်စုံတာပဲ၊ သိချင်သိလိမ့်မယ်၊ သူနဲ့တွေ့တော့ မေးကြည့်ပေါ့ဗျာ"

❋

ချန်မိုအောင်သည် ခြသေ့်လက် မာယုန်ပြောင်းနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ပိုင်းဒေသို့ ပြန်လိုက်ပါလာခဲ့သည်။

မိုးနတ်နဂါးဂေဟာသို့ သွားရောက်ကာ ထောက်ကျန်းဖန်နှင့် တွေ့ဆုံသည်။

"မိတ်ဆွေကြီး မာယုန်ပြောင်း ကျန်းကျန်းမာမာ ရှိသွားတာ အများကြီးဝမ်းသာပါတယ်၊ လာမယ့် သိုင်းပြိုင်ပွဲမှာ ကျုပ်အတွက် ပြိုင်ဘက်ကောင်း တွေ့ရတာပေါ့၊ ခင်ဗျားရဲ့ပစ္စည်းကို သေချာသိမ်းထားပေးပါတယ်"

နှုတ်ဆက်စကားများ ပြောဆိုပြီးနောက် ထောက်ကျန်းဖန်က ပြောသည်။

နဂါးရန်နှိမ် ကြေးပြားချပ်ကိုလည်း ကိုယ်တိုင်သွားယူပေးသည်။

"ဒီကမိတ်ဆွေ ချန်မိုအောင် လာပေးထားတဲ့အတိုင်း သိမ်းပေးထားတာပါ၊ သေသေချာချာ စစ်ကြည့်ပါဦး"

ထောက်ကျန်းဖန်က ကြေးပြားချပ်ကို မာယုန်ပြောင်း၏ လက်ထဲ ပေးအပ်ပြီးနောက် ပြောသည်။

မာယုန်ပြောင်းက အသာပြုံးကာ ချန်မိုအောင်ဘက်သို့ ကမ်းပေးသည်။

ချန်မိုအောင်က ဝတ်ကျေတမ်းကျေသာ စစ်ဆေးကြည့်၍



သည်။

"ဟုတ်ကဲ့၊ ဘာမှ ခြေရာလက်ရာ မပျက်ပါဘူး၊ သိမ်းပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ချန်မိုအောင်က ဤသို့ပြောကာ နဂါးရန်နှိမ်ကြေးပြားချပ်ကို မာယုန်ပြောင်းလက်ထဲ ပေးလိုက်သည်။

"ရပါတယ်၊ ကြေးပြားချပ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးထားခွင့်ရတာကပဲ ကျုပ်အတွက် ဂုဏ်ယူစရာပါ"

"ဂေဟာရှင်ကြီးကို တစ်ခုလောက်မေးချင်ပါတယ်"

"ရပါတယ်ဗျာ၊ မေးပါ"

"ပင်လယ်ဓကေရီအုန်ယန်းလိနဲ့ နှစ်ပါးဓကေရီသိုင်းကျမ်းဆိုတာ ကြားဖူးပါသလား"

ထောက်ကျန်းဖန်သည် ချက်ချင်းပြန်မဖြေ။

စဉ်းစားဟန်ဖြင့် ခေတ္တငြိမ်နေသည်။

"အင်း ... သေသေချာချာတော့ မဟုတ်ပါဘူး၊ မိတ်ဆွေကြီးတစ်ယောက်ဆီကတစ်ဆင့် ကြားဖူးထားတာတော့ ရှိတယ်"

"ဟုတ်ကဲ့ ... ဂေဟာရှင်ကြီး ကြားဖူးထားသမျှကို ပြောပြနိုင်မယ်ဆိုရင် သိပါရစေ"

"ပြောပြနိုင်ပါတယ်၊ ပင်လယ်ဓကေရီ အုန်ယန်းလိဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာရှင်အမျိုးသမီးကြီးဟာ လွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ်ကျော်လောက်က သိုင်းလောကမှာ ထွက်ပေါ်လာပြီး ကြမ်းကြမ်းရမ်းရမ်း တိုက်ခိုက်ခဲ့လို့ သိုင်းသမားကောင်းတွေ စုပေါင်းပြီး တိုက်ခိုက်ထုတ်ပစ်ကြလို့ ပင်လယ်ပြင်ကို ထွက်ပြေးသွားတယ်လို့ ကြားဖူးတာပဲ၊ သူဟာ နောက်တစ်ချိန် ပြန်လာပြီး တိုက်ခိုက်ဖို့ ကြံစည်တယ်လို့လည်း မိတ်ဆွေကြီးက ပြောတယ်"

"ပင်လယ်ဇကေရီအုန်ယန်းလိ နောက်တစ်ကြိမ် ထပ်ပေါ်ထွက်လာသေးလား"

"ပေါ်မလာတော့ဘူးဆိုပဲ"

"သူ ဘာဖြစ်သွားတယ်ဆိုတာကော ကြားရသေးလား"

"အဲဒါတော့ မသိရဘူး၊ ပင်လယ်ထဲမှာ လှေမှောက်ပြီး သေသွားသလိုလို၊ သိုင်းလှေကျင့်ရင်း မတော်တဆဖြစ်ပြီး သေသွားသလိုလိုတော့ အမျိုးမျိုးသတင်းဖြစ်ခဲ့တယ်လို့ မိတ်ဆွေကြီးက ပြောတာပဲ"

"ပင်လယ်ဇကေရီအုန်ယန်းလိမှာ မျိုးဆက်ကော ကျန်နေခဲ့သလား"

"မပြောတတ်ဘူး၊ မျိုးဆက်မကျန်ခဲ့ဖို့က များပါတယ်"

"ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"



"သူ့ကို ဝိုင်းတိုက်ခိုက်ထုတ်ခဲ့ကြတဲ့ သိုင်းသမားကြီးတွေကို လာပြီးလက်တုံ့ပြန်တဲ့လူ အခုထိ တစ်ယောက်မှ မရှိသေးဘူး၊ တကယ်လို့ ပင်လယ်ဇကေရီမှာ မျိုးဆက်ကျန်ခဲ့မယ်ဆိုရင် အဲဒီသိုင်းသမားကြီးတွေကို လာလက်တုံ့ပြန်မှာ မဟုတ်လား"

"နှစ်ပါးဇကေရီသိုင်းပညာလည်း ပျောက်ကွယ်သွားခဲ့ပြီပေါ့"

"အင်း ... ဒီလိုပဲ ပြောရလိမ့်မယ်"

"နှစ်ပါးဇကေရီသိုင်းကျမ်းကို တစ်ယောက်ယောက်က ရှာတွေ့တာမျိုးကော ဖြစ်နိုင်သလား"

"အုန်ယန်းလိက ဘာသိုင်းကျမ်းမှ ရေးမထားခဲ့ပါဘူး၊ ဒီတော့ သူချန်ထားတဲ့ သိုင်းကျမ်းကို တစ်ယောက်ယောက် ရှာတွေ့တာလည်း မဖြစ်နိုင်ပါဘူး"

"ဟုတ်ကဲ့ ... အခုလို ပြောပြပေးတာ အများကြီး ကျေးဇူးတင်ပါတယ်"

ချန်မိုအောင်သည် ထောက်ကျန်းဖန်ကို နှုတ်ဆက်ကာ မိုးနတ်နဂါးဂေဟာမှ ထွက်ခွာလာခဲ့ကြသည်။

❋

www.burmeseclassic.com

www.burmeseclassic.com



မိုးနတ်နဂါးဂေဟာမှ ထွက်ခွာလာခဲ့ပြီးနောက် မာယုန်ပြောင်းသည် ချန်မိုအောင်ကို နှုတ်ဆက်ကာ လမ်းခွဲထွက်သွားလေသည်။

မာယုန်ပြောင်း၏ လုပ်ဆောင်မှုသည် အတန်ငယ် ရေးကြီးသုတ်ပျာနိုင်နေသလိုလို ချန်မိုအောင်၏စိတ်ထဲတွင် ထင်နေမိသည်။

မာယုန်ပြောင်းအနေဖြင့် ပြန်လည်ရယူလိုက်သော နဂါးရန်နှိမ်ကြေးပြားချပ်ထဲမှ သိုင်းကွက်များကို လေ့ကျင့်ရန် စိတ်အားသန်နေသောကြောင့် ဖြစ်လိမ့်မည်ဟု စဉ်းစားမိသောကြောင့် တစ်စုံတစ်ရာ သံသယပွားမနေတော့ပေ။

ပင်လယ်ဇကေရီ အုန်ယန်းလိနှင့် နှစ်ပါးဇကေရီ သိုင်းကျမ်းတို့အကြောင်း ဆက်လက်စုံစမ်းရန် စိတ်ကူးဖြင့် ချန်မိုအောင် အရှေ့ပိုင်းဒေသမှ ထွက်ခွာလာခဲ့သည်။

သူ့လက်ထဲတွင် ရှိနေသော နှစ်ပါးဇကေရီသိုင်းကျမ်းငယ်ထဲမှ ရေးသားဖော်ပြထားချက်များကိုလည်း အချိန်ရလျှင်ရသလို ဖတ်ရှုလေ့လာကြည့်သည်။

လက်တွေ့လေ့ကျင့်မှုမျိုးကိုတော့ မလုပ်ဖြစ်ပေ။

ယန်ဝေးမြစ်ကို ဖြတ်ကူးခဲ့ပြီးနောက် မျက်မမြင်အမျိုးသမီး



ကြီးတို့ သားအမိ၏ စားသောက်ဆိုင်လေးကို တစ်ခေါက်သွားကြည့်မိသေးသည်။

ယို့နောက် ...

ချန်မိုအောင်သည် ခွန်လွန်တောင်သို့သွားရန် ခရီးဆက်ခဲ့လေသည်။

ယန်ဝေးမြစ်ကို ဖြန်ကူးခဲ့ပြီးနောက် တစ်ရက်အကြာတွင် ချန်မိုအောင်သည် မထင်မှတ်သော တိုက်ခိုက်မှုတစ်ခုကို ရင်ဆိုင်ရလေသည်။

ဇရပ်တစ်ဆောင်တွင် ညဝင်အိပ်ခိုက် အတိုက်ခံရခြင်း ဖြစ်သည်။

ခရီးသွားများ အဆင်ပြေသလို အခမဲ့ တည်းခိုနိုင်ရန် ဆောက်လုပ်ထားသော သာလာယံဇရပ်ကြီးတွင် အတန်အသင့်ကောင်းမွန်သော အခန်းလွတ်တစ်ခုတွေ့သောကြောင့် ချန်မိုအောင်သည် ခရီးတစ်ထောက်နားကာ ညအိပ်ခဲ့လေသည်။

ညဉ့်နက်ပိုင်းတွင် အိပ်ပျော်နေရာမှ ချန်မိုအောင် ဖျတ်ခနဲလန့်နိုးလာသည်။

အတွေ့အကြုံများပြားသော သိုင်းသမားများတွင် ရှိတတ်သည့် ဗီဇညဉ်၏စေ့ဆော်မှုဖြင့် အန္တရာယ်အငွေ့အသက်ကို ခံလိုလို

www.burmeseclassic.com

www.burmeseclassic.com



ခံစားသိကာ ဖျတ်ခနဲ နိုးလာခြင်း ဖြစ်သည်။

နိုးလာသည်နှင့် ဝန်းကျင်အခြေအနေသည် ပုံမှန်မဟုတ်သည်ကို ချက်ချင်းသတိပြုမိသည်။

ထို့ကြောင့် နိုးလာသော်လည်း တစ်စုံတစ်ရာ လှုပ်ရှားမှု မလုပ်။

အိပ်ပျော်မြဲ အိပ်ပျော်နေသည့်အသွင် ပြုထားပြီး မျက်စိ အာရုံ နားအာရုံတို့ဖြင့် စူးစမ်းသိသည်။

အသက်ရှူသံသဲ့သဲ့လေးကို မကြားတကြားဖြင့် ကြားမိသလိုလို ရှိသည်။

မိမိအိပ်ခန်းအဝနားတွင် တစ်စုတစ်ယောက်ရောက်နေကြောင်း ချန်မိုအောင် နားလည်သိရှိလိုက်သည်။

ထို့နောက် အလွန်ပင် တိုးညင်လှသော ခြေသံကို ဖွဖွလေး ကြားရသလို ရှိပြန်သည်။

တစ်ယောက်ယောက် သူ့အခန်းထဲ ဝင်လာသည်ကိုလည်း ခံစားမိသည်။

သာလာယံတည်းခိုဇရပ်၏အခန်းမို့ တံခါးကလည်းမရှိ။ မည်သူမဆို အလွယ်ပင် ဝင်နိုင်သည်။

မှောင်တော့ မှောင်နေသည်။



သို့သော် ... အဝင်အထွက် တံခါးပေါက်တွင်လည်း တံခါး မရှိ။

ပြတင်းပေါက်တွင်လည်း တံခါးမရှိသောကြောင့် အပြင်ဘက်မှ အလင်းရောင်ပျပျတို့ တိုးဝင်မှုဖြင့် ပိုးတိုးဝါးတားတော့ မြင်နိုင်သလို ဖြစ်သည်။

အတွင်းအားကို စုစည်းကာ အာရုံစူးစိုက်၍ကြည့်လိုက်သောအခါ လူတစ်ယောက် ခြေတစ်လှမ်းချင်း ဖြည်းဖြည်းလှမ်းဝင်လာသည်ကို မပီတပီ တွေ့ရသည်။

ထိုသူသည် အနက်ရောင်ဝတ်စုံကိုဝတ်လျက် မျက်နှာဖုံးလည်း စွပ်ထားသည်။

မျက်နှာဖုံးစွပ်မထားလျှင်ပင် အလင်းရောင် အားနည်းလှသောကြောင့် ထိုသူ၏မျက်နှာကို မြင်ရဖို့ကတော့ မလွယ်လှပါ။

ခပ်ဝါးဝါး မြင်ရသလောက်ကတော့ အရပ်အတန်မြင့်သည် ဆိုခြင်းကိုသာ သိနိုင်သည်။ ယောကျ်ားမိန်းမပင် မကွဲပြား။

ချန်မိုအောင် အိပ်နေသည့် နေရာအနီးသို့ ဝတ်စုံနက်ဝတ်ထားသူ တရွေ့ရွေ့ နီးကပ်လာသည်။

ချန်မိုအောင်လည်း အိပ်မောကျနေသည့်အသွင်မျိုး အသက်ရှူသံ လေးလေးနှင့်မှန်မှန် ဖြစ်စေလျက် ငြိမ်၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်လျှင် အမြန်ဆုံး လှုပ်ရှားနိုင်ရန်တော့ အတွင်းအား စုစည်းကာ အသင့်ပြင်ထားသည်။

ဝတ်စုံနက် မည်သူမည်ဝါဖြစ်ကြောင်း မသိနိုင်သော်လည်း မိမိကို အလစ်ဝင်၍ လုပ်ကြံရန် အကြံရသည်ကိုတော့ ရိပ်မိလေသည်။

သို့သော် ...

ဒီလိုလာရောက်လုပ်ကြံမည့်သူ ရှိနေသည်ကိုတော့ ချန်မိုအောင် အစဉ်းစားရ ခက်နေသည်။

သိုင်းလောကတွင် ဆက်နွယ်ပတ်သက်မှုမရှိဘဲ ချန်မိုအောင် နေခဲ့သည်မှာ နှစ်ပေါင်း အတော်ကြီးကို ကြာမြင့်နေခဲ့ပြီ။

သိုင်းလောကတွင် ပါဝင်လှုပ်ရှားနေခဲ့ချိန်ကပင် ချန်မိုအောင်တွင် ရန်သူဟူ၍မရှိခဲ့ပါ။

မည်သူနှင့်မျှလည်း ရန်ငြိုးရန်စ မဖြစ်ခဲ့ဖူးပေ။

"သူက ငါ့ကို ရန်ပြုဖို့လာတာ ဟုတ်ချင်မှ ဟုတ်မှာ၊ ပစ္စည်းတွေ ခိုးဝှက်ချင်လို့လာတဲ့ သူခိုးများ ဖြစ်နေမလား"

ဝတ်စုံနက်၏ခိုးကြောင်ခိုးဝှက်နှင့် လှမ်းဝင်လာသည့်အသွင်ကြောင့် ချန်မိုအောင် တွေးလိုက်မိပြန်သည်။

သို့သော် ...



ဝတ်စုံနက်သည် ချန်မိုအောင်၏ခရီးဆောင်အိတ် ချထားရာဆီသို့ ရှေ့မရှုဘဲ ချန်မိုအောင် အိပ်နေရာဆီသို့သာ တည့်တည့်မတ်မတ် တန်းဝင်လာရာ ပစ္စည်းခိုးရန်မဟုတ်ဘဲ လူကို တိုက်ခိုက်ရန်ပြုဖို့ဖြစ်ကြောင်း သိသာလာသည်။

ချန်မိုအောင် အိပ်နေရာနှင့် လက်တစ်ကမ်းအကွာသို့ ဝတ်စုံနက် ရောက်လာသည်။

ဝတ်စုံနက်က ညာလက်ဝါးနှင့် ရုတ်တရက် လှမ်းရိုက်လိုက်၏။

အလင်းရောင် အလွန်အားနည်းလှသည့်နေရာတွင် ဖြစ်သော်လည်း လက်ဝါးရိုက်ချက် အချိန်အဆကတော့ မှန်သည်။

ချန်မိုအောင်၏ရင်ဝရှိ သွေးကြောကွက် နေရာတည့်တည့်ပေါ်သို့ လက်ဝါးရိုက်ချက်က တန်း၍ဝင်လာသည်။

ရိုက်ချက်ကလည်း မြန်သည်။

အားလည်း ပြင်းသည်။

အဆင့်မြင့် လက်ဝါးရိုက်ချက်တစ်ခု၏ အရည်အချင်းအပြည့်ပါရှိသည်။

လက်ဝါးရိုက်ချက်တစ်ချက်တည်းနှင့် အပြတ်ရှင်းနိုင်သည့် ပွဲသိမ်းရိုက်ချက် အမျိုးအစားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူသတ်တိုက်ကွက်ဟုပင် ဆိုနိုင်လောက်သည်။

တစ်ခါတည်းနှင့် လက်စသိမ်း လုပ်လာသည်မို့ ချန်မိုအောင် အံ့လည်းအံ့သြ ဒေါသလည်း ထွက်သွားရသည်။

တိုက်ခိုက်လာမှုသည် တကယ့်ကို ရန်ငြိုးရန်စ ကြီးမားသည့် လူတစ်ယောက်ကို အပြတ်ရှင်းမှုမျိုး ဖြစ်နေသည် မဟုတ်ပါလား။

ချန်မိုအောင်သာ အသင့်ရှိမနေလျှင် ထိုလက်ဝါးရိုက်ချက် ဖြင့် အသက်ပျောက်သွားရမှာ ဆယ်ပုံတွင် ကိုးပုံလောက် သေချာ နေသည်။

သတိရှိရှိဖြင့် အသင့်ပြင်ထားသည်မို့ ချန်မိုအောင်သည် နောက်သို့ ကစ်ပတ်လိမ့် ရှောင်ထွက်သွားနိုင်သည်။

ထိုသို့ရှောင်အထွက်တွင် ညာခြေနှင့် နောက်ပြန်လွှဲ၍ ကန် လိုက်သေးသည်။

ဝတ်စုံနက်ကလည်း လျင်သည်။

အပိုင်ရိုက်ချသည့် လက်ဝါးရိုက်ချက် လွဲချော်သွားမှုကြောင့် ငေးကြောင်သွားခြင်းပင် မရှိ။

ချန်မိုအောင်၏ခြေကန်ချက်ကို ရှောင်လျက် နောက်ထပ် လက်ဝါးရိုက်ချက်များ ဆက်တိုက် ရိုက်ချတိုက်ခိုက်သည်။

ချန်မိုအောင်သည် လိမ့်၍ရှောင်ထွက်သွားရာမှ ဆတ်ခနဲ



ခုန်ထကာ ဝတ်စုံနက်ကို ရင်ဆိုင်တန်ပြန်သည်။

လေလှိုင်းလက်ဝါးသိုင်းကိုသုံးကာ လက်ဝါးရိုက်ချက် သွက် သွက်များကို ဆင့်ကာ ရိုက်ချသည်။

ဝတ်စုံနက်မှာ လေလှိုင်းလက်ဝါးသိုင်း၏ရိုက်ချက်များကို မကျော်နိုင်။

နောက်သို့ပင် ဆုတ်ပေးရသည်။

ချန်မိုအောင်က ရှေ့ဆက်ကာ ဖိ၍တိုက်ခိုက်သည်။

လေလှိုင်း လက်ဝါးသိုင်းဖြင့် ဝတ်စုံနက်ကို လွှမ်းမိုးထား သည်။

ချန်မိုအောင် အသာစီးရနေသည်။ ဝတ်စုံနက်ကို လက်ရ အမိဖမ်း၍ ပွဲသိမ်းတိုက်ကွက် မဆင်သေးသည့်အတွက်သာ ဝတ်စုံ နက် ခံသာနေခြင်းဖြစ်သည်။

ဝတ်စုံနက်က နောက်သို့ တဆုတ်တည်း ဆုတ်နေရလေ သည်။

ချန်မိုအောင်က ဝတ်စုံနက်ကို ထွက်ပြေးရန် အခွင့်မပေး။

ထွက်လမ်းများကို ပိတ်ဆို့တိုက်ကွက်ဆင်သည်။

လက်ဝါးရိုက်ချက်များနှင့် လွှမ်းမိုးခြိမ်းခြောက်ပြီး အပြေ ထိုးပိတ်နိုင်ရန် ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနက် အသေအလဲ ရှောင်တိမ်းခုခံနေရသည်။

သိုင်းကွက်ဆယ်ကွက်ကျော် တိုက်ခိုက်ပြီးချိန်တွင် ဝတ်စုံနက်ထံမှ ဆန်းပြားသော လက်ဝါးရိုက်ချက်တစ်ချက် ရုတ်တရက် ပေါ်ထွက်လာသည်။

စောစောက တိုက်ခဲ့သည့် သိုင်းကွက်များနှင့် လုံးဝခြားနားသည်။

အလှည့်အပြောင်း ညင်သာသည်။

လက်ဝါးရိုက်ချက်အားကတော့ ပြင်းထန်သည်။

စတင်ရိုက်ထုတ်ချိန်တွင် ပါရှိလာသည့်အားသည် လက်ဝါးရိုက်ချက် ဝင်လာသည်နှင့် တိုး၍ ပြင်းထန်လာသည်။

ချန်မိုအောင်၏လေလှိုင်းလက်ဝါးသိုင်းမှာ ရှုပ်ထွေးကုန်သည်။

ချေဖျက်ခြင်း ခံရတော့မည့် အခြေပင် ဆိုက်သည်။

ဝတ်စုံနက်၏လက်ဝါးရိုက်ချက်အား ဦးတည်ရာ အမှန်ကိုလည်း ရုတ်တရက် မှန်းဆ၍ မရနိုင်အောင်ဖြစ်သည်။

အကျဉ်းအကျပ်အခြေအနေ ကြုံတော့မည့်ဆဲဆဲတွင် ချန်မိုအောင် ခေါင်းထဲတွင် အသိတစ်ခု ဖျတ်ခနဲပေါ်လာသည်။

ဝတ်စုံနက်သုံးသော လက်ဝါးရိုက်ချက်ကို သိနားလည်နေ



သော အသိဖြစ်သည်။

မည်သည့်အကွက်က အတုအယောင်ပြ၊ မည်သည့်အကွက်က အစစ်အမှန်ဆိုတာကို ရုတ်တရက် ခွဲခြားသိမြင်သည်။

လက်ဝါးရိုက်ချက် အဓိက ဦးတည်လမ်းကြောင်းကိုလည်း ရှင်းလင်းစွာ မှန်းဆနိုင်သည်။

ထို့ကြောင့် ...

ပြုပျက်လုဆဲဆဲဖြစ်သော လေလှိုင်းလက်ဝါး သိုင်း၏သိုင်းကွက်သိုင်းဟန်များကို အချိန်မီ ပြန်ထိန်းနိုင်သည်။

ဝတ်စုံနက် ဦးတည်ရိုက်ချသော လက်ဝါးရိုက်ချက် ပစ်မှတ်လမ်းကြောင်းမှ မိမိကိုယ်ကို တိမ်း၍ ယိမ်းဖယ်ထွက်နိုင်သည်။

ဝတ်စုံနက်၏ဆန်းပြားရှုပ်ထွေးလှသော လက်ဝါးရိုက်ချက်သည် ချန်မိုအောင်ကို မထိနိုင်တော့။

ချန်မိုအောင်မှာ လက်ဝါးရိုက်ချက် မထိအောင် ရှောင်လိုက်နိုင်သော်လည်း တန်ပြန်တိုက်ကွက် ဆင်ဖို့ကိုတော့ တုံ့နှေး၍သွားသည်။

ထိုသို့ တုံ့နှေးသွားသည့်အချိန်တွင် ပေါ်ပေါက်သွားသော လစ်ကွက်ဟာကွက်ကို ရယူအသုံးချကာ ဝတ်စုံနက် ထိုးဖောက်ထွက်ပြေးသွားနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်မိုအောင် ပြေးလိုက်ဖို့ ကြိုးစားသေးသည်။

သို့သော် ဝတ်စုံနက်၏ကိုယ်ဖော့ပညာက ဆန်းပြားကောင်းလွန်းသောကြောင့် လှစ်ခနဲဆို မြင်ကွင်းမှ ပျောက်ကွယ်သွား၏။

"ဒီဝတ်စုံနက်က ဘယ်သူလဲ၊ သူ့ရှေ့ပိုင်းမှာ သုံးခဲ့တဲ့ သိုင်းကွက်သိုင်းဟန်တွေနဲ့ သူနောက်ဆုံး ထုတ်သုံးသွားတဲ့ လက်ဝါးသိုင်းဟန်တွေက လုံးဝ ကွဲပြားနေပါလား၊ နောက်ဆုံး သုံးသွားတဲ့ လက်ဝါးသိုင်းကွက်က သိပ်ဆန်းပြားပြီး အရမ်းရှုပ်ထွေးတယ်၊ အဓိကတိုက်ကွက်လမ်းကြောင်းကို ငါ မှန်အောင် သိနိုင်လို့သာ ရင်ဆိုင်နိုင်ခဲ့တာ၊ နေဦး ... ငါက ဒီလောက်ဆန်းပြား ရှုပ်ထွေးတဲ့ လက်ဝါးသိုင်းကွက်ရဲ့ တိုက်ချက်အမှန်ကို ဘယ်လိုလုပ်ပြီး သိခဲ့တာလဲ"

ချန်မိုအောင်သည် အမျိုးမျိုး စဉ်းစားရင်း ဇဝေဇဝါဖြစ်နေသည်။

အကျဉ်းအကျပ်အန္တရာယ်နှင့် ရင်ဆိုင်ရစဉ်က အလိုအလျောက် ဆိုသလို ဖျတ်ခနဲ ပေါ်လာခဲ့သော သိစိတ်အာရုံကို ပြန်မဖမ်းနိုင်။

မိမိအနေဖြင့် ဘာကြောင့် ထိုလက်ဝါးသိုင်းကွက်၏သော့ချက်အမှန်ကို သိရသည်ကို ပြန်စဉ်းစား၍ မရတော့။



ချန်မိုအောင် အိပ်၍ပင်မရတော့။

ဝတ်စုံနက် နောက်ဆုံးသုံးသွားသည့် ဆန်းပြားရှုပ်ထွေးပြီး အားပြင်းကာ ကြောက်စရာကောင်းသော သိုင်းကွက်အကြောင်းကိုသာ စဉ်းစားရင်း အချိန်ကုန်လွန်ခဲ့သည်။

☀

ပြန်အိပ်၍မရတော့သောကြောင့် မိုးမလင်းမီပင် ဇရပ်ကြီးမှထွက်ကာ ခရီးဆက်ခဲ့သည်။

နေ့လယ်စာ စားသောက်ပြီးနောက် ခေတ္တနားခိုစိုက် လူသူကင်းဝေးသည့်နေရာလည်းဖြစ်သောကြောင့် နှစ်ပါးဘေရီသိုင်းကျမ်းငယ်ကို ထုတ်ကာ ဖတ်ကြည့်မိပြန်သည်။

ထိုသို့ဖတ်မိတော့မှ ဝတ်စုံနက်သုံးသွားသော ဆန်းပြားရှုပ်ထွေးလှသည့် သိုင်းကွက်သည် နှစ်ပါးဘေရီ သိုင်းကျမ်းငယ်ထဲတွင် ပါရှိသော 'ဘေရီမာယာသိုင်းကွက်' ဖြစ်နေကြောင်း အံ့သြဖွယ်ရာ တွေ့ရှိရလေတော့သည်။

"သူ သုံးသွားတာက ဘေရီမာယာသိုင်းကွက်ကိုး၊ အော ဒီ

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကွက်အကြောင်း ဖတ်မှတ်လေ့လာထားလို့ သူ့ရဲ့အမိက တိုက်ကွက်လမ်းကြောင်းမှန်ကို ရုတ်တရက် သိခဲ့တာပဲ၊ နေပါဦး ... ဒီဝတ်စုံနက်က ကေရီမာယာသိုင်းကွက်ကို ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် တတ်နေတာဆိုတော့ ပင်လယ်ကေရီ အုန်ယန်းလိန့် ပတ်သက်မှုရှိနေမှာပဲ၊ သူ့ကို အမိမဖမ်းလိုက်နိုင်တာ နာတာပဲ”

ချန်မိုအောင်၏ခေါင်းထဲတွင် ဆက်စပ်တွေးတောမိလေသည်။

ဝတ်စုံနက်ကို အမိမဖမ်းလိုက်နိုင်၍ ကွင်းဆက်ပြတ်သွားသလိုဖြစ်သော်လည်း နှစ်ပါးကေရီ သိုင်းပညာတတ်မြောက်သူတစ်ယောက် အသက်ထင်ရှား ရှိနေသည်ကတော့ ထင်ရှားသိသာနေလေပြီ။ ချန်မိုအောင်က ထိုသူကို မသိသော်လည်း ထိုသူကတော့ ချန်မိုအောင်ကို သိနေသည်။

ဒီတော့ ထိုလူနှင့်တစ်ကွေ့တော့ ပြန်ဆုံနိုင်မည်ဟု ချန်မိုအောင် တွေးသည်။

မိမိကို ဘာကြောင့် လာရောက်လုပ်ကြံရသည်ကို မတွေးနိုင်သော်လည်း ထိုသို့လာလုပ်ကြံသည်ကပင် ခပ်ကောင်းကောင်းဟု ချန်မိုအောင်ကတော့ ထင်မိသည်။

ချန်မိုအောင် ခရီးဆက်ခဲ့သည်။



ထိုသူ ပေါ်မလာတော့ပေ။

အခြားသော အနှောင့်အယှက် အဟန့်အတားများလည်း မတွေ့ရပေ။

စိတ်အေးချမ်းသာစွာပင် ခရီးနှင်နိုင်သည်။

စိတ်အေးလက်အေးရှိသည့်အတွက် ပန်းချီကား ရေးဆွဲဖြစ်သည်။

ရေးဆွဲသော ပန်းချီကားသည် ဝမ်ဝင်းအေး၏ပုံတူပန်းချီဖြစ်သည်။

လူကိုယ်တိုင်ကိုကြည့်ပြီး ရေးဆွဲရခြင်း မရှိစေကာမူ ဝမ်ဝင်းအေး၏ရုပ်သွင်ကို စိတ်အာရုံတွင် ထင်မြင်ခံစားနိုင်သောကြောင့် ပုံတူ ပန်းချီကားသည် ဝမ်ဝင်းအေးနှင့် အတော်လေးကိုတူသည်။

အထူးသဖြင့် ဝမ်ဝင်းအေး၏မျက်တောင်ကော့များအလှနှင့် ရှင်ပျလန်းဆန်းသော ရုပ်သွင်ကို ပီပြင်အောင် ခြယ်မှုန်းထားနိုင်သည်။

ရိုးသားသောခင်မင်မှုနှင့် သန့်စင်သော စေတနာတို့ကို အခြေခံကာ ရေးဆွဲသော ဝမ်ဝင်းအေး၏ပုံတူပန်းချီကားသည် အေးငြိမ့်ကြည့်သန့်သော ဆေးရောင်စိုစိုတို့ဖြင့် နုသစ်တက်ကြွ၍ ချမ်းမြေ့ရွှင်ကြည်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဝမ်ဝင်းအေး၏ ချို့ကြည်သော အပြုံးလေးနှင့် နုပျို လန်းဆန်းမှု၊ အသားရောင် ညိုလတ်ကာ ချစ်စရာကောင်းမှု၊ သွက်လက်ဖျတ်လတ်သောအသွင်၊ နုထွေးသော အသားရေတို့ကို ကဗျာသီကုံးကာ ပုံတူပန်းချီကားတွင် စာပန်းအလှဖြင့် ထည့်သွင်းသည်။

"လန်းဆန်းနုပျို၊ အပြုံးချိုနှင့်၊

ညိုညိုလတ်လတ်၊ သွက်လက်ဖျတ်သည်။

နုဖပ်ယဉ်ကျေး၊ ဝမ်ဝင်းအေး"

ထိုကဗျာလေးက ဝမ်ဝင်းအေး၏ပုံတူပန်းချီကားကို ပို၍ သက်ဝင်လှုပ်ရှားလာစေသည်။

❋

ခွန်လွန်တောင်သို့ ချန်မိုအောင် ရောက်ရှိသွားသည်။

လက်ရှိ ခွန်လွန်ဂိုဏ်းချုပ် လုကွမ်းချောင်းနှင့် ထိုက်ယူဖုန်းတို့က ချန်မိုအောင်အား ဝမ်းမြောက် ဝမ်းသာပင် ကြိုဆိုကြသည်။

ချန်မိုအောင်က မိမိ၏ဆရာ ခွန်လွန်ဂိုဏ်းချုပ်ဟောင်းကြီးကို တွေ့ဆုံဂါရဝပြုလိုကြောင်း ခွင့်တောင်းရာ လုကွမ်းချောင်းက



စဉ်းစားနေသေးသည်။

ထိုက်ယူဖုန်းက ကူညီပြောဆိုပေးသောကြောင့် နောက်ဆုံးတွင် လုကွမ်းချောင်းသည် ချန်မိုအောင်၏ဆန္ဒကို လိုက်လျောခွင့်ပြုသည်။

ဂိုဏ်းချုပ်ဟောင်းကြီး သီးသန့်နေထိုင်ရာ 'ရိပ်ငြိမ်ဆောင်' သို့ ထိုက်ယူဖုန်းကိုယ်တိုင် လိုက်ပို့ပေးခဲ့သည်။

"မင်းမှာ ဆရာ့ကို ပြောစရာတွေ ရှိနေမှန်း ငါ သိပါတယ်၊ ငါ အပြင်မှာပဲ စောင့်နေမယ်၊ မင်း ဝင်သွားပြီး လွတ်လွတ်လပ်လပ် ပြောပေတော့"

ရိပ်ငြိမ်ဆောင်အနီးသို့ ရောက်သောအခါ ထိုက်ယူဖုန်းက ပြောသည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုလတ်"

ထိုက်ယူဖုန်းအား ကျေးဇူးတင်စကား ပြောပြီးနောက် ရိပ်ငြိမ်ဆောင်အတွင်းသို့ ချန်မိုအောင် ဝင်လာခဲ့သည်။

ချန်မိုအောင်၏ဆရာ ခွန်လွန်ဂိုဏ်းချုပ်ဟောင်းကြီးသည် စာကြည့်စားပွဲတွင်ထိုင်ကာ စာအုပ်တစ်အုပ် ဖတ်ရှုနေသည်။

ချန်မိုအောင်က ဆရာဖြစ်သူရှေ့မှောက်တွင် ဒူးတုပ်ထိုင်ကာ ဦးချကန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ချန်မိုအောင် ဆရာ့ကို ဂါရဝပြုပါတယ်"

"ဩော် ... အင်း ... အင်း ... ထပါကွာ ... ထပါ"

"ကျေးဇူးတင်ပါတယ် ဆရာ"

"ဘာအကြောင်းကိစ္စ ရှိလို့လဲ၊ ပြောစရာရှိတာ ပြောပါ"

ချန်မိုအောင်သည် သိလိုသည့် အကြောင်းအရာများကို မေးမြန်းသည်။

"ပင်လယ်ကေရီ အုန်ယန်းလိဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်လောက်က တစ်ကြိမ်တစ်ခါတည်းပဲ ပေါ်ပေါက်လာခဲ့တယ်၊ ပင်လယ်နဂါးဂိုဏ်းက သိုင်းအကျော်အမော်အားလုံးကို အနိုင်ယူခဲ့တာကြောင့် သူရဲ့နှစ်ပါးကေရီသိုင်းဟာလည်း အရမ်းနာမည်ကြီးသွားခဲ့တယ်၊ ဒီနောက်တော့ သူ့အကြောင်း ဘာမှမကြားရတော့ဘူး"

"သူ့အကြောင်း ဘာများသိထားပါသေးလဲ ဆရာ"

"သူဟာ ပင်လယ်နဂါးဂိုဏ်းချုပ်ကြီးရဲ့သမီးပဲ၊ သူ့ဖခင် စီမံတဲ့ မင်္ဂလာကိစ္စကို မနာခံဘဲ သူ့ချစ်သူနောက် လိုက်ပြေးသွားလို့ သူ့မိသားစုနဲ့ အကြီးအကျယ် ပဋိပက္ခဖြစ်ခဲ့တယ်လို့ ကြားဖူးတယ်၊ သူ့ခင်ပွန်းသည်ဟာလည်း ပင်လယ်နဂါးဂိုဏ်းချုပ်ရဲ့ လက်ချက်နဲ့ သေဆုံးသွားခဲ့တယ်ဆိုပဲ"

"ဒီအတွက် သူက သူ့မိသားစုအပေါ် ပြန်လက်တုံ့ပြန်တာ



ကိုး"

"ဒီလိုတော့ မဟုတ်ဘူး၊ သူဟာ ပင်လယ်နဂါးဂိုဏ်းကို အပြတ်အသတ်အနိုင်ရအောင် တိုက်ခိုက်နိုင်ခဲ့ပေမယ့် တစ်ယောက်မှ အသေမသတ်ခဲ့ဘူး၊ ဒါကြောင့် လက်တုံ့ပြန်တယ်လို့ ပြောဖို့ထက် သူ့အစွမ်းအစကို သူ့မိသားစုသိသွားအောင် လာပြတာလို့ပဲ ပြောလို့ရတယ်"

"ဒါဆို သူဟာ ရက်စက်ရမ်းကားတဲ့လူ မဟုတ်ဘူးပေါ့"

"ဘယ်ဟုတ်မှာလဲ"

"အဲဒီအချိန်တုန်းက သူ့ကို လမ်းမှန်သိုင်းသမားတွေ စုပေါင်းပြီး တိုက်ထုတ်ခဲ့ရတယ်ဆိုတာကကော"

"သူက ဘာမှ မရမ်းကားခဲ့ဘူး၊ ဒီတော့ သူ့ကို ဝိုင်းတိုက်ထုတ်စရာ ဘာအကြောင်းရှိမှာလဲ၊ မင်း သတင်းမှားတွေ ကြားခဲ့တာပါ"

"သူ့သမီးနဲ့ သားမက်အကြောင်းကော ဆရာသိထားတာ ရှိသလား"

"သူ့မှာ သမီးတစ်ယောက်ရှိတယ်လို့တော့ သိတယ်၊ သူ့သမီး မင်္ဂလာဆောင်တဲ့သတင်းတော့ မကြားမိဘူး"

"ဆယ့်တစ်ဆက်မြောက် သရဲအရိပ်မား ဒေဝီအဖြစ် ဆက်

www.burmeseclassic.com

www.burmeseclassic.com



ခံတဲ့မိန်းကလေးကို ကျွန်တော် စုံစမ်း တွေ့ရှိထားပြီးပါပြီ၊ သူ့ကို ရက်စက်ကြမ်းတမ်းတဲ့ တိုက်ခိုက်မှုတွေ မလုပ်ဘဲ နည်းမှန်လမ်းမှန်နဲ့ သိုင်းသမားဆိုးတွေကို ဟန့်တားပြစ်ဒဏ်ပေးဖို့ ကျွန်တော် ကြိုးစား ပြောဆိုနေပါတယ်၊ အောင်တော့ မအောင်မြင်သေးပါဘူး၊ ကျွန်တော် ဆက်ပြီး ကြိုးစားပါ့မယ်"

"အေး ... အေး ... မင်း အောင်မြင်ပါစေကွယ်"

"မိုးနတ်နဂါး ထောက်ကျန်းဖန်ဟာ ဘယ်လိုလူစားလဲ ဆိုတာ ဆရာပြောပြနိုင်မလား"

"အရှေ့ပိုင်းဒေသ သိုင်းဦးစီးအဖြစ်နဲ့ သိုင်းလောကအတွက် အကျိုးဆောင်နေတာလောက်ပဲ သိတယ်၊ မင်းအစ်ကိုတော်တွေက ပိုသိလိမ့်မယ်၊ သူတို့ကို မေးကြည့်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါ"

ချန်မိုအောင်က ဒူးထောက်ထိုင်ချကာ ဦးချကန်တော့သည်။

ထို့နောက် ရိပ်ငြိမ်ဆောင်မှ ထွက်လာခဲ့သည်။

"မိုးနတ်နဂါး ထောက်ကျန်းဖန်အကြောင်း အစ်ကိုလတ် သိသလား"

ရိပ်ငြိမ်ဆောင်အပြင်ဘက်သို့ ရောက်၍ ထိုက်ယူဖုန်းနှင့်



တွေ့သောအခါ ချန်မိုအောင်က မေးလိုက်သည်။

"အများအကျိုးဆောင်တဲ့ သိုင်းသမားကောင်းတစ်ယောက်ပဲ၊ အထူးသဖြင့် တိုင်းတစ်ပါးသား ဩဇာခံသစ္စာဖောက် သိုင်းသမားတွေ အရှေ့ပိုင်းဒေသမှာ ခြေကုတ်ယူဖို့ အကြံအစည်ကို ထောက်ကျန်းဖန်က တားဆီးတိုက်ဖျက်နေတာ၊ ဘာဖြစ်လို့ သူ့အကြောင်းကို မင်းက စိတ်ဝင်စားတာလဲ"

"နောက်တော့ အစ်ကိုလတ်ကို ပြောပြပါ့မယ်"

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



(၁၃)

အရှေ့ပိုင်း နဂါးသိုင်းပညာပြိုင်ပွဲကျင်းပရန် နှစ်ရက်အလို နံနက်စောစောအချိန်တွင် မျက်မမြင် အမျိုးသမီးကြီး၏စားသောက်ဆိုင်ဟောင်းနေရာသို့ ချန်မိုအောင် ရောက်ရှိလာခဲ့သည်။

ချန်မိုအောင်၏ရင်ထဲတွင် ငြိမ့်ငြိမ့်လေးတော့ ခပ်သိမ့်သိမ့် လှုပ်ခတ်နေသည်။

ဝမ်ဝင်းအေးနှင့် ပြန်လည်တွေ့ဆုံရတော့မည်မို့ ဒီလိုမျိုး စိတ်ခံစားမှု ပေါ်ပေါက်နေရခြင်းဖြစ်သည်။

ဝမ်ဝင်းအေးအပေါ် သန့်ရှင်းဖြူစင်စွာ ခင်မင်နေသော်လည်း ဒီမိန်းကလေးနှင့် ပတ်သက်၍ ရံဖန်ရံခါဆိုသလိုမျိုး စိတ်တငြိမ့်ငြိမ့် လှုပ်ခတ်မှုလေးများတော့ ဖြစ်ပေါ်နေတတ်သည်။

ချန်မိုအောင် ရောက်သွားသည်မှာ ချိန်းဆိုထားသည့်အချိန်အထိ အတန်ငယ် စောနေပေသေးသည်။

ထိုနေရာတွင် မည်သူမျှမရှိ။



ချန်မိုအောင်တစ်ယောက်တည်းဟုပင် ဆိုရမည်။

မျက်မမြင် အမျိုးသမီးကြီး၏စားသောက်ဆိုင်ဟောင်းလေးကတော့ အတော်ပင် ပျက်စီးနေပြီး မြက်ပင်များလည်း နေရာအနှံ့ ပေါက်နေ၏။

မြက်စိမ်းပန်းများက မြက်ပင်များအကြားတွင် ဖူးပွင့်နေသည်။

ချန်မိုအောင် မြက်စိမ်းပန်းတစ်ပွင့်ကို ခူးယူလိုက်မိတော့သည်။

လီဝမ်ချိန်းကို သတိရကာ ရင်နင့်နာကျင်သည်။

လီဝမ်ချိန်းနှင့် တွေ့ဆုံဖြစ်ပျက်ခဲ့ရပုံများကို ပြန်ပြောင်းစဉ်းစားကာ လွမ်းမောနေမိသည်။

"ဟော ... ဦးရောက်နေနှင့်တာကိုး"

ဝမ်ဝင်းအေး၏လှုပ်ခတ်သံလေးကြားရတော့မှ အတိတ်အကြောင်း တွေးတောမိနေမှု တစ်စခန်းရပ်သည်။

လှမ်းကြည့်လိုက်ရာ သူ့ထံသို့ လျှောက်လှမ်းလာနေသော ဝမ်ဝင်းအေးကို တွေ့ရသည်။

သူမ ဝတ်နေကျ နုစိုသော အစိမ်းရောင်ဝတ်စုံ ဝတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ညိုလတ်သော အသားရောင်သည် နံနက်ခင်း၏နေခြည်နု အောက်တွင် စို၍ လန်းနေသည်။

မျက်တောင်ကော့များက ရှမ်းလွဲနေကာ မျက်လုံးတောက် တောက်လေးများဖြင့် ပြုံးနေသောမျက်နှာလေးသည် အလွန်ကို ချစ်စရာကောင်းနေသည်။

"ဟုတ်တယ် … ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဦး"

ပြုံးရွှင်နေသော ဝမ်ဝင်းအေး၏မျက်နှာသည် ဘာကြောင့် မှန်းမသိ တည်သလိုလို ဖြစ်သွားသည်။

"သွားကြရအောင်လား ဦး"

ခဏငြိမ်နေပြီးနောက် ဝမ်ဝင်းအေးက ပြောသည်။

ချန်မိုအောင်၏အနားတွင်ပင် ဝင်မထိုင်။

"ဟင် … ဘယ်ကိုသွားမှာလဲ"

ရုတ်တရက်ကြီး ပြောချလိုက်သည်မို့ ချန်မိုအောင်မှာ အံ့သြ သလိုဖြစ်ကာ ပြန်မေးမိ၏။

"ဟာ … ဦးကလည်း ဘယ်ကိုသွားရမှာလဲ မေးနေသေး တယ်၊ မြစ်ကူးပြီး အရှေ့ပိုင်းဒေသကိုပေါ့"

"ဪ … အင်း … ဟုတ်သားပဲ"



နှစ်ယောက်သား ကူးတို့ဆိပ်သို့ လာခဲ့ကြသည်။ ဝမ်ဝင်း အေးသည် ထူးထူးခြားခြားပင် နှုတ်ဆိတ်နေသည်။

ချန်မိုအောင်ကလည်း စကားမစဖြစ်။

ကူးတို့ဆိပ်သို့ရောက်တော့ ဖောင်ဖြင့် ယန်ဝေးမြစ်ကို ဖြတ် ကူးကြသည်။

ဖောင်ပေါ်တွင်လည်း စကားမပြောဖြစ်ကြ။

"သမီးတို့ ခြသေ့်လက် မာယုန်ပြောင်းဆီ အရင်သွားကြရ အောင်"

ယန်ဝေးမြစ် တစ်ဖက်ကမ်းသို့ရောက်တော့မှ ဝမ်ဝင်းအေး က ပြောသည်။

"အင်း … အင်း"

ချန်မိုအောင် ခေါင်းကို အသာညိတ်လိုက်ရသည်။

❋

အရှေ့ပိုင်းနဂါးသိုင်းပညာ ယှဉ်ပြိုင်ပွဲပြုလုပ်ရန် နှစ်ရက် အလို နံနက်စောစောတွင် … မိုးနတ်နဂါး ထောက်ကျန်းဖန်သည်

www.burmeseclassic.com

www.burmeseclassic.com



ရွှေခြသေ့ရွာဆီသို့ ထွက်လာခဲ့သည်။

ခြသေ့လက် မာယုန်ပြောင်းကို သွားရောက်တွေ့ဆုံကာ စကားစမြည်ပြောရင်း ကျန်းမာရေးအခြေအနေ မေးမြန်းရန်ဖြစ်သည်။

ယခုနှစ်ကျင်းပမည့် အရှေ့ပိုင်းနဂါးသိုင်းပညာ ယှဉ်ပြိုင်ပွဲနှင့် ပတ်သက်၍ ထောက်ကျန်းဖန် အတော်လေး ဦးနှောက်စားနေသည်။

သိုင်းပညာပြိုင်ပွဲကျင်းပရန် အချိန်နီးကပ်လာသည့်အခါတွင် ပြိုင်ပွဲဝင်ရန် အလားအလာရှိသော သိုင်းသမားအချို့ ထူးဆန်းစွာ ပျောက်ဆုံး၊ သို့မဟုတ် သေဆုံးခဲ့ကြရသည်။

ဤသည်မှာ လျှို့ဝှက်လုပ်ကြံမှုကြီးတစ်ခု၏အစပျိုးလာမှုဟု ထောက်ကျန်းဖန် သံသယဖြစ်မိသည်။

ပြိုင်ပွဲဝင်မည့်သိုင်းသမားများ စာရင်းပေးရမည့် ရက်တွင် သင်းကွဲမျောက် ဟော်ဆွန်ဘီနှင့် အပေါင်းပါများက ထူးထူးခြားခြား ဆိုသလို အဖွဲ့လိုက် အမည်စာရင်းပေးလာကြသည်။

အရှေ့ပိုင်း နဂါးသိုင်းပညာ ပြိုင်ပွဲများတွင် ယခင်က အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်မှု မပြုခဲ့ကြသော်လည်း အဖွဲ့လိုက် ယှဉ်ပြိုင်ခွင့်မပြုဟု တိကျစွာ စည်းကမ်းကန့်သတ်ထားချက် မရှိသော



ကြောင့် သင်းကွဲမျောက်နှင့် အပေါင်းပါတို့၏ 'ပင်လယ်သိုင်းသမားများအဖွဲ့'ကို ပြိုင်ပွဲဝင်အဖြစ် လက်ခံလိုက်ရသည်။

အခြားသော သိုင်းသမားများ အမည်စာရင်း သွင်းလာခြင်းလည်း မရှိသည့်အတွက် လက်ရှိ အရှေ့ပိုင်းသိုင်းဦးစီးထောက်ကျန်းဖန် တစ်ဦးတည်းက ပင်လယ်သိုင်းသမားများ အဖွဲ့ကို ရင်ဆိုင်ရမည့် အခြေအနေမျိုး ဖြစ်ပေါ်နေသည်။

သင်းကွဲမျောက် ဟော်ဆွန်ဘီတို့သည် တိုင်းတစ်ပါးသား ဩဇာခံ သစ္စာဖောက် သိုင်းသမားများဖြစ်ကြောင်း ထောက်ကျန်းဖန် သိထားလေရာ ပြည်ပကျူးကျော်မှု၏အန္တရာယ်ကိုလည်း စိုးရိမ်ဖွယ်ရာ ဖြစ်နေသည်။

ခြသေ့လက် မာယုန်ပြောင်းတို့လို သိုင်းသမားများနှင့် မိမိပူးပေါင်းကာ ပင်လယ်သိုင်းသမားများအဖွဲ့ကို ရင်ဆိုင်ရန် အစုတစ်စုဖွဲ့ဖို့ ထောက်ကျန်းဖန် စိတ်ကူးရသည်။

ထို့ကြောင့် ...

မာယုန်ပြောင်း ပြိုင်ပွဲဝင်ရန် စာရင်းပေးလာမည်ကို စောင့်မျှော်နေခဲ့သည်။

သိုင်းပြိုင်ပွဲပြုလုပ်ရန် ရက်ပိုင်းသာ လိုတော့သည်အထိ ခြသေ့လက် မာယုန်ပြောင်းထံမှ ဘာသတင်းမှ မကြား။

www.burmeseclassic.com

www.burmeseclassic.com



လူလည်း ရောက်မလာသောကြောင့် ကိုယ်တိုင်သွားတွေ့ရန် ထောက်ကျန်းဖန် ထွက်လာခဲ့ခြင်း ဖြစ်သည်။

ရှေ့ခြသေ့်ရှာနှင့် တစ်မိုင်သာသာခန့်အကွာသို့အရောက်တွင် လမ်းဘေးချုံပုတ်တစ်ခုမှ လူတစ်ယောက် ထွက်လာသည်ကို ရိပ်ခနဲတွေ့ရသည်။

ဖျတ်ခနဲလှမ်းကြည့်ရာ ခြသေ့်လက် မာယုန်ပြောင်းဖြစ်နေသည်ကို တွေ့ရသည့်အတွက် ထောက်ကျန်းဖန်လည်း ခြေလှမ်းကို တုံ့ရပ်လိုက်သည်။

ခြသေ့်လက် မာယုန်ပြောင်းကလည်း ထောက်ကျန်းဖန်ကို မြင်သွားသဖြင့် လက်ဝှေ့ယမ်းပြသည်။

"ဟော ... မာယုန်ပြောင်း အတော်ပဲ၊ ကျုပ်လည်း ခင်ဗျားဆီကိုလာ ..."

ထောက်ကျန်းဖန်မှာ စကားဆုံးအောင် မပြောနိုင်။

ရုတ်တရက် မာယုန်ပြောင်း ခွေလျက်သား လဲကျသွားသည်ကို တွေ့ရသောကြောင့် စကားတစ်ပိုင်းတစ်စနှင့် ရပ်သည်။

လဲကျနေသော မာယုန်ပြောင်းရှိရာသို့လည်း စိုးရိမ်တကြီးပင် အပြေးလေးသွားမိသည်။

မာယုန်ပြောင်းကို ဖေးမတွဲထူမည့်အပြုတွင် လဲကျနေ



သော မာယုန်ပြောင်း၏ပါးစပ်ထဲမှ အပ်ပျံတစ်ချောင်း လွင့်ပျံထွက်လာသည်။

မာယုန်ပြောင်းကို ဖြောင့်မတ်တည်ကြည်သော သိုင်းသမားတစ်ယောက်အဖြစ် ထောက်ကျန်းဖန် ကောင်းကောင်းသိထားသည်။

ဒီလိုကောက်ကျစ်သော လုပ်ကြံတိုက်ခိုက်မှုမျိုး လုပ်လိမ့်မည်ဟုမထင်။

ထို့ကြောင့် လုံးဝအငိုက်မိသည်။

နာမည်ရ ပထမတန်း သိုင်းအကျော်အမော်တစ်ယောက်မို့ အလိုအလျောက် ရှောင်တိမ်းမှုတော့ လုပ်လိုက်ပါသေးသည်။

ထို့ကြောင့် မာယုန်ပြောင်းပါးစပ်မှ မှုတ်ထုတ်လိုက်သော အပ်ပျံသည် သေကွင်းသေကွက်နေရာကိုတော့ မထိမိပါ။

သို့သော် ...

လုံးဝတော့ လွတ်အောင် မရှောင်နိုင်။

ဘယ်လက်မောင်းတွင် စိုက်မိသည်။

ထောက်ကျန်းဖန်၏ဘယ်လက်မောင်းတွင် မီးစကြီးနှင့် အထိုးခံလိုက်ရသလို ဖြစ်သည်။

ဘယ်လက်မောင်းတစ်ခုလုံး ထုံကျဉ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲ မိုက်ခနဲဖြစ်သည်။

မိမိလက်မောင်းတွင် ထိုးစိုက်မိသည်မှာ ရိုးရိုးအပ်မျှ မဟုတ်။

အဆိပ်ပြင်းထည့်ထားကြောင်း ထောက်ကျန်းဖန် ချက်ချင်း သိသည်။

ထို့ပြင် ယခု မိမိတွေ့ဆုံသူမှာလည်း မာယုန်ပြောင်းအသွင် ရုပ်ဖျက်အယောင်ဆောင်ထားသူသာ ဖြစ်သည်ကိုလည်း နားလည် လိုက်သည်။

ထောက်ကျန်းဖန်သည် အတွင်းအားဖြင့် အဆိပ်ကို ကြိုး စားထိန်းသည်။

ပြီးတော့ နောက်ကြောင်းပြန်လှည့်ကာ အမြန်ပြေးထွက် သည်။

အဆိပ်ဒဏ် မပြင်းထန်ခင် မိုးနတ်နဂါးဂေဟာသို့ အရောက်ပြန်နိုင်မှ ဖြစ်ပေတော့မည်။

*



ညနေပိုင်းလောက်တွင် ရွှေခြသေ့်ရွာအလွန်ရှိ ခြသေ့်လက် မာယုန်ပြောင်း နေထိုင်ရာအိမ်လေးသို့ ချန်မိုအောင်နှင့် ဝမ်ဝင်းအေး တို့ ရောက်လာကြသည်။

အိမ်ရှေ့တွင်ထိုင်ကာ လက်ဖက်ရည်ကြမ်း သောက်နေ သော မာယုန်ပြောင်းကို တွေ့ကြရသည်။

သိုင်းပြိုင်ပွဲက ရက်ပိုင်းသာလိုတော့ရာ မာယုန်ပြောင်း သည် သိုင်းပညာ အပြင်းအထန် လေ့ကျင့်နေမည်ဟု ချန်မိုအောင် ထင်ထားခဲ့သည်။

ယခု သိုင်းလေ့ကျင့်နေသည့် အရိပ်အယောင်ပင် မတွေ့ရ ဘဲ အေးအေးလူလူ လက်ဖက်ရည်ကြမ်း ထိုင်သောက်နေသည့်အ တွက် အံ့သြသလို ဖြစ်ရလေသည်။

"ဟော ... ချန်မိုအောင်နဲ့ တူမလေးတို့ပါလား၊ လာ ... လာ လက်ဖက်ရည်ကြမ်း သောက်ကြဦး"

မာယုန်ပြောင်းက လှမ်းနှုတ်ဆက်သည်။

"ကျုပ်က ခင်ဗျားကို သိုင်းလေ့ကျင့်နေမယ် ထင်နေတာ၊ အားလုံး ပိုင်နိုင်နေလို့ အေးအေးဆေးဆေး ရှိနေတာလား"

မာယုန်ပြောင်းအနီးတွင် ဝင်ထိုင်ရင်း ချန်မိုအောင်က မေး လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သိုင်းပြိုင်ပွဲ ဝင်တော့မှာမှ မဟုတ်တာ၊ ထောက်ကျွန်းဖန်ကို အနိုင်ယူဖို့အတွက် ကျွန်တော် တီထွင်ထားတဲ့ နဂါးရန်နှိမ် ကြေးပြားချပ်ကိုတောင် ခင်ဗျားတို့ကတစ်ဆင့် ထောက်ကျွန်းဖန်ကို သိမ်းပေးထားဖို့ ပေးထားပြီးပြီပဲ၊ အထွေအထူး သိုင်းလေ့ကျင့်စရာ မလိုပါဘူး"

"အလို ... ခင်ဗျားနဲ့ကျုပ် အဲဒီကြေးပြားချပ်ကို ထောက်ကျွန်းဖန်ဆီက အတူတူသွားပြန်ယူခဲ့ကြပြီးပြီ မဟုတ်လား၊ ခင်ဗျားပဲ ပြိုင်ပွဲဝင်ဖို့ လေ့ကျင့်တော့မယ်ဆို"

"ဟာ ... မဟုတ်တာ၊ အဲဒီကြေးပြားချပ်ကို ပေးခဲ့ပြီးနောက် အခုမှ ခင်ဗျားနဲ့ကျွန်တော် ပြန်ဆုံမိတာ၊ ထောက်ကျွန်းဖန်ဆီကိုလည်း အတူမသွားခဲ့ကြပါဘူး"

"ဒုက္ခပဲ၊ တစ်ခုခုတော့ လွဲနေပြီ"

"ဘာလွဲနေတာလဲ၊ ပြောစမ်းပါ"

ချန်မိုအောင်က ထောက်ကျွန်းဖန်ထံမှ နဂါးရန်နှိမ်ကြေးပြားချပ် ပြန်ယူခဲ့ကြပုံအကြောင်းကို ပြောပြလိုက်သည်။

"ခင်ဗျားတော့ အလှည့်စားခံလိုက်ရပြီ"

ချန်မိုအောင် ပြောပြသည်များကို နားထောင်ပြီးနောက် မာယုန်ပြောင်းက မှတ်ချက်ချသည်။



"ဘယ်လိုအလှည့်စားခံရတာလဲ"

"တစ်ယောက်ယောက်က ကျွန်တော့်အယောင်ဆောင်ပြီး အယုံသွင်းသွားတာပေါ့"

"ဘယ်သူက အယောင်ဆောင်တာလဲ"

"အတိအကျပြောဖို့ ခက်ပေမယ့် သင်းကွဲမျောက် ဟော်ဘွန်ဆီတို့ လက်ချက်ဖြစ်ဖို့များတယ်"

"ထောက်ကျွန်းဖန်က တစ်ဖက်လှည့်နဲ့ လုပ်သွားတာကော မဖြစ်နိုင်ဘူးလား"

တစ်ချိန်လုံး ငြိမ်၍နားထောင်နေလေသော ဝမ်ဝင်းအေးက ဝင်ပြောသည်။

"မဖြစ်နိုင်ဘူး၊ ထောက်ကျွန်းဖန်မှာ ဒီလိုလုပ်စရာအကြောင်း မရှိဘူး"

"ရှင်က ဘာကြောင့် ဒီလူကြီးကို ဒီလောက်တောင် ယုံကြည်စိတ်ချနေတာလဲ၊ အဲဒီလူကြီးက ..."

ဝမ်ဝင်းအေးသည် စကားကို ဆုံးအောင်မပြော။

တစ်ပိုင်း တစ်စနှင့် ရပ်ပစ်လိုက်၏။

သူမအနေဖြင့် ထောက်ကျွန်းဖန်အပေါ် အတော်ပင် စိတ်မကျေမနပ်ရှိနေပုံရသည်ကို ချန်မိုအောင် အကဲခတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆိုရင် ထောက်ကျန်းဖန်ကို သွားတွေ့မှ ဖြစ်တော့မယ်"

ချန်မိုအောင်က ပြောသည်။

"ဟုတ်တယ် ... ဟုတ်တယ်၊ ကျွန်တော်လည်း လိုက်ခဲ့ပါ့မယ်"

မာယုန်ပြောင်းက ပြောသည်။

ဝမ်ဝင်းအေးသည် တစ်ခုခုဝင်ပြောမည်ပြုသည်။

သို့သော် ...

ဘာမျှမပြောပါ။

ချန်မိုအောင်နှင့် မာယုန်ပြောင်းတို့ ထောက်ကျန်းဖန်အားတွေ့ဆုံရန် သွားကြသောအခါတွင်မူ ဝမ်ဝင်းအေးလည်း အတူလိုက်ပါလာခဲ့လေသည်။

✺

ချန်မိုအောင်တို့လူစုသည် ထောက်ကျန်းဖန်နှင့် တွေ့ခွင့်မရကြပါ။



သူတို့ကို ထောက်ကျန်းဖန်၏လက်ထောက်တပည့်ကြီး ခုန်ယောက လက်ခံတွေ့ဆုံသည်။

"ဆရာ တိုက်ပိတ်ပြီး အတွင်းအား လေ့ကျင့်နေတာကြောင့် ဧည့်သည်များကို လက်ခံမတွေ့ဆုံနိုင်တာ တောင်းပန်ပါတယ်၊ ပြောစရာရှိရင် ကျွန်တော့်ကို ပြောခဲ့နိုင်ပါတယ်၊ ကျွန်တော် ဖြေရှင်းကူညီပေးနိုင်တာ ဆိုရင်လည်း ကျွန်တော် ဆောင်ရွက်ပေးဖို့ အသင့်ပါ၊ ဆရာ့ကိုပြောမှ ဖြစ်မယ်ဆိုရင်လည်း အမှာစကားပါးခဲ့နိုင်ပါတယ်၊ ဆရာ တိုက်ပိတ်အတွင်းအားလေ့ကျင့်ရာက ထွက်လာရင် ကျွန်တော် တစ်ဆင့် ပြောပြပေးပါ့မယ်"

ခုန်ယောက ပြောသည်။

ချန်မိုအောင်နှင့် မာယုန်ပြောင်းတို့နှစ်ယောက် တိုင်ပင်ကြကာ ဖြစ်ပျက်ပုံအကြောင်းစုံကို စာရေးသားလျက် စာအိတ်ထဲတွင် သေချာစွာထည့်၍ ချိတ်ပိတ်သည်။

ပြီးတော့ ...

ခုန်ယောလက်သို့ အပ်သည်။

"သိပ်အရေးကြီးတဲ့ကိစ္စမို့ သေသေချာချာ စာရေးပေးထားခဲ့တယ်၊ ထောက်ကျန်းဖန်လက်ထဲကို အမြန်ဆုံးရောက်အောင်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



မာယုန်ပြောင်းက မှာကြားခဲ့သေးသည်။

✱

အရှေ့ပိုင်းနဂါးသိုင်းပညာ ယှဉ်ပြိုင်ပွဲ ကျင်းပပြုလုပ်သော နေ့။

သိုင်းပညာပြိုင်ပွဲကို မိုးနတ်နဂါးဂေဟာက တာဝန်ယူပြုလုပ်သည်။

ပြိုင်ပွဲနေရာမှာ မိုးနတ်နဂါးဂေဟာ အရှေ့ဘက်နားရှိ သစ်စိမ်းတောင်ကုန်းပေါ်တွင်ဖြစ်သည်။

နံနက်စောစော အလင်းရောင်ပေါ်သည့် အချိန်ကပင် စ၍ သိုင်းပညာ ယှဉ်ပြိုင်ပွဲကို ကြည့်ရှုကြမည့် သိုင်းသမား ပရိသတ်များ သစ်စိမ်းတောင်ကုန်းပေါ်သို့ တဖွဲဖွဲရောက်ရှိလာကြသည်။

သို့သော် ...

ယခင်က ကျင်းပခဲ့သည့် အရှေ့ပိုင်းနဂါး သိုင်းပညာ ယှဉ်ပြိုင်ပွဲများကလောက်တော့ သိုင်းသမားပရိသတ် မများပြားတော့ပေ။



ဒီနှစ် သိုင်းပညာ ယှဉ်ပြိုင်ရန် အမည်စာရင်း ပေးထားကြသူများကလည်း နည်းပါးလှသည်။

သင်းကွဲမျောက် ဟော်ဆွန်ဘီတို့၏ပင်လယ်သိုင်းသမားများအဖွဲ့နှင့် အနီရောင်သိုင်းသမားများအဖွဲ့ ဟူ၍ အဖွဲ့နှစ်ဖွဲ့သာရှိသည်။

အနီရောင်သိုင်းသမားများအဖွဲ့ ဆိုသည်မှာ မိုးနတ်နဂါးထောက်ကျန်းဖန်က အရေးပေါ် ဖွဲ့စည်းလိုက်သော အဖွဲ့ဖြစ်လေသည်။

ထောက်ကျန်းဖန်၏တပည့် သိုင်းသမားများ ပါဝင်ကြသည်။

သိုင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စိတ်ကူးရှိကြသော သိုင်းသမားအချို့ လုပ်ကြံခံခဲ့ရမှုသည် သိုင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ မရှိသလောက်ဖြစ်နေရခြင်း၏အဓိကအကြောင်းရင်း ဖြစ်သည်။

ထိုသိုင်းသမားများ ထူးဆန်းစွာ ပျောက်ဆုံးသူက ပျောက်ဆုံး၊ သေဆုံးသူက သေဆုံး ဖြစ်ခဲ့ရမှုတို့အတွက် လက်သည်တရားခံအစစ်ကို အတိအကျ မဖော်ထုတ်နိုင်သော်လည်း တိုင်းတစ်ပါးသားများ၏ လျှို့ဝှက်လုပ်ကြံမှု အစီအစဉ်ဖြစ်သည်ဆိုခြင်းကိုသာ သိုင်းသမားအပေါင်းက နားလည်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းတစ်ပါးသား နယ်ချဲ့များသည် သူတို့၏ပြဇာခံအမျိုးသား သစ္စာဖောက်သိုင်းသမားများကို အရှေ့ပိုင်းနဂါးသိုင်းပညာပြိုင်ပွဲတွင် ပါဝင်စေကာ အနိုင်ရလျှင် ခြေကုတ်စခန်းဖွင့်ဖို့ ကြံရွယ်လုပ်ဆောင်နေခဲ့သည်မှာ ကြာပြီဖြစ်သည်။

ထောက်ကျန်းဖန်ကို မယှဉ်နိုင်သည့်အတွက် သူတို့၏လက်ပါးစေများ ပြိုင်ပွဲတွင် အရေးနိမ့်ကာ အကြံမအောင်နိုင်ဘဲ ဖြစ်နေခဲ့သည်။

ယခုနှစ်တွင်တော့ လုပ်ကြံမှုပါပြုလျက် ပိုး၍အတင့်ရဲရဲ လှုပ်ရှားလာကြသည်။

တိုင်းတစ်ပါးသားတို့၏အကြံရိုင်းကို ထောက်ကျန်းဖန်နှင့် မိုးနတ်နဂါးဂေဟာမှ သိုင်းသမားများက ရိုက်ချိုးပစ်နိုင်မည်ဟု သိုင်းသမားအပေါင်း မျှော်လင့်နေကြသည်။

ထောက်ကျန်းဖန်အနေဖြင့် စိတ်ကြိုက်စီမံခင်းကျင်း ယှဉ်ပြိုင်နိုင်ရန် ကျန်သိုင်းသမားများက ရှောင်ပေးသည့်အနေဖြင့် သိုင်းပညာပြိုင်ပွဲ မဝင်ကြတော့ခြင်း ဖြစ်သည်။

အရေးအကြောင်း ကြုံလျှင် ထောက်ကျန်းဖန်ဘက်မှ ကူညီပေးနိုင်ရန်အတွက်တော့ သိုင်းပရိသတ်များအဖြစ် ရောက်ရှိနေကြသည်။



သိုင်းပရိသတ်များထဲတွင် ခြသေ့်လက် မာယုန်ပြောင်းလည်း ပါဝင်သည်။

ချန်မိုအောင်နှင့်ဝမ်ဝင်းအေးတို့လည်း သိုင်းပရိသတ်များအကြားတွင် ရှိနေသည်။

ဝမ်ဝင်းအေး၏ဆန္ဒအတိုင်း သူတို့နှစ်ယောက်သည် သိုင်းပညာယှဉ်ပြိုင်မည့် မြေကွက်လပ်နေရာနှင့် အနီးဆုံးတါင် ရှိနေကြသည်။

သိုင်းပညာယှဉ်ပြိုင်မည့်နေရာသည် ပေတစ်ရာပတ်လည်ခန့် အကျယ်အဝန်းရှိသည်။

သစ်ပင်ချုံနွယ်များ မရှိသော မြေကွက်လပ်ဖြစ်သော်လည်း ညီညီညာညာ ပြန့်ပြန့်ပြူးပြူးတော့ မဟုတ်ပေ။

မြေ၏အနိမ့်အမြင့်က မညီ။

ထို့ပြင် ကျောက်တုံးကျောက်ခဲများ၊ ကျင်းချိုင့်များလည်း ဟိုနားတစ်ခု၊ ဒီနားတစ်ခု ဆိုသလို ရှိနေသေးသည်။

ဒါကလည်း တမင်ပင် လုပ်ထားခြင်းဖြစ်သည်။

မညီညာဘဲ ခလုတ်ကန်သင်းတွေ ထူပြောသော နေရာတွင်မှ တကယ့်သိုင်းပညာစွမ်းရည်ကို ဖော်ထုတ်နိုင်မည်ဆိုသော စိတ်ကူးရည်ရွယ်ချက်နှင့် လုပ်ဆောင်ထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာပြိုင်ပွဲ၏ ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ရန် သိုင်းလောကထိပ်သီးဂိုဏ်းကြီးများ၏ကိုယ်စားလှယ်များကို အလှည့်ကျဖိတ်ခေါ်ခဲ့ရာ ယခုနှစ် ဒိုင်လူကြီးမှာ ရှောင်လင်သိုင်းသမားကြီး ဝေကြျူးဖြစ်သည်။

"ဒီနှစ် သိုင်းပညာပြိုင်ပွဲမှာ တစ်ဦးချင်းစီမဟုတ်ဘဲ ထူးထူးခြားခြားဆိုသလို အဖွဲ့နှစ်ဖွဲ့ ယှဉ်ပြိုင်ကြတာကြောင့် ပဏာမအဆင့်ပြိုင်ပွဲနှစ်ပွဲနဲ့ နောက်ဆုံးအဆင့် ပြိုင်ပွဲတစ်ပွဲ အားလုံးပေါင်း သုံးပွဲယှဉ်ပြိုင်ကြဖို့ စီစဉ်ထားပါတယ်၊ ပထမအဆင့် ပြိုင်ပွဲနှစ်ပွဲမှာ အဖွဲ့တစ်ဖွဲ့ဖွဲ့က နှစ်ပွဲလုံး အနိုင်ရရင်တော့ နောက်ဆုံးအဆင့် ပြိုင်ပွဲလုပ်ဖို့ မလိုတော့ပါဘူး၊ အနိုင်ရတဲ့အဖွဲ့ရဲ့ခေါင်းဆောင်ကို အနိုင်ရသူအဖြစ် သတ်မှတ်ပြီး အရှေ့ပိုင်း သိုင်းဦးစီးအဖြစ် တာဝန်ပေးပါ့မယ်"

သိုင်းပညာပြိုင်ပွဲအဖွင့်တွင် အစီအစဉ် ကြေညာသူက အားလုံးကြားနိုင်အောင် အသံကျယ်ကျယ်ဖြင့် သုံးကြိမ်သုံးခါတိုင်တိုင် ပြောဆိုကြေညာသည်။

ထို့နောက် ပထမအဆင့်ပြိုင်ပွဲ၏ ပွဲစဉ်အမှတ် (၁) ကို စတင်ပြုလုပ်သည်။

ယှဉ်ပြိုင်ကြမည့်လူများမှာ အနီရောင်သိုင်းသမားအဖွဲ့မှ ခုန်ယောနှင့် ပင်လယ်သိုင်းသမားအဖွဲ့မှ ခိစိန်တို့ ဖြစ်ကြသည်။



ခုန်ယောနှင့်ခိစိန်တို့နှစ်ယောက် ယှဉ်ပြိုင်ရန် နေရာယူလိုက်ကြသည်။

တသောသောဖြစ်နေသော စကားပြောသံများ တိတ်သွားသည်။

သိုင်းပရိသတ်အပေါင်းသည် မကြာမီ တွေ့မြင်ကြရတော့မည့် သိုင်းယှဉ်ပြိုင်တိုက်ခိုက်မှုကို စိတ်စောစွာ ငံ့လင့်နေကြသည်။

"ကျုပ် ဓားရှည်သုံးမယ်၊ ခင်ဗျားလည်း ကြိုက်ရာလက်နက်ကိုင်ပါ"

ခုန်ယောက ဓားရှည်ကို ဆွဲထုတ်ရင်း ပြောသည်။

"လုပ်ပါ၊ ရပါတယ်၊ ကျုပ်ရဲ့လက်နက်ကတော့ လက်နှစ်ဖက်ပဲ၊ ခင်ဗျားကိုယှဉ်ဖို့အတွက် ဓားတွေလှံတွေ ကိုင်စရာမလိုဘူး"

ခိစိန်က ထိုသို့ပြောပြီး သိုင်းကွက်နင်းကာ ညာလက်ကို ကွေး၍ ဘယ်လက်အား ပင့်မြှောက်သည်။

လက်ချောင်းတို့ကို ဖြန့်ထားလျက် ခပ်ကွေးကွေးလုပ်ထားသည်။

သူ၏ဆယ်ဖြာသော လက်ချောင်းများရှိ လက်သည်းရှည်တို့သည် သံချိတ်ကောက်များ၊ ဓားသွားများသဖွယ် ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်နက်မဲ့ တိုက်ခိုက်မည်ဆိုသော်လည်း လက်သည်းတို့သည် လက်နက်နှင့် ဘာမျှမခြားပါ။

ခုန်ယောသည် ရှေ့သို့ နှစ်ကွက်လှမ်းတက်ပြီး ဓားရှည်ကိုလည်း ဇွေ့ယမ်းခုတ်ပိုင်းကာ တိုက်စစ်ဆင်သည်။

ပင်လယ်ကမ်းခြေကို ဒီလှိုင်းများ ရိုက်ခတ်သည့်နှယ် ဓားချက်တို့ ဆင့်ကဲဖြစ်ပေါ်လျက် ခိစိန်ရှိရာသို့ တိုးဝင်လွှမ်းမိုးသည်။

ခိစိန်က မထိမ့်မြင် တစ်ချက်ပြုံးကာ ကိုယ်ကို ခပ်ယိမ်းယိမ်းပြုလျက် ဘယ်ဘက်သို့ ခြေလှမ်းဝက်လှမ်းကာ ဆတ်ခနဲ တိမ်းစောင်းသည်။

ကိုယ်အစောင်းတွင် ညာလက်ကို ဆန့်ထုတ်ကာ ခုန်ယော၏ဘယ်ပခုံးကို ညာလက်ချောင်းများဖြင့် ကုတ်ဆွဲသည်။

ခုန်ယောသည် ညာလက်ကောက်ဝတ်ကို သေသပ်စွာ လှုပ်ရှားကစားလိုက်ရာ ရှေ့သို့ ဦးတည်နေသော ဓားရှည်သည် ရုတ်တရက် နောက်သို့ ပြန်စိုက်လာသည်။

ကမ်းစပ်ကျောက်ဆောင်ကို ဒီလှိုင်းရိုက်ပုတ်မိကာ နောက်သို့ အရှိန်ဖြင့် ပြန်ကန်သွားသည့်သဘောမျိုး။

ဓားသွားက ခိစိန်၏ညာလက်ဖျံသို့ ဖြတ်၍ ဝင်သည်။

ခိစိန်၏ ညာလက် ရုတ်ခြည်းပင် ပြန်ဆုတ်သွားသည်။



ညာလက်ကိုအရုပ်တွင် ဘယ်လက်ချောင်းများဖြင့် ခုန်ယော၏ဝမ်းဗိုက်ကို ကုတ်ဆွဲပြန်သည်။

လက်အနုတ်အသိမ်း အဆန့်အတိုက် မြန်လှသည်။

အကုတ်အဆွဲကလည်း ရက်စက်ကြမ်းတမ်းသည်။၏

ခုန်ယော ထိတ်ခနဲဖြစ်ကာ ကမန်းကတန်းပင် ကိုယ်ကို စောင်း၍ရှောင်သည်။

"ဗြဲ"

စုတ်ပြဲသွားသံနှင့်အတူ သိုင်းပရိသတ်တို့၏ 'ဟယ်'ခနဲ 'ဟာ' ခနဲ ရေရွတ်လိုက်သံတို့ ပေါ်ထွက်သည်။

ခုန်ယောတစ်ယောက် ခိစိန်၏ အကုတ်အဆွဲခံလိုက်ရလေပြီဟု ထင်သူတွေက ထင်ကုန်ကြသည်။

ခိစိန်၏လက်ချောင်းများက ခုန်ယော ဝတ်ထားသော အင်္ကျီရင်ဘတ်ကို စုတ်ပြတ်သွားစေခြင်းသာ ဖြစ်သည်။

အသားကို မထိမိပါ။

သို့သော် ကုတ်ဆွဲမှုအား အရှိန်ပြင်းသောကြောင့် ခုန်ယော၏အသားများ စပ်ဖျဉ်းဖျဉ်းတော့ ဖြစ်လာသည်။

ခုန်ယော အတော်လန့်သွားသည်။

ဓားရှည်ဖြင့် စိုက်ကာ သိမ်း၍ ခုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတတ်မြောက်ထားသော သိုင်းပညာများထဲမှ အဆင့်အမြင့်ဆုံး သိုင်းကွက်ကို ထုတ်သုံးသည်။

ခိစိန်သည် ခုန်ယောဏ်ဓားကွက် ဦးတည်လမ်းကြောင်းများကို ကြိုသိနေသလို အလွယ်ပင် လွတ်အောင်ရှောင်သည်။

ထို့ပြင် ခုန်ယောသုံးသော ဓားကွက်၏ဟာကွက်နေရာလေးကိုလည်း အပိုင်အသုံးချကာ တိုးဝင်လာပြီး ဘယ်ညာလက်နှစ်ဖက်ပြိုင်တူ လှုပ်ရှားတိုက်ခိုက်သည်။

ဘယ်လက်က ခုန်ယော၏ညာလက်မောင်းကို ကုတ်ဆွဲမိသည်။

ညာလက်မောင်းတွင် ဓားမြှောင်များဖြင့် ထိုးခွဲပစ်လိုက်သလို ဒဏ်ရာ အစင်းကြောင်းသုံးခု ဖြစ်ပေါ်သည်။

ညာလက်မောင်း ဒဏ်ရာရမှုသည် ညာလက်၏အားကို သိသာစွာ ယုတ်လျော့သွားစေရာ ညာလက်ဖြင့် ကိုင်၍ တိုက်ခိုက်သော ဓားချက်တို့သည်လည်း ဘာမျှ အသုံးမကျတော့။

ခုန်ယော၏သိုင်းကွက်အား အဟုန်ပျက်ပြား ပြိုကွဲသွားချိန်မှာပင် ခိစိန်၏ ညာလက်ချောင်းများက ငယ်ထိပ်ကို မိုးတိုက်မိပြန်သည်။

ပွဲပြီးသွားပြီ။



မိုးနတ်နဂါး ထောက်ကျန်းဖန်၏ လက်ရုံးတပည့်ကြီး ခုန်ယောသည် သိုင်းကွက်သုံးကွက်ပြည့်အောင်ပင် မတိုက်ခိုက်နိုင်ဘဲ မရှုမလှ အရေးနိမ့်သွားရလေတော့သည်။

ခုန်ယော၏သိုင်းဟန်လှုပ်ရှားမှုများကို သိသလိုလို ချန်မိုအောင် ထင်မိသည်။

သို့သော် ...

ယှဉ်ပြိုင်တိုက်ခိုက်မှုသည် အချိန်တိုအတွင်း ပြီးဆုံးသွားခဲ့ရာ ချန်မိုအောင်အနေဖြင့် သေသေချာချာ အကဲခတ် မကြည့်နိုင်တော့ပေ။

စိတ်ထဲတွင်တော့ ဇဝေဇဝါ ဖြစ်နေရသည်။

✱

ပထမအဆင့် ပြိုင်ပွဲ၏ ပွဲစဉ်အမှတ် (၂) တွင် ယှဉ်ပြိုင်ရန် ပင်လယ်သိုင်းသမားများအဖွဲ့ဘက်မှ ဟောက်လုကျယ် ထွက်လာသည်။

အနီရောင်သိုင်းသမားအဖွဲ့မှ ထောက်ကျန်းဖန်ယှဉ်ပြိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့သည်။

အမှန်စင်စစ် ဒီပွဲတွင် ထောက်ကျန်းဖန်ကိုယ်တိုင် ထွက်ကာ ယှဉ်ပြိုင်ရန် မဟုတ်ပေ။

မိုးနတ်နဂါးဂေဟာတွင် မိမိပြီးလျှင် သိုင်းပညာ အစွမ်းထက်ဆုံးဖြစ်သော ခုန်ယောအနေဖြင့် အောင်ပွဲရယူနိုင်လိမ့်မည်ဟု ထောက်ကျန်းဖန်က တွက်ထားခဲ့သည်။

ပွဲစဉ် (၂) တွင် ခုန်ယောနှင့် သိုင်းပညာ မတိမ်းမယိမ်းရှိသူ သိုင်းသမားကြီးတစ်ယောက်ကို ယှဉ်ပြိုင်ရန် လျာထားသည်။

ပွဲစဉ်အမှတ် (၂) တွင်လည်း အနိုင်ယူနိုင်မည်ဟု မျှော်လင့်ထားခဲ့သည်။

ပွဲစဉ်အမှတ် (၂) တွင် ခြေချော် လက်ချော် ရှုံးနိမ့်ကာ နောက်ဆုံးအဆင့် ယှဉ်ပြိုင်မှုလုပ်သောအခါတွင်မှ ထောက်ကျန်းဖန်ကိုယ်တိုင်ထွက်၍ ယှဉ်ပြိုင်ဖို့ ဖြစ်သည်။

ယခု ပွဲစဉ်အမှတ် (၁) တွင်ပင် အနီရောင်သိုင်းသမားများဘက်မှ အရေးနိမ့်သွားခဲ့ရလေရာ ပွဲစဉ်အမှတ် (၂) မှာ အရေးကြီးလာသည့်အတွက် ထောက်ကျန်းဖန် ပါဝင်ယှဉ်ပြိုင်ရလေတော့သည်။

"ထောက်ကျန်းဖန်ရဲ့ သိုင်းကွက်တွေကို သေသေချာချာ



ကြည့်နော်၊ ဦးသိချင်တဲ့ သက်သေအထောက်အထားကို တွေ့ချင်တွေ့ရလိမ့်မယ်"

ဝမ်ဝင်းအေးက ချန်မိုအောင်ကို တီးတိုးပြောသည်။

ဒီပြိုင်ပွဲတွင်တော့ ထောက်ကျန်းဖန်ရော ဟောက်လုကျယ်ပါ ဓားရှည်များ ကိုင်စွဲကြသည်။

ထောက်ကျန်းဖန်သည် စစချင်း တိုက်စစ်မဆင်။

ဟောက်လုကျယ်၏သိုင်းကွက်သိုင်းဟန်များကို အကဲခတ်သည့်အနေဖြင့် ခံစစ်ကိုသာ ပြုလျက်နေသည်။

ချန်မိုအောင်သည် ထောက်ကျန်းဖန်၏လှုပ်ရှားမှုများကို တစ်ကွက်မကျန်ရအောင် သေသေချာချာ စူးစိုက်ကြည့်နေသည်။

သိုင်းကွက်သုံးကွက်က ရင်ဆိုင်တိုက်ခိုက်ပြီးချိန်တွင် ထောက်ကျန်းဖန်သည် ခံစစ်ပြုနေရာမှ တစ်ချက်တစ်ချက်တွင် တန်ပြန် တိုက်ကွက်များ ဆင်လာသည်။

ဟောက်လုကျယ်က ထောက်ကျန်းဖန် ဟန်ပြတိုက်ကွက်များကို မိမိရရ ပိတ်ဆို့ရှောင်တိမ်း နေနိုင်သည်ကိုလည်း ထူးခြားစွာ တွေ့ရသည်။

ထောက်ကျန်းဖန်သည် ခံစစ်နှင့် တန်ပြန်တိုက်ကွက်တို့ကို လျင်မြန်စွာ အပြောင်းအလဲပြု လှုပ်ရှားသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလဲများသည် အကွက်စိပ်သည်။

ခံစစ်က တန်ပြန်တိုက်ကွက်ကို အားဖြည့်ထောက်ကူသလို တန်ပြန်တိုက်ကွက်က ခံစစ်အသွင် ဖြစ်ချင်ဖြစ်သွားသည်။

ခံစစ်ပြုမှုနှင့် တန်ပြန်တိုက်ကွက်ဆင်မှုတို့တွင် အားအင်ဗဟိုပြုရာသည့် တစ်ခုတည်း ရှိနေသည်ကိုလည်း ချန်မိုအောင် သတိပြုမိသည်။

ပင်လယ်ရေဝဲကြီးတစ်ခုတွင် အင်အားဗဟိုချက်တစ်ခုတည်း ရှိနေသည့် သဘောမျိုးဖြစ်သည်။

သိုင်းကွက်ဆယ်ကွက်တွင်မူ ဟောက်လုကျယ်၏တိုက်ကွက် တိုက်ချက်တွေက ပြင်းထန်လာသည်။

ထောက်ကျန်းဖန်မှာ တန်ပြန်တိုက်ကွက် သိပ်မဆင်နိုင်တော့။

ခုခံကွက်များသာ ပြုနေရသည်။

ထို့ပြင် နောက်သို့လည်း တစ်လှမ်းပြီးတစ်လှမ်း ဆုတ်ပေးနေရပြန်သည်။

ဟောက်လုကျယ်ကလည်း အတင်းဖိ၍ တိုက်သည်။

ထောက်ကျန်းဖန် နောက်သို့ဆုတ်နေမှုကိုကြည့်ရင်း ချန်မိုအောင်၏စိတ်ထဲတွင် သိုင်းကွက်တစ်ခုကို သွားသတိရသည်။



"သူ့ခြေလှမ်း ငါးလှမ်းဆုတ်ပြီးရင် အပြတ်တိုက်ကွက် ဆင်လိမ့်မယ်"

ချန်မိုအောင်သည် စိတ်ထဲမှ တီးတိုးရေရွတ်ကာ ခန့်မှန်းချက်ပင် ပြုမိသည်။

ထိုခန့်မှန်းချက် မှန်သည်။

ဟောက်လုကျယ် အတင်းဖိတိုက်သည်ကို ခြေလှမ်းငါးလှမ်းတိတိ နောက်ဆုတ် ရှောင်တိမ်းပြီးသည်နှင့် ထောက်ကျန်းဖန်သည် ရုတ်တရက် တန်ပြန်တိုက်ကွက် ခံဆင်သည်။

ကျောက်ဆောင် ကျောက်ဆွယ်များအကြားမှ မုန်တိုင်းသည့် အားအဟုန်ပြင်းစွာ တိုးဝင်တိုက်ခိုက်သလို ထောက်ကျန်းဖန်၏ဓားရှည်သည် ဟောက်လုကျယ်၏ဓားချက်များအကြားမှ အလွန်မြန်ဆန်စွာ အလွန်အားပြင်းစွာ ရုတ်တရက်တိုးဝင်သည်။

ဓားရောင်များ လင်းလက်သည်။

ထို့နောက် ဆန်းပြားသော လှုပ်ရှားမှုဖြစ်ရပ်များသည် တိုတောင်းလှသော အချိန်ပိုင်းလေးအတွင်း ဆက်တိုက်ပေါ်ပေါက်လာသည်။

ပထမဦးစွာ စပ်ဟူသောအသံကို ကြားကြရသည်။

ထို့နောက် ထောက်ကျန်းဖန်၏ဓားရှည် လေထဲမြောက်

www.burmeseclassic.com

www.burmeseclassic.com



တက်သွားသည်ကို မြင်ကြရသည်။

တစ်ဆက်တည်းမှာပင် ထောက်ကျန်းဖန်သည် မြေပြင်တွင် လေးငါးပတ် လူးလှိမ့်ထွက်သွားသည်ကို တွေ့ရသည်။

တရကြမ်းခုတ်ပိုင်းနေသော ဟောက်လုကျယ်၏ဓားချက်တို့အကြားမှ အလွတ်ရှောင်ထွက်သွားနိုင်သည်။

လှိမ့်ရှောင်ထွက်သွားသော ထောက်ကျန်းဖန် ဆတ်ခနဲပြန်ရပ်သည်။

လေထဲမြောက်တက်သွားရာမှ အောက်ပြန်ကျလာသောဓားရှည်ကို ညာလက်ဖြင့် သေသပ်လှပစွာ ဆီး၍ ဖမ်းသည်။

ဟောက်လုကျယ်မှာတော့ တောင့်တောင့်ကြီးငြိမ်ရပ်နေသည်။

ပြီးတော့ ယိမ်းယိုင်ကာ ဗိုင်းခနဲလဲကျသည်။

သိုင်းပရိသတ်တို့က တခဲနက် အော်ဟစ်အားပေးသံကဟိန်း၍ထွက်လာသည်။

"ကေရီမျက်စောင်းသိုင်းကွက်"

ချန်မိုအောင်၏နှုတ်ဖျားမှလည်း လွှတ်ခနဲ ရေရွတ်သံထွက်သည်။

ထိုရေရွတ်သံသည် သိုင်းပရိသတ်တို့၏ အော်ဟစ်အားပေး



သံများအကြားတွင် မြုပ်၍သွားသည်။

သို့သော် ... ချန်မိုအောင်အနားတွင် ရှိနေသော ဝမ်ဝင်းအေးကတော့ ကောင်းကောင်းကြီး ကြားလိုက်ရပါသည်။

*

နောက်ဆုံးအဆင့် ယှဉ်ပြိုင်ပွဲတွင် ထောင်ကျန်းဖန်နှင့် သင်းကွဲမျောက် ဟော်စွန်ဘီတို့ ယှဉ်ပြိုင်ကြမည်။

ပထမအဆင့်ပြိုင်ပွဲ ပွဲစဉ်အမှတ် (၂) တွင် ပါဝင်ခဲ့သောထောက်ကျန်းဖန်အနေဖြင့် ဆက်တိုက် တိုက်ခိုက်မှုမျိုးမဖြစ်စေရန်အတွက် ဒိုင်လူကြီးလုပ်သူက ထောက်ကျန်းဖန်အား ခေတ္တအနားယူခွင့်ပေးသည်။

သိုင်းပညာ ပြိုင်ပွဲကိုလည်း ခဏရပ်နားလိုက်သည်။

ထောက်ကျန်းဖန် အနားယူနေရာသို့ ချန်မိုအောင် သွားရောက်တွေ့ဆုံသည်။

ဝမ်ဝင်းအေးလည်း အတူပါလာခဲ့သော်လည်း အခန်းထဲသို့မဝင်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်တွင် စောင့်နေခဲ့သည်။

အခန်းထဲတွင် ထောက်ကျန်းဖန်တစ်ယောက်တည်း ရှိနေသည်။

အနားယူနေရာသို့ ရှောရှောရှူရှူပင် ဝင်လာခွင့်ပြုခဲ့သည်။

"ရောက်လာပြီကိုး၊ ဘာပြောစရာရှိလို့လဲ"

ထောက်ကျန်းဖန်က ဆီး၍မေးသည်။

သူ့ကိုကြည့်ရသည်မှာ ချန်မိုအောင်ရောက်လာမည်ကို မျှော်လင့်ထားပုံရသည်။

ချန်မိုအောင်က ဘာမျှမပြောသေးဘဲ မျက်မမြင် အမျိုးသမီးကြီး၏ အလောင်းအနားမှ ရလာသော ဓားရှည်ကိုထုတ်ကာ ထောက်ကျန်းဖန်၏ဘေးတွင် အသာချပြလိုက်၏။

"သူနဲ့ ဘယ်လိုတွေ့ဆုံခဲ့တာလဲ"

ထောင်ကျန်းဖန်က သက်ပြင်းတစ်ချက်ချကာ မေးသည်။

"သူဆိုတာ ဘယ်သူ့ကို ပြောချင်တာလဲ"

"မင်းသိပါတယ်၊ ပြောစရာ လိုသေးလို့လား"

"သူ့ကို ဘာကြောင့်စွန့်ပစ်ခဲ့ရတာလဲ"

"သူ့ကို ကျုပ်က ချစ်လို့ယူခဲ့တာ မဟုတ်ဘူး၊ သူ့အမေရဲ့ နှစ်ပါးဇောဂီသိုင်းပညာကို သင်ချင်လို့ ယူခဲ့တာပါ၊ ဒါပေမဲ့ သူ့အပေါ်



တော့ တတ်နိုင်သမျှ တာဝန်ကျေခဲ့ပါတယ်"

"ဒါဟာ အတော်တစ်ကိုယ်ကောင်းဆန်တဲ့အလုပ်ပဲ"

"ဟုတ်တယ်၊ ကျုပ် တစ်ကိုယ်ကောင်းဆန်ခဲ့တယ်၊ မှားမိခဲ့တယ်"

"နောက်တော့ကော ဘာဆက်ဖြစ်သလဲ"

"နောက်တော့ သူက အမူမင်ကို မွေးတယ်၊ ဦးနှောက်မကောင်းဘဲ ရူးကြောင်ကြောင်ဖြစ်နေတဲ့ အမူမင်ကြောင့် ကျုပ်အတွက် သိက္ခာကျ အရှက်ရစရာဖြစ်မှာစိုးတာကြောင့် သူတို့သားအမိကို စွန့်ခွာခဲ့တယ်၊ နာမည်ကိုလည်း ထောက်ကျန်းဖန်လို့ ပြောင်းပြီး ပြည်မသိုင်းလောကမှာ လှုပ်ရှားခဲ့တယ်"

"ဒါပဲလား"

"အင်း ... ဒါပါပဲ"

"ဒါလောက် မဟုတ်ဘူးထင်တယ်"

ထောက်ကျန်းဖန်မျက်နှာ သိသိသာသာ ပျက်သည်။

"မင်း ... မင်း ဘာကိုဆိုလိုတာလဲ"

"ပင်လယ်ဇောဂီအုန်ယန်းလိနဲ့ အမူမင်တို့ ဘာဖြစ်သွားကြသလဲ"

ထောက်ကျန်းဖန်၏မျက်နှာသည် သွေးဆုတ်သလို ဖြူဖပ်

www.burmeseclassic.com

www.burmeseclassic.com



ဖြူရော် ဖြစ်သွားသည်။

"ကျုပ်အပြစ်တွေကို ဝန်ခံပါတယ်၊ အခုဆိုရင် ကျုပ်ဟာ သေလူဖြစ်နေပါပြီ၊ သေရတော့မယ့် လူတစ်ယောက်အနေနဲ့ နောက်ဆုံး မေတ္တာရပ်ခံချက်တစ်ခု လုပ်ခဲ့ချင်တယ်"

"ဂေဟာရှင်ကြီးက ဘာကြောင့် သေလူဖြစ်နေရတာလဲ"

"သင်းကွဲမျောက် ပေါ်ဆွန်ဘီက မာယုန်ပြောင်းအသွင်ရုပ်ဖျက်အယောင်ဆောင်ပြီး လုပ်ကြံခဲ့လို့ ကျုပ် အဆိပ်သင့်နေတယ်၊ နှစ်ပါးကောရီ သိုင်းပညာစွမ်းနဲ့ အဆိပ်ကို ထိန်းပြီး အားတင်းနေရတာပါ၊ အဆိပ်ဒဏ်ကို ဘယ်လိုမှ ပျောက်အောင်လုပ်လို့ မရနိုင်တော့ဘူး၊ ကျုပ်အသက်က ရက်ပိုင်းလောက်ပဲ ဆက်ရှင်နိုင်တော့မှာပါ၊ သင်းကွဲမျောက်တို့ရဲ့ တိုင်းပြည်သစ္စာဖောက်မှုကို ဖြိုခွဲတိုက်ဖျက်ပြီးရင် ကျုပ်လည်း သေသွားရတော့မှာပါ"

ချန်မိုအောင် အတော်စိတ်ထိခိုက်သွားရသည်။

ထောက်ကျန်းဖန်ဟု အမည်ပြောင်းကာထားသော … ယောက်လုစန်ကို လူဆိုးဟု ခေါ်ရမည်လား။

လူကောင်းဟု သတ်မှတ်ရမည်လား။ မခွဲခြားတတ်တော့ပေ။

မည်သို့ဆိုစေ တိုင်းပြည်အကျိုးအတွက် သေလုဆဲဆဲမှာ



ပင် အားတင်းကာ အစွမ်းကုန် လုပ်ဆောင်သွားတော့မည့်လူတစ်ယောက်၏ နောက်ဆုံး မေတ္တာရပ်ခံချက်ကိုတော့ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရန် ဆုံးဖြတ်သည်။

"ကောင်းပါပြီ၊ ကျွန်တော် တတ်နိုင်သမျှ ဆောင်ရွက်ပေးပါ့မယ်၊ ပြောစရာရှိတာသာ ပြောပါ"

"မိုးနတ်နဂါး ထောက်ကျန်းဖန်အဖြစ်နဲ့ ကျုပ် ဘယ်လိုရုပ်တည်လုပ်ဆောင်ခဲ့တယ်ဆိုတာ မင်းအသိပဲ၊ ကျုပ် သေဆုံးသွားပြီးတဲ့နောက်မှာ မိုးနတ်နဂါး ထောက်ကျန်းဖန်ရဲ့နာမည်ကို မပျက်စေချင်ဘူး၊ မထိခိုက်စေချင်ဘူး၊ အပြစ်တွေကို ယောက်လုစန်အနေနဲ့ပဲ ခံယူပါရစေ"

"ဒါကို ကျွန်တော့် တစ်ယောက်တည်းသဘောနဲ့ ဆုံးဖြတ်လို့ မရဘူးထင်တယ်"

"ကျုပ် နားလည်ပါတယ်၊ မင်းက သက်ဆိုင်ရာတွေကို ပြောပြပေးဖို့ပါ"

"ဟုတ်ကဲ့၊ ကျွန်တော် လုပ်ဆောင်ပေးပါ့မယ်၊ အပြစ်ဝန်ခံချက်ကိုတော့ ရေးပေးထားခဲ့ပါ"

ထောက်ကျန်းဖန်သည် မိမိ ကျူးလွန်ခဲ့သည့် အပြစ်များအတွက် ဝန်ခံချက်ကို တိုတိုတုတ်တုတ် ရေးကာ ယောက်လုစန်ဟု

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ရေးထိုး၍ ချန်မိုအောင်လက်သို့ အပ်သည်။

"ဟော်ဆွန်ဘီတို့က မာယုန်ပြောင်းရဲ့ ကြေးပြားချပ်ကို လှည့်စားရယူသွားကြပြီး ကျုပ်ရဲ့သိုင်းကွက်တွေကို အုပ်စီးအနိုင်ယူနိုင်မယ့် နည်းလမ်းတွေ ရှာဖွေတီထွင်ထားကြတယ်၊ သူ့ကို အနိုင်တိုက်နိုင်ဖို့ကတော့ ကေရီမေတ္တာသိုင်းကွက်ကို သုံးမှဖြစ်မယ်၊ ဒီသိုင်းကွက်ကို ကျုပ် ကောင်းကောင်းမသိသေးလို့ တစ်ခါမှလည်း မသုံးခဲ့ရဖူးသေးဘူး၊ မင်းဆီမှာ နှစ်ပါးကေရီသိုင်းကျမ်းငယ် ရှိမယ်လို့ ကျုပ်ထင်တယ်၊ ခဏလောက် ဖတ်ကြည့်ပါရစေလား"

ချန်မိုအောင်က သိုင်းကျမ်းငယ်ကို ထုတ်ပေးလိုက်သည်။

ထောက်ကျန်းဖန်က ကေရီမေတ္တာသိုင်းကွက်ကို အပြန်ပြန်အလှန်လှန် ဖတ်ရှုသည်။

ကျေနပ်အောင် ဖတ်ရှုလေ့လာမှတ်သားပြီးနောက် ချန်မိုအောင်လက် ပြန်ပေးသည်။

"အရာရာအတွက် မင်းကို ကျေးဇူးတင်ပါတယ်"

"ဂေဟာရှင်ကြီး အောင်နိုင်ပါစေလို့ ဆုတောင်းပါတယ်"

ချန်မိုအောင် အပြင်သို့ ပြန်ထွက်လာခဲ့သည်။

"သူဟာ ယောက်လုစန်ဖြစ်တယ်ဆိုတာ ဝန်ခံလိုက်ပြီလား"

အခန်းအပြင်ဘက်တွင် စောင့်ကျန်နေခဲ့သော ဝမ်ဝင်းအေး



က မေးရာ ချန်မိုအောင် ခေါင်းကို အသာညိတ်လိုက်သည်။

*

နောက်ဆုံးအဆင့် ယှဉ်ပြိုင်မှု စတင်သည်။

ထောက်ကျန်းဖန်ရော ဟော်ဆွန်ဘီရော လက်နက်မကိုင်ကြ။

လက်နက်မဲ့ပင် ယှဉ်ပြိုင်တိုက်ခိုက်ကြသည်။

သင်းကွဲမျောက် ဟော်ဆွန်ဘီသည် အတွင်းအားကို စုစည်းကာ လက်နှစ်ဖက်ကို ခပ်ကွေးကွေးပြုလျက် လက်ချောင်းတို့ကို သိမ်းစွန်လက်သည်းများကို ခပ်ကွေးကွေးကုတ်သွင်းလိုက်သည်။

အရိုးအဆစ်များ တဖျပ်ဖျပ်မြည်သံ ပေါ်ထွက်သည်။

အစွမ်းကုန် အပြင်းအထန် တိုက်ခိုက်တော့မှာ သေချာသည်။

တကယ့် ပွဲကြီးပွဲကောင်း ကြည့်ရတော့မည်မို့ သိုင်းပရိသတ်အပေါင်း ငြိမ်၍နေကြသည်။

ထောက်ကျန်းဖန်၏အသွင်ကတော့ အေးအေးဆေးဆေး

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကွက်နှင်း အသင့်ပြင်ခြင်းပင် မပြု။

လက်နှစ်ဖက်ကို ဘေးချကာ သက်သောင့်သက်သာပင် ရပ်နေ၏။

အကြိတ်အနယ် ယှဉ်ပြိုင်မည့် သိုင်းသမားတစ်ယောက်နှင့် လုံးဝမတူ။

"ဘယ်လိုလဲ ထောက်ကျွန်းဖန်၊ ခင်ဗျား အသင့်မပြင်ဘူးလား"

အေးစက်စက် အသွင်ကြောင့် ဟော်ဆွန်ဘီကပင် မေးလာရသည်။

"ခင်ဗျား တိုက်စရာရှိတာသာ တိုက်ပါ၊ ကျုပ် စောင့်နေတယ်"

ဟော်ဆွန်ဘီ ဘာမျှမပြောတော့။

ကြောက်မက်ဖွယ်ရာ ဟစ်ကြွေးသံကြီးပြုကာ ရှေ့သို့ ခုန်လွှားတက်ကာ လက်ဝါးရိုက်ချက်တစ်ချက် ရိုက်ချသည်။

လေ့ကျင့်တတ်မြောက်ထားသမျှ အတွင်းအားနှင့် သိုင်းစွမ်းရည်များ အပြည့်ထည့်ထားသော လက်ဝါးရိုက်ချက်သည် ပြင်းထန်လှသည်။

လက်ချောင်းများက ရင်ဘတ်ကို ကုတ်ဆွဲမိလှသည့် အချိန်



အထိ ထောက်ကျွန်းဖန်က မလှုပ်မရှား။

ဟော်ဆွန်ဘီမှာ စိတ်ထဲ ထင့်ခနဲဖြစ်ကာ တိုက်ကွက်ကို အမြန်ရုပ်၍ နောက်သို့ ခုန်ဆုတ်သည်။

ထောက်ကျွန်းဖန် မည်သို့သော တိုက်နည်းပရိယာယ်ဆင်မည်ကို ခန့်မှန်း၍မရဘဲ စိတ်ရှုပ်သလိုဖြစ်ရသည်။

"ဒါက ဘယ်လိုဖြစ်ပြီး လန့်ဖျပ်သွားရတာလဲ"

ထောက်ကျွန်းဖန်က ခပ်အေးအေးပြောလိုက်ရာ ဟော်ဆွန်ဘီ ဒေါသထောင်းခနဲထွက်သည်။

မုန်ယိုသော ဆင်ရိုင်းတစ်ကောင်အလား ရှူးရှူးရှားရှား ဖြစ်သည်။

ရှေ့ခြေတစ်လှမ်းတက်ကာ ညာလက်ဝါးနှင့် လှမ်းရိုက်သည်။

လက်ဝါးရိုက်ချက်က ထောက်ကျွန်းဖန်၏ရင်ဝတည့်တည့်သို့ တန်းဝင်လာသည်။

ထောက်ကျွန်းဖန်ကတော့ စောစောကလိုပင် မလှုပ်မရှား ရပ်မြဲရပ်နေသည်။

ဒီလို မလှုပ်မရှားရပ်နေမှုကပင် ဟော်ဆွန်ဘီကို တုန့်ဆုပ် ချောက်ချားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ကွက်ကောင်းရှိ၍ ဖြစ်မည်ဟု တွေးသည်။

ဘယ်လိုများ တုံ့ပြန်လာမည်နည်းဟု ပူပန်သည်။

စိတ်အာရုံတို့ မတည်ငြိမ်တော့။

လက်ဝါးရိုက်ချက်က ရင်ဝတည့်တည့်သို့ ထိလုထိခင်ဖြစ်တော့မှပင် ထောက်ကျန်းဖန် လှုပ်ရှားသည်။

အလွန်ရိုးစင်းလှသော လှုပ်ရှားမှုပင်။

ကိုယ်ကို နောက်ပြန်လှန်ကာ လှဲချသည်။

လဲကျအသွားတွင် ညာခြေထောက်နှင့် ပေါ်ဆွန်ဘီ၏ ပေါင်ကြားသို့ လှမ်းကန်သည်။

ဘယ်ဒူးကွေးကာ ရင်ဝကို ဆီး၍တိုက်သည်။

ကန်ချက်ရော ဒူးတိုက်ချက်ပါ ဦးတည်နေရာကို ကျကျနန ထိသည်။

ပေါ်ဆွန်ဘီ နောက်သို့လန်ကာ လွင့်ထွက်သည်။

ထောက်ကျန်းဖန်လည်း မြေကြီးပေါ် ပက်လက်လန် လဲကျသည်။

လဲကျသွားရာမှ ထောက်ကျန်းဖန် ထရပ်လာသည်။

သင်းကွဲမျောက် ပေါ်ဆွန်ဘီကတော့ ထမလာနိုင်တော့။

✳

BURMESE CLASSIC .com



အရှေ့ပိုင်း နဂါးသိုင်းပြိုင်ပွဲအပြီး ညနေပိုင်းမှာပင် ထောက်ကျန်းဖန်ကို ပြစ်မှုများအတွက် စစ်ဆေးသည်။

သိုင်းပြိုင်ပွဲတွင် ဒိုင်လူကြီးအဖြစ် လာရောက်ဆောင်ရွက်ပေးသော ရှောင်လင်သိုင်းသမားကြီးမှာ သိုင်းလောက ခုံသမာဓိအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပေရာ အမှုစစ်ဆေးခြင်းကို ဦးစီးလုပ်ဆောင်သည်။

အကျဉ်းရုံး စစ်ဆေးခြင်း ဖြစ်သောကြောင့် စစ်ဆေးသူတရားခံနှင့် ပရိသတ်ဟူ၍ ချန်မိုအောင်သာ ရှိသည်။

အခြားမည်သူမျှမရှိ။

အဆိပ်သင့်နေမှု ရှိခဲ့သည့်အပြင် ပေါ်ဆွန်ဘီကို ရင်ဆိုင်အနိုင်တိုက်ရာတွင် အားအင်အကုန်သုံးခဲ့ရမှုကြောင့် ထောက်ကျန်းဖန်မှာ ယှဲ့ယှဲ့လေးသာ ရှိတော့သည်။

ချန်မိုအောင်က ဖေးမ,ပေးထားသည်။

ကျူးလွန်ခဲ့သည်မှာ အပြစ်ကြီးများဖြစ်ကာ သက်သေလည်း ထင်ရှားသောကြောင့် သိုင်းလောက ခုံသမာဓိအဖွဲ့ကိုယ်စားအဖွဲ့ဝင် ရှောင်လင်သိုင်းသမားကြီးက သေဒဏ်စီရင်ချက်ချသည်။

စီရင်ချက်ကို နားထောင်နားခံပြီးနောက် ခဏအကြာမှာပင်

www.burmeseclassic.com

www.burmeseclassic.com



ထောက်ကျန်းဖန် ကွယ်လွန်သွားခဲ့သည်။

ထောက်ကျန်းဖန်၏ အများအကျိုး တိုင်းပြည်အကျိုး အတွက် စွမ်းစွမ်းတမံ သယ်ပိုးလုပ်ဆောင်ခဲ့မှုများနှင့် အမှားကိုသိကာ ရဲရဲရင့်ရင့်စွာ ဝန်ခံခဲ့မှုတို့ကို ထောက်ထားကာ သူ၏နောက်ဆုံးမေတ္တာရပ်ခံချက်ကို ရှောင်လင်သိုင်းသမားကြီးက လိုက်လျောခဲ့သည်။

မိုးနတ်နဂါးထောက်ကျန်းဖန်၏အမည်ကို ထိန်းသိမ်းပေးလိုက်သည်။

BURMESE CLASSIC .com

*

ကိစ္စများ အားလုံးပြီးစီး၍ ချန်မိုအောင်နှင့် ဝမ်ဝင်းအေးတို့လည်း အရှေ့ပိုင်းဒေသမှ ပြန်ခဲ့ကြသည်။

ချောင်ကွန်နုနှင့် အူမင်တို့သားအမိမြေပုံတွင် ဝင်ကန်တော့ကာ ဆုမွန်များ တောင်းကြသည်။

"အပြစ်ကျူးလွန်သူကို ထိုက်သင့်တဲ့ အပြစ်ဒဏ်ကျခံရအောင် စည်းကမ်းနည်းလမ်းတကျ လုပ်ဆောင်တာ အကောင်းဆုံးပါပဲ သမီးရာ၊ အခု သမီး ဟိုက်နိုက်ဒဏ်ခတ်သုတ်သင်ချင်တဲ့လူကြီးလည်း သူ့အပြစ်ကို သူ ခံယူသွားခဲ့ရပါပြီ၊ နောက်နောင်ကိုလည်း ဒီလိုမျိုးပဲ လုပ်ဆောင်မယ်ဆိုရင် သမီးတို့ရဲ့ သရဲအရိပ်ဓားဒေဝီသိုင်းမျိုးဆက်ကို သိုင်းလောကတစ်ခုလုံးက ချီးမွမ်းကြိုဆိုကြမှာပါ"



ချန်မိုအောင်က ဝမ်ဝင်းအေးကို ပြောသည်။

"သမီးတို့က အပြစ်ကျူးလွန်တဲ့အကြောင်းကိုပဲ သိကြတာ၊ သက်သေတွေ ဘာတွေ ရှာဖွေစုံစမ်းတာမျိုး မလုပ်တတ်ဘူး၊ အခုတောင် ဦးက လိုက်ကူညီပေးလို့ဖြစ်တာ"

"နောင်ကိုလည်း သမီးကို ဦးက လိုက်ကူညီပေးမှာပေါ့"

"တကယ်လား ဦး"

"တကယ်ပါ ... သမီးကို ဦးရဲ့ သမီးလေးတစ်ယောက်လို သဘောထားပြီး ကူညီစောင့်ရှောက်ပေးသွားမှာပါ"

"ဝမ်းသာပါတယ် ဦးရယ်"

"ရော့ ... ဟောဒါက ဦးရဲ့ သမီးတစ်ယောက်အဖြစ် အသိအမှတ်ပြုတဲ့ အထိမ်းအမှတ် လက်ဆောင်"

ချန်မိုအောင်က သူရေးဆွဲထားသော ဝမ်ဝင်းအေး၏ပုံတူပန်းချီကားကို ထုတ်ပေးလိုက်သည်။

ဝမ်ဝင်းအေးက ပုံတူပန်းချီကားကို သဘောကျစွာ ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားတွင် ရေးထားသော ကဗျာလေးကိုလည်း နှစ်သက်စွာ ဖတ်သည်။

"လန်းဆန်းနုပျို၊ အပြုံးချိုနှင့်၊
ညိုညိုလတ်လတ်၊ သွက်လက်ဖျတ်သည်။
နုဖပ်ယဉ်ကျေး၊ ဝမ်ဝင်းအေး"

တက္ကသိုလ်ဝင်းကြွယ်

BURMESE CLASSIC .com

www.burmeseclassic.com